www.burmeseclassic.com

ဝင်း
နန္ဒာသိန်းဇံ

# ကြာ



www.burmeseclassic.com

www.burmeseclassic.com

# ကြာ

နန္ဒာသိန်းဇံ

လှိုင်းသစ်စာပေ
အမှတ် ၃၈၊ ဘိုကလေးဈေးလမ်း၊
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| ပထမအကြိမ် ပုံနှိပ်ခြင်း | ဧပြီလ၊ ၁၉၉၂ |
| အုပ်ရေ | ၂၀၀၀ |
| မျက်နှာဖုံး ပန်းချီ | ပေါ်ဦးသက် |
| ရောင်းဈေး | ၈၀ ကျပ် |
| စာမူခွင့်ပြုချက် အမှတ် | ၄၁၄/၉၁ (၁၀) |
| မျက်နှာဖုံး ခွင့်ပြုချက် အမှတ် | ၁၁၀/၉၁ (၁၁) |

| | |
|---|---|
| ထုတ်ဝေသူ | ဒေါ်ဟန်တင် (၀၁၈၄၆)<br>လှိုင်းသစ်စာပေ၊ ၃၈/၇၊<br>ဘိုကလေးဈေးလမ်း၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဒေါ်ခင်စန်းစန်း (၁၃၅၈၀)<br>အောင်ကျော်ဖြိုး ပုံနှိပ်တိုက်<br>၁၉/၂ ပန်းလှိုင်လမ်း၊ ပန်းလှိုင်ရပ်ကွက်<br>ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။ |
| အဖုံးပုံနှိပ်သူ | ဦးကျော်စိန်<br>ကျောက်စိမ်း ပုံနှိပ်တိုက်၊ အမှတ် ၁၇၁၊<br>၃၃ လမ်း၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရာ ဌာန | လှိုင်းသစ်စာပေ<br>အမှတ် ၃၈၊ ဘိုကလေးဈေးလမ်း၊<br>ရန်ကုန်မြို့။ |




နံနက်စောစောတွင် ပွင့်သော အနံ့ကောင်းသော အနံ့မပြယ်သော ကောကနာဒ မည်သော ပဒုမ္မာကြာပန်းကဲ့သို့ လည်းကောင်း၊ ကောင်းကင်၌ အမိုက်မှောင်ကို ပယ်ဖျောက်လျက် ထွန်းလင်းတောက်ပသော နေမင်းကဲ့သို့ လည်းကောင်း၊ တင့်တယ်တော်မူသော ကိုယ်တော်မှ ထွက်သော ရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ပါလော့။

ပဥ္စရာဇသုတ် - ကောသလသံယုတ်

www.burmeseclassic.com

www.burmeseclassic.com

## မျက်နှာဖုံး ပန်းချီ

ကြာတို့သည် ညွန့်ပျောင်း၌ ပေါက်ဖွားရ၍ ရေထုကို ဖြတ်ကာ လေတွင် ပွင့်ကြကုန်၏။ ပညာရှိသူတော်ကောင်းတို့သည်လည်း ကိလေသာ ညွန့်ပျောင်း၌ ပေါက်ဖွားကြစေကာမူ ဝီရိယဉာဏ်ဖြင့် အဝိဇ္ဇာမှောင်ထုကို ဖြတ်ကာ နိဗ္ဗာန်ကို မျက်မှောက် ပြုကြကုန်၏

အထက်ပါ သဘောကို အမှီပြု၍ မျက်နှာဖုံးကို ရေးဆွဲလိုက်ပါသည်။

ပေါ်ဦးသက်
၃၀-၆-၉၁

www.burmeseclassic.com

www.burmeseclassic.com

## အမှာ

ဤစာအုပ်၌ စုစည်းထားသော နန္ဒာသိန်းဇံ၏ ကြာနှင့် ပတ်သက်သော အကြောင်းအရာ များတွင် နိဒါန်းပိုင်းနှင့် အပိုင်း (၁)၊ အပိုင်း (၂) တို့သည် ရေးသားသော အချိန်ကာလအားဖြင့် ခြားနားကြသော်လည်း အကြောင်းအရာအားဖြင့် ဆက်စပ်လျက်ရှိသည်ဟု ယူဆနိုင်ပါသည်။ ယင်းတို့ကို ယခုကဲ့သို့ စုစည်းရိုက်နှိပ်ခွင့်ပေးသော ဆရာ နန္ဒာသိန်းဇံနှင့် စာအုပ်မျက်နှာဖုံး ဒီဇိုင်း ရေးဆွဲပေးသော မန်းချို အနုပညာရှင် ဆရာ ပေါ်ဦးသက်တို့အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

ထုတ်ဝေသူ

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ

| အမှတ်စဉ် | | တမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | |
| | (က) ရေကိုတန်ဆာဆင်သော ကြာလှူလောက ကို တင့်တယ်စေသော ပညာရှိ. . . . | ၁ |
| | (ခ) ဘေးရန်ဟူသမျှသည် လူမိုက်ကြောင့် ဖြစ်ကုန်၏၊ ပညာရှိကြောင့် မဖြစ်ကုန်. . . . | ၂ |
| | (ဂ) ပ ညာ ရှိ ခြင်း ၏ အထိမ်းအမှတ်. . . . | ၃ |
| | (ဃ) အကျင့်သီလ စင်ကြယ်ခြင်း၏ အထိမ်းအမှတ်. . . . | ၃ |

www.burmeseclassic.com

www.burmeseclassic.com



(င) မကောင်းသော ဝန်းကျင်၌ ကောင်းသောသူ အဖြစ် နေနိုင်ခြင်း၏ သင်္ကေတ .... ၄
(စ) မေတ္တာ၏ သင်္ကေတ .... ၅
(ဆ) အားမာန်၏ အထိမ်းအမှတ် ၅
(ဇ) ကြာ ငါးမျိုး .... ၆
(ဈ) အာရိယန် ယဉ်ကျေးမှု နှင့် ကြာ .... ၁၀
(ည) မဂ်ဉာဏ်ဖိုလ်ဉာဏ် ပညာ၏ သင်္ကေတ .... ၁၃
(ဋ) အာ သော က ကျောက်တိုင် ထိပ်၌ ဖွဲ့ စည်း နေ သော သင်္ကေတများ .... ၁၅
(ဌ) ဆန် ချီ ထူပါ တုရိုက် များ ရှိ သင်္ကေတ များ .... ၁၉
(ဍ) ရုပ်တု ရုပ်ပွားတော်များနှင့် ကြာ .... ၂၀
(ဎ) မင်းတို့အတွက် အကျင့်သီလ စင် ကြယ် ခြင်း ၏ အထိမ်းအမှတ် .... ၃၄
(ဏ) အဇန္တာ လိုဏ်ဂူမှကြာများ .... ၃၅



(တ) အပယ်ရောနာလိုဏ်ဂူမှ ကြာများ .... ၄၁
(ထ) အထိမ်း အမှတ် အသစ်၊ အဓိပ္ပာယ် အသစ်ကို ဆောင်လာသော ကြာ .... ၄၈
(ဒ) အထွတ် အထိပ်သို့ ရောက်ခြင်း ၏ နိမိတ် .... ၅၁

၂။ အပိုင်း ( ၁ )

မှားယွင်းသော အတွေးအမြင်တို့နှင့် မရောယှက်ခြင်းကို ညွှန်းဆိုသော သင်္ကေတ

(က) ပွင့်ဖတ် ရှစ်ခု ရှိသော အဝန်းအဝိုင်းပုံ .... ၅၅
(ခ) ပဒုမ္မာ ကြာသည် ရွှံ့ဖြင့်လည်းကောင်း၊ ညွှန် ဖြင့်လည်း ကောင်း မလိမ်း ကျံ သကဲ့သို့ .... ၅၈
(ဂ) ခြောက် ဆယ့် နှစ်ပါး သော အယူဝါဒတို့မှ လွှန်နေသော ဝါဒ.... ၅၈

www.burmeseclassic.com

www.burmeseclassic.com



(ဃ) မြှော်ရှေးဘဝက ပြုခဲ့ဖူးသော အကြောင်းကိုသာ လက်ခံသူ .... ၅၉
(င) အတိတ်ကံကို သာ ယုံသော ဝါဒ ကို ချေပ ခြင်း.... ၆၀
(စ) ပစ္စုပ္ပန် ဆန္ဒ၊ ဉာဏ်၊ ဝီရိယ နှင့် ပတ်ဝန်းကျင်အခြေအနေ များ .... ၆၃
(ဆ) ဣဿရနိမ္မာန ဝါဒ.... ၆၃
(ဇ) ကြမ္မာဝါဒ နှင့် မိက္ခလိ ဂေါသာလ၏ အမြင် .... ၆၇
(ဈ) ညီညွတ်မှု ကြိုတင် ပြင်ဆင် အခြေခံ သဘောတရား.... ၆၈
(ည) လိုက်ဖ်နစ်စ် ၏ မိုနဒ်များ.... ၆၉
(ဋ) ကမ္ဘာလောကကြီး၌ အဘယ် ကြောင့် မကောင်းမှုအနိဋ္ဌာရုံ များ ရှိနေရသနည်း .... ၇၂
(ဌ) အကြောင်းမဲ့ သက်သက် ဖြစ် ပေါ်သည်ဟု ခံယူသောဝါဒ ၇၅
(ဍ) မိမိ ကိုယ်ကို မြဲမြံ တည်တံ့ အောင် ဆောက်တည်ခြင်း ၈၀
(ဎ) ကမ္မဿကတာ သမ္မာဒိဋ္ဌိနှင့် ကြာ .... ၈၃



၃။ အပိုင်း ( ၂ )

ငြိမ်းအေးပြေလွင်ခြင်း၏ အထိမ်းအမှတ်

(က) အဖြစ်အပျက်တိုင်းအမှုအရာ တိုင်းနှင့် တစ်ဖြောင့်တည်း၊ တစ်ညီတည်း မနေနိုင်မှု.... ၈၄
(ခ) သတိပဋ္ဌာန် ကျင့်စဉ်များ.... ၈၅
(ဂ) စိတ်နှင့် ရုပ်တို့ ၏ သဘာဝ အမှန်ကို သိမြင်ပုံ .... ၈၇
(ဃ) နာမရူပ ပရိစ္ဆေဒ ဉာဏ်နှင့် အခြား ဉာဏ် အဆင့်များ.... ၈၇
(င) သင်္ခါရုပေက္ခာဉာဏ်၏ ဂုဏ် (၆) မျိုး.... ၉၅
(စ) ကြာနှင့် ခိုင်းနှိုင်းချက်များ ၉၉
(ဆ) တင့်တယ်စွာဖြင့် နေနိုင်သူ ၁၀၀

ယှဉ်တွဲလေ့လာရန်ကောက်နုတ်ချက်များ
ကိုးကားကျမ်းများ
အက္ခရာစဉ် အညွှန်း

---

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

ကြာသည် ရေကို
တန်ဆာဆင်ခြင်းငှာ ဖြစ်၏။

ရေပြင်ကို ကြာက လှပသွားစေတတ်သည်။ သင်းပျံ့ပျံ့ ပန်းရနံ့ဖြင့် ရေပေါ်ဖြန့်မိုးရင်း တင့်တင့်တယ်တယ်ပွင့်နေသော ကြာက ရေကန်ကို ချမ်းမြေ့ ကြည်နူးဖွယ် ဖြစ်အောင် ဖန်တီးနေတတ်သည်။ လွလွဖိတ်ဖိတ် ကြာ၏ အရောင်အသွေးကြောင့်လည်း ရေကန်က ပို၍ နှစ်လိုမြတ်နိုးဖွယ် ဖြစ်နေတတ်လေသည်။

လူ့လောက၌ ဉာဏ်အမြော်အမြင်ရှိသော သူသည် သူ၏ ပတ်ဝန်းကျင်ရှိ လူအများကို ငြိမ်းအေး ချမ်းမြေ့စေတတ်၏။ အကျည်းတန်အရုပ်ဆိုးသည့် လူမှုအနိဋ္ဌာရုံတို့ကို ဖယ်ရှား၍ ဣဋ္ဌာရုံတို့ဖြင့် လှပ တင့်တယ်စေတတ်၏။ ထိုသို့ မိမိဝန်းကျင်ကို ငြိမ်းအေး ချမ်းမြေ့အောင် လှပ တင့်တယ်အောင် ဖန်တီးတတ်သော ပညာရှိသူကို ကြာနှင့် နှိုင်းနှိုင်းတတ်ကြသည်။

"ဘေးရန် ဟူသမျှတို့သည် လူမိုက်ကြောင့် ဖြစ်ကုန်၏။ ပညာရှိ ကြောင့် မဖြစ်ကုန်။ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာသော မငြိမ်းအေးခြင်း မှန်သမျှတို့သည် လူမိုက်ကြောင့် ဖြစ်ကုန်၏။ ပညာရှိကြောင့် မဖြစ်ကုန်။ ပူဆွေးရမှု မှန်သမျှသည် ပညာရှိကြောင့် မဖြစ်ကုန်၊ ဥပမာအားဖြင့် ...... ကျူမိုး အိမ်မှလည်းကောင်း၊ မြက်မိုး အိမ်မှ လည်းကောင်း လွင့်သောမီးသည် လေလုံကုန်သော အတွင်းအပြင် အင်္ဂတေ-လိမ်းကျံအပ်ကုန်သော စေ့စပ်အပ်သော တံခါးဘောင်၊ တံခါးရွက်ရှိကုန်သော၊ လုံသော လေသာပြတင်း ရှိကုန်သော အထွတ်တပ်အပ်ကုန်သော အိမ်ကြီး အိမ်ကောင်းတို့ကိုလည်း လောင်ကျွမ်းသကဲ့သို့ ဤအတူသာလျှင် ဘေးရန် ဟူသမျှတို့သည် လူမိုက်ကြောင့် ဖြစ်ကုန်၏။ ပညာရှိကြောင့် မဖြစ်ကုန်။ ဖြစ်ပေါ်လာသမျှသော မငြိမ်းအေး မငြိမ်သက်မှု အားလုံးတို့သည် လူမိုက်ကြောင့် ဖြစ်ကုန်၏။ ပညာရှိကြောင့် မဖြစ်ကုန်။ ပူဆွေးရမှု၊ စိတ်ဆင်းရဲမှု အားလုံးတို့သည် လူမိုက်ကြောင့် ဖြစ်ပေါ်ကုန်၏။ ပညာရှိကြောင့် မဖြစ်ပေါ်ကုန်" *

ကြာသည် ၎င်း၏ ရှိနေ ဖြစ်နေမှု ကြောင့် ဝန်းကျင်ကို မနှစ်မြို့ဖွယ်ရာများဖြင့် ထိခိုက်စေခြင်း မရှိ။ ပညာရှိသော သူသည်လည်း ၎င်း၏ ရှိနေ ဖြစ်နေမှုကြောင့်

* ဗဟုဓာတုကသုတ် - ၂ အနုပဒဝဂ်၊ ဥပရိပဏ္ဏာသ





၎င်း၏ လူမှုဝန်းကျင်ကို မနှစ်မြို့ဖွယ်ရာ များဖြင့် ထိခိုက်စေခြင်း မရှိ။ ဤသို့ ခိုင်းနှိုင်းရာမှ ကြာသည် ပညာရှိသောသူ (ဝါ) ပညာရှိခြင်း၏ အထိမ်းအမှတ် သင်္ကေတ ဖြစ်လာခဲ့သည်။

ကြာသည် နုန်းညွန်၌ အခြေခံ၍ ရေ၌ ဖြစ်သော်လည်း နုန်းညွန်နှင့်လည်းကောင်း၊ ရေဖြင့်လည်းကောင်း မလိမ်းကျံ မကပ်ငြိဘဲ နေရောင်၌ စင်ကြယ်စွာ ပွင့်သကဲ့သို့ သူတော်ကောင်းသည်လည်း ဤ မကောင်းမှု အညစ်အကြေးတို့ရှိရာ လူ့လောက၌ ဖြစ်လာသော်လည်း ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ ဟူသော အညစ်အကြေးများ၊ မဟုတ်မမှန် ကျင့်ကြံ ပြောဆိုခြင်း အစရှိသော အညစ်အကြေးများနှင့် လိမ်းကျံ ကပ်ညိခြင်း မရှိသူ ဖြစ်သည်။ ရေပေါ်၌ စင်ကြယ်စွာ ပွင့်လာသော ကြာသည် ၎င်း၏ ဝန်းကျင်ကို လှပတင့်တယ်စေခြင်းဖြင့် အကျိုးပြုသကဲ့သို့ သူတော်ကောင်း (ဝါ) အကျင့်သီလ စင်ကြယ်သူသည်လည်း သူ၏ လူမျိုး၊ သူ၏ ဝန်းကျင်ရှိ လူအများကို ကောင်းကျိုးစီးပွားတို့ဖြင့် အကျိုးပြုလိမ့်မည်သာ ဖြစ်သည်။ ဤသို့ ခိုင်းနှိုင်း ပြောဆိုရာမှ ကြာသည် ဖြောင့်မတ် မှန်ကန်သော အကျင့်သီလ ရှိသူ (ဝါ) အကျင့်သီလ စင်ကြယ်ခြင်း၏ အထိမ်းအမှတ် သင်္ကေတလည်း ဖြစ်လာခဲ့သည်။

ကြာသည် ညစ်ထေးသော နုန်းညွန် အစရှိသည့်ဝန်းကျင်၌ ကျရောက်သော်လည်း ထိုပတ်ဝန်းကျင်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါပြောင်းလဲ ညစ်ထေးခြင်းမရှိဘဲ စင်စင်ကြယ်ကြယ် တင့်တင့်တယ်တယ် ပွင့်တတ်သည့် သဘောအတိုင်းသာ စင်စင်ကြယ်ကြယ် ပွင့်သကဲ့သို့ မျိုးရိုးဗီဇကောင်း၊ အကျင့်ကောင်း ရှိသောသူသည် မကောင်းသော ဝန်းကျင်၌ ကျရောက်သော်လည်း ထိုဗီဇကောင်း အကျင့်ကောင်းတို့ကို စွန့်၍ ပတ်ဝန်းကျင်အတိုင်း လိုက်ပါ ညစ်ထေးနိမ့်ကျသွားခြင်း မရှိဘဲ စင်စင်ကြယ်ကြယ် တင့်တင့်တယ်တယ် နေထိုင်ပြုမူ ကျင့်ကြံတတ်သူဖြစ်သည်။ ဤသို့ ခိုင်းနှိုင်းရာမှ ကြာသည် ဗီဇကောင်း အကျင့်ကောင်းခြင်းကို ညွှန်းဆိုသော သင်္ကေတလည်း ဖြစ်လာခဲ့သည်။

နုန်းညွှန်တွင် အခြေခံ၍ ရေ၌ ဖြစ်သော်လည်း နုန်းညွှန်နှင့် ရေတို့ကို ကျော်လွှားကာ နေရောင်၌ ပွင့်သော ကြာသည် နုန်းညွှန်နှင့်လည်းကောင်း၊ ရေနှင့်လည်းကောင်း မလိမ်းကျံ မကပ်ငြိ၊ မညစ်ထေး သကဲ့သို့ လူတို့၏ ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းများသည် တပ်မက် မွတ်သိပ်မှု ဘဏှာ ရာဂ အပေါ် အခြေခံသော်လည်း ယင်းတို့မှ အသိ၊ သတိတို့ဖြင့် လေ့ကျင့် ကျော်လွှားနိုင်သူသည် ထိုသို့ ကျော်လွှားနိုင်မှုကြောင့် တပ်မက်မွတ်သိပ်မှု အစရှိသည့် အညစ်အကြေးတို့ဖြင့် မလိမ်းကျံ မကပ်ငြိသည့် မေတ္တာဖြင့် ပေါင်းသင်း ဆက်ဆံခြင်းတို့ ဖြစ်နိုင်ကြောင်း ခိုင်းနှိုင်း ပြောဆိုရာမှ ကြာသည် မေတ္တာ၏ သင်္ကေတ အဖြစ်သို့လည်း ရောက်လာခဲ့သည်။

မသာယာမနှစ်သက်ဖွယ်သော နုန်းညွှန်တွင်အခြေ





ခံ၍ ရေ၌ ဖြစ်လာသော်လည်း နုန်းညွှန်မှ လည်းကောင်း၊ ရေမှလည်းကောင်း လွန်မြောက်နိုင်မှုကြောင့် နေရောင်တွင် ကြာသည် တင့်တင့်တယ်တယ် ပွင့်နိုင်သကဲ့သို့ မလိုလားဖွယ်သော၊ မနှစ်သက်ဖွယ်သော ဒုက္ခတို့၌ အခြေခံ၍ မကျေနပ် မကြည်သာခြင်းတို့ကြားတွင် လူဖြစ်လာသော်လည်း ကြိုးစားရုန်းကန်နိုင်မှုကြောင့် လူ့လောကတွင် အောင်အောင်မြင်မြင် ပြေပြေလွင်လွင်နှင့် တင့်တယ်စွာ နေနိုင်သူ ဖြစ်လာသည်။ ဤသို့ ခိုင်းနှိုင်းရာမှ ကြာသည် အောင်မြင်ခြင်း၏ သင်္ကေတ၊ အခက်အခဲတို့ကို ကျော်လွှားနိုင်ခြင်း၏ သင်္ကေတလည်း ဖြစ်လာခဲ့သည်။

"....အစွယ်အတက်၊ အရိုးအချွက်ဖြင့်
ထိုးထွက်ပေါ်လွင်၊ ကြာ့တစ်ပင်သည်
ဝန်းကျင်ဘယ်မျှ၊ နှောင့်ယှက်ကြစေ
ဘဝမစွန့်၊ နောက်မတွန့်ဘဲ
ဖွံ့သည့်အဆင်း၊ သင်းသည့် ရနံ့
ခန့်သည့် မျက်နှာ၊ ထပ်တစ်ရာဖြင့်
ချပ်လွှာ ကော့ပျံ့၊ ပွင့်လိုက်ဟန်သည်
အားမာန်အပြည့် ရဲဝံ့ဘိ" *

အထက်ပါကဲ့သို့ ကြာသည် အားမာန်၏ အထိမ်းအမှတ် အစွမ်းသတ္တိ၏ အထိမ်းအမှတ်လည်း ဖြစ်လာခဲ့သည်။ ဤသို့လျှင် ....

* မိုးမြတ်ဆွေ ၊ ရွှံ့အိုင်ထဲမှ ကြာပင်ငယ်၊ အမှတ် ၁၁၀၊ ငွေတာရီ



www.burmeseclassic.com

www.burmeseclassic.com



မြန်မာတို့၏ စာပေ၊ ပန်းချီ၊ ပန်းပု အနုပညာ လက်ရာတို့၌ အဓိပ္ပာယ် အသစ်အသစ်တို့ကို ညွှန်းဆိုနေသော သင်္ကေတ အဖြစ် ကြာ သည် ပုံသဏ္ဌာန်မျိုးစုံ၊ အရောင်အသွေးမျိုးစုံဖြင့် ဖူးပွင့်လျက် ရှိနေလိမ့်မည် သာဖြစ်သည်။

"ဖျံ့မွှမ်း နံ့သာ၊ ငါးမည် ကြာတုံ
ငုံအာစွင့်စွင့်၊ ရေထက်မြင့်၍
လှတင့်မွှပွ၊ ကုမုဒဟု
လွှလွှဖိတ်ဖိတ်၊ ပုဏ္ဍရိတ်နှင့်
ကောင်းစိတ်ရွှင်စွာ၊ ပဒုမ္မာတို့
သန္တာနှင်းပန်း၊ စွေးစွေးစွန်းသား
ရောင်ထွန်းရွှေဝါ၊ နီသည့်ကြာမူ
များစွာ ချပ်ဆင့်၊ လှိုင်ထွေပွင့်၏။
မြနှင့်ယှိုးဆို၊ ပန်းကြာညိုလည်း
နေကို မငံ့၊ ပွင့်လင်းအံ့ဟု
ပျံ့ပျံ့နံ့မျိုး၊ ရေပေါ်မိုး၍" **

အထက်ပါ ကြာပန်းဖွဲ့၌ (၁) ကုမုဒ (ကုမုဒြာ)ကြာ

* အချို့ပညာရှင်တို့က ကုမုဒ (ကုမုဒြာ) ကြာတို့ ပဒုမ္မာ (ပဒုမ) ကြာဗင် ဟု ခေါ်ကြောင်း၊ ပွင့်ချပ် တစ်ရာ ပြည့်သော ကြာကို ပဒုမ္မာဟု ခေါ်၍ ပွင့်ချပ် တစ်ရာမပြည့်သော ကြာကို ပုဏ္ဍရိတ်ကြာဟု ခေါ်ကြောင်း ဖော်ပြကြ၏။

** ရှင်အုန်းညို၊ ဂါထာ ခြောက်ဆယ်ပျို့။



(၂) ပုဏ္ဍရိတ်ကြာ၊ (၃) ပဒုမ္မာ (ပဒုမ) ကြာ၊ (၄) ကြာနီ နှင့် (၅) ကြာညို ဟူသော ကြာငါးမျိုးသည် ဗုဒ္ဓဝင် ပါဠိတော်ကို မှီငြမ်း၍ ဖော်ပြသောကြာများ ဖြစ်သည်ဟု ဆိုသည်။ သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ၌ (၁) ဥပ္ပလ ကြာ၊ (၂) ပဒုမ ကြာ၊ (၃) ကုမုဒ ကြာ၊ (၄) ကလမ ကြာ ဟူ၍ ဖော်ပြထားသည်များလည်း ရှိ၏။ သို့ရာတွင် ထိုကြာတို့၏ အရွယ်အစား ပုံသဏ္ဌာန် အရောင် အသွေးတို့နှင့် ပတ်သက်၍မူ အတိအကျ ဖော်ပြ ထားသည်ကိုမူ မတွေ့ရချေ။ လန်ဒန် ပါဠိစာပေ အသင်းမှ ထုတ်သော ပါဠိ အဘိဓာန်ကျမ်း၌မူ အရောင်အသွေးကို ပါ ဖော်ပြ၍ ကြာနီ၊ ကြာဖြူ၊ ကြာညိုနှင့် ကြာပန်းရောင် ဟု ကြာလေးမျိုးတို့ ဖော်ပြထားသည်။ H.G. Hundley ၏ မြန်မာပြည် ရှိ အပင်များအကြောင်း ဖော်ပြထားသော စာအုပ်၌ ကြာ အမျိုးအစားတို့ကို အရပ်သုံးအနေဖြင့် (၁) ကြာဖြူ၊ (၂) ပဒုမ္မာကြာ၊ (၃) ကြာပြာ၊ (၄) ကြာနီ၊ (၅) ကြာညို၊ (၆) ကြာခေါင်းလောင်း၊ (၇) တောကြာ ဟူ၍ ၇ မျိုးဖော်ပြထားသည်။ *

* H.G. Hundley, B.Sc, (For.) Rgn. and U Chit Ko Ko, "List of Trees, Shurbs, Herbs and Principal Climbers Etc" P. 12.



www.burmeseclassic.com

www.burmeseclassic.com



အာယုဗ္ဗေဒကျမ်းတစ်ချို့၌ ကြာကို အောက်ပါကဲ့သို့ ဖော်ပြထားခြင်းများလည်း ရှိသည်။

၁။ ပဒုမ္မာကြာ - ၎င်းကြာသည် အနည်းငယ် ဖြူ၍နေရောင်ဖြင့် ပွင့်သည်။

၂။ ဥပ္ပလာကြာ - ၎င်း ကြာ ၏ အရောင် မှာ အနည်းငယ် ညိုသည်။

၃။ နီလနကြာ - ၎င်း ကြာ ၏ အရောင်မှာ အနည်းငယ်နီသည်။

၄။ ကုမုဒြာကြာ - ၎င်းကြာသည်လရောင်ဖြင့် ပွင့်သည် (တချို့က ဤကြာ ၏အရောင်မှာ အဝါရောင် ရှိသည်ဟု ဆိုကြသည်။)

၅။ သောဂန္ဓိကကြာ-၎င်းကြာသည် လရောင် ဖြင့်ပင် ပွင့်ပြီး အလွန်မွှေး ကြိုင်သောရနံ့ရှိ၍ အရောင် မှာ အပြာရောင် ဖြစ်သည်။

၆။ ကုဝလယကြာ- ၎င်းကြာသည် အနီရောင် ရှိသောကြာ ဖြစ်သည်။

၇။ ပုဏ္ဍရိတ်ကြာ- ၎င်းကြာသည် အလွန်ဖြူ သော ကြာဖြစ်သည်။

"ပြိတ်သျှကျွန်းစုတွင် ကြာအဝါများရှိ၍ အချို့ဒေသ များတွင် ကြာအပြာများလည်း ရှိသည် ဟု သိရသည်။





တောင်အမေရိကတိုက် အမေဇုံ မြစ်ကမ်းစပ်တွင် ဗစ်တိုး ရီးဂီးယားဟု ခေါ်သော ကြာ အကြီးစားမျိုး ရှိကြောင်း၊ ၎င်းကြာ၏ အရွက်မှာ ၆ ပေမှ ၇ ပေအထိရှိပြီး ထို ကြာရွက်ပေါ်၌ လူတစ်ဦးရပ်နေနိုင်ကြောင်း၊ အပွင့်မှာ အချင်း ၈လက်မမှ ၁၆ လက်မအထိရှိကြောင်း သိရ၏"*

မြန်မာ့စွယ်စုံကျမ်း၌ "ရေကန်၊ အင်းအိုင်များတွင် အတွေ့ရများသော ကြာတို့မှာ ...၊ ကြာဖြူ၊ ကြာနီ နှင့် ကြာညိုများ ဖြစ်သည်။ ကြာဖြူကို ရုက္ခဗေဒ အမည် အားဖြင့် 'နင်ဖီအာအယ်လ်ဗာ' ဟုခေါ်သည်" ဟု ဖော် ပြထားသည်။

လူ့သမိုင်း စောစောပိုင်း ကတည်းက ကြာကို သက် ဆိုင်ရာ အနက် အဓိပ္ပာယ် တမျိုးမျိုးကို ညွှန်းဆိုလိုသော ရည်ရွယ်ချက်ဖြင့် သင်္ကေတပြု၍ အသုံးပြုခဲ့ကြသည်ဟု ဆိုသည်။ အီဂျစ်၌လည်း ရှေးအခါက ကြာကို အနက် အဓိပ္ပာယ် အမျိုးမျိုး ဖြင့် သင်္ကေတပြုခဲ့ကြသည့် အထောက်အထားများကို တွေ့ရသည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ ခန့် (ဘီစီ-၃၀၀၀ ခန့်) က ယခု ပါကစ္စတန်နိုင်ငံရှိ အိန္ဒုမြစ်ဝှမ်းတွင် မိုဟင် ဂျိုဒါရိုမြို့၊ ဟာရပ္ပမြို့များ ထွန်းကားခဲ့သည်။ ထိုမြို့များ တွင် နေထိုင်သူများမှာ ဒြာဗီးဒီးယန်း လူမျိုးများ ဖြစ်

* မြန်မာ့စွယ်စုံကျမ်း အတွဲ (၂)

www.burmeseclassic.com



ကြသည်။ ထိုမြို့တို့ကို တူးဖော်ရာ၌ ထိုမြို့တို့တွင် နေထိုင်သူများသည် ကြာကို အမြတ်တနိုး မန်ဆင် အသုံးပြုခဲ့ကြသည် ဟု ယူဆရသော အထောက်အထားများကို တွေ့ရသည်။ ဦးခေါင်းတွင် ကြာပန်းကို ပန်ထားသော အမျိုးသမီးရုပ်တုများ၊ ကြာပွင့်ပေါ်တွင် ထိုင်နေသော ရုပ်ပုံပါရှိသည့် တံဆိပ်ဝိုင်းများကို တွေ့ရှိရသည်။ ကြာပွင့်ပေါ်တွင် ထိုင်နေသောပုံမှာ "ပဒ္မာသန" ထိုင်ပုံထိုင်နည်းဖြစ်ကြောင်း၊ ထို ထိုင်ပုံထိုင်နည်းကို ထောက်၍ ထိုခေတ်က ဒြာဗီးဒီးယန်း လူမျိုးတို့တွင် ယောဂကျင့်စဉ် သည် အာရိယန်လူမျိုးတို့ အိန္ဒိယ သို့ မဝင်ရောက်မီကပင် ရှိနေနှင့်ပြီး ဖြစ်ကြောင်း သုတေသီများက ကောက်ချက်ချကြသည်။

ကြာနှင့်ပတ်သက်သော အခြားအထောက်အထားများ ကို အိန္ဒိယသို့ ဝင်ရောက်လာသော အာရိယန်တို့၏ နောက်ဆက်တွဲ ဝေဒကျမ်းများ၌လည်း တွေ့ရကြောင်း သုတေသီများက ဖော်ပြကြသည်။ ထိုကျမ်းတို့ အလိုအရ ဤကမ္ဘာလောကကြီး၏ မူလအစသည် ပွင့်ချပ် တစ်ထောင်ရှိသော ကြာပန်း ဖြစ်သည်။ အလင်းရောင်ကိုမှီ၍ ထိုကြာသည် ပွင့်လာသည်။ ထိုကြာမှ ဗြဟ္မာန် (ပရမတ္တမ) ထိုဗြဟ္မာန်မှ ကမ္ဘာကို အစိုးရသော ဗြဟ္မာနှင့် ၎င်း၏ ကြင်ယာတော် သူရဿတီနတ်သမီးသည် ထွက်ပေါ်လာသည်။ ထိုဗြဟ္မာနှင့် ကြင်ဖက်တို့မှ အခြားသက်ရှိ သက်





မဲ့များ ဖြစ်ပေါ်လာရသည်။ ၎င်း ဗြဟ္မာ၏ ကြင်ဖက်သူရဿတီ နတ်သမီးကို ရှေးခေတ် အာရိယန်တို့က သီရိနတ်သမီးဟု ခေါ်ဝေါ်ကြ၍ ထိုနတ်သမီးအား ကျွဲ နွားလယ်ယာ အစရှိသည့် ဥစ္စာပစ္စည်းများကို ပေးဆောင်သူအနေဖြင့် ကိုးကွယ်ကြသည်။

ထိုနတ်သမီးသည် ကျန်းမာခြင်း၊ အသက်ရှည်ခြင်းတို့ကို ပေးနိုင်သူ၊ သားသမီး ကျေးကျွန် စည်းစိမ် ချမ်းသာတို့ကို ပေးဆောင်နိုင်သူ ဖြစ်သည်ဟူသော ဂုဏ်ထူးဝိသေသ အမျိုးမျိုးဖြင့် ကြာပန်းပေါ်၌ မတ်တပ်ရပ်အနေအထားဖြင့် ထုလုပ်ထားတတ်ကြသည်။ ထိုအကြောင်းအရာတို့ အပေါ်တွင် အမှီပြု၍ ကြာသည် အသက်ရှည်ခြင်း၊ ဥစ္စာတိုးတက်ခြင်း၊ သားသမီး အစရှိသည်တို့ တိုးပွားခြင်း၊ ကျော်စောထင်ရှားခြင်း၊ မင်္ဂလာရှိခြင်းတို့၏ သင်္ကေတ အထိမ်းအမှတ် ဖြစ်လာခဲ့သည်။

ဂေါတမ ဗုဒ္ဓ ပွင့်ထွန်းလာသည့် နောက်၌ ကြာသည် မြင့်မြတ် စင်ကြယ်ခြင်းတို့နှင့် ယှဉ်တွဲ၍ ဖော်ပြမှုကို ခံရသောကြောင့် ဗုဒ္ဓဝါဒီတို့ အမြတ်နိုးဆုံးသော ပန်းဖြစ်လာခဲ့ဟန်တူသည်။

"ရေ၌ ပေါက်သော ရေ၌ ကြီးပွားသော ဥပ္ပလကြာသည်လည်းကောင်း၊ ပဒုမ္မာကြာသည်လည်းကောင်း၊ ပုဏ္ဍရိတ်ကြာသည်လည်းကောင်း၊ ရေမှ အထက်သို့ တက်၍ ရေဖြင့် မလိမ်းကျံဘဲ တည်သကဲ့သို့ ထိုအတူသာလျှင် လောက၌ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သူရဿတီ (ခေတ်သစ်လက်ရာ ဆင်စွယ် ပန်းပု)





သော လောက၌ ကြီးပွားသော ငါသည် လောကကို လွှမ်းမိုး၍ (သင်္ခါရလောက) နှင့်လိမ်းကျံ ကပ်ငြိခြင်း မရှိဘဲ နေ၏" *

အထက်ပါ ဗုဒ္ဓ၏ ခိုင်းနှိုင်း တင်စားချက်စကားကို အမှီပြု၍ ကြာ သည် ကိလေသာ စင်ကြယ်သူ (ဝါ) ကိလေသာ စင်ကြယ်ခြင်း၏ သင်္ကေတ ဖြစ်လာခဲ့သည်။

ကြာတို့သည် ရွံ့ညွန်၌ အခြေခံသော်လည်း ရေထုကို ဖောက်ကာ လေပြင်တွင် ပွင့်ကြကုန်၏။ ဗုဒ္ဓသည်လည်း အဝိဇ္ဇာကိုဖောက်၍ ဝိဇ္ဇာဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုတော်မူနိုင်သည်ဟူသော သဘောအနက် အဓိပ္ပာယ်ကို မှီ၍ ကြာကို မဂ်ဖိုလ်ဉာဏ်ပညာ၏ သင်္ကေတအဖြစ်ဖြင့်လည်း အမြတ်တနိုး အသုံးပြုလာခဲ့ကြသည်။

ကြာကို ကမ္ဘာဦးကတည်းက ပေါ်ခဲ့သောပန်းဖြစ်သည်ဟု ယုံကြည်ခဲ့ခြင်းများလည်း ရှိသည်။

"အကြင် ကမ္ဘာ၌ ဘုရား ဖြစ်အံ့။ ကြာပွင့်သည်လည်းဖြစ်၏။တစ်ဆူဖြစ်တော်မူလျှင် ကြာတစ်ပွင့် သက်နိုးတစ်စုံပါသည်" ** ဟုဆိုသည်။

"ငါးဆူရွှေကြာ၊ နိမိတ်လာ၍၊ ငါးဖြာပွင့်လျက်၊ တစ်ပင်နက်ဝယ်၊ ငါးဆက်ဖူးငုံ၊ ပေါ်လတ်တုံက" ဟူသော ရှင်မဟာရဋ္ဌသာရ၏ အရေးအဖွဲ့ အရ ကကုသန်၊

* ဒေါနသုတ်၊ စတုက္ကတ်၊ စတုတ္ထနိပါတ်၊ အင်္ဂုတ္တရနိကာယ်။

** ဇော်ဂျီ၊ ကြာဖူး၊ ကြာပွင့် အပြောက်အမွမ်း၊ ရှုမဝ မဂ္ဂဇင်း ၁၉၅၃ ခု။



www.burmeseclassic.com

www.burmeseclassic.com



ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊အရိမေတ္တယျ ဟူသော ဘုရားငါးဆူပွင့်မည့် ပုဗ္ဗနိမိတ်အနေဖြင့် ဤဘဒ္ဒကမ္ဘာ ဖြစ်တည်လာသောအခါက သက်န်းပရိက္ခရာ အစုံအလင် နှင့်တကွ ကြာငါးပွင့် ပါလာသည်ဟု ဆိုသည်။

မြန်မာနိုင်ငံ၏ "နိုင်ငံတော် သံဃာ့ မဟာနာယက အဖွဲ့" ၏ ရုံးတံဆိပ်၌ ကြာပွင့် လေးပွင့် နှင့် ကြာငုံဖူး တစ်ခုကို တွေ့ရမည်ဖြစ်သည်။ ကြာလေးပွင့်သည် ဤ ဘဒ္ဒကမ္ဘာ၌ ပွင့်ခဲ့ပြီး ဖြစ်သည့် ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ မြတ်စွာဘုရားတို့ကို ညွှန်းဆိုခြင်း ဖြစ်၍ ကြာငုံဖူးမှာ နောင် ပွင့်မည့် အရိမေတ္တယျ မြတ်စွာ ဘုရားကို ညွှန်းသော သင်္ကေတ ဖြစ်သည်။

စောစောပိုင်း ဗုဒ္ဓဘာသာယဉ်ကျေးမှုဆိုင်ရာ ပန်းချီ ပန်းပု အနုပညာ လက်ရာများ၌လည်း ကြာ ကို မကြာ ခဏတွေ့ရသည်။ ဤနေရာ၌ စောစောပိုင်း ဗုဒ္ဓ ယဉ် ကျေးမှု ဆိုင်ရာ အနုပညာလက်ရာများ၏ ထူးခြားချက် တစ်ရပ်ကို ဖော်ပြရန် လိုအပ်ပေလိမ့်မည်။

သုတေသီများ အလိုအရ အေဒီ - ၁ ရာစုခန့်အထိ ဗုဒ္ဓကိုယ်စား ရုပ်တု ရုပ်ပွားများ ထုလုပ်ရေးဆွဲခြင်း မရှိဟု ဆိုသည်။ ဗုဒ္ဓ၏ ဖြစ်တော်စဉ်များကို ဖော်ပြရာ၌ ရုပ်တု ရုပ်ပွားများကို အသုံးမပြုဘဲ သင်္ကေတများဖြင့်သာ ဖော်ပြတတ်ကြသည်။

ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း ၂၅၀ ခန့်က သီရိဓမ္မာ သောကမင်းကြီး (ဘီစီ - ၂၇၂-၂၃၂) လှူဒါန်း





ခဲ့သည့် ထူပါရုံ စေတီများ၊ ကျောက်တိုင်များရှိ အနု ပညာလက်ရာများ၌ ဗုဒ္ဓ၏ ရုပ်တု ရုပ်ပွားများကို မတွေ့ ရချေ။ အမရဝတီ (Amaravati) အရပ်တွင် တွေ့ရသော (အေဒီ-၁ ရာစု ဝန်းကျင်ခန့်က ဟု ယူဆရသည့်) ဗုဒ္ဓ ယဉ်ကျေးမှုဆိုင်ရာ အမရဝတီ အနုပညာ လက်ရာ အချို့ ၌လည်း ဗုဒ္ဓ၏ ရုပ်တု ရုပ်ပွားများကို မတွေ့ရချေ။

ဗုဒ္ဓ ဖြစ်စဉ်တော်များကို သင်္ကေတများဖြင့် ဖော်ပြ သော လက်ရာများအနက် အသောက ကျောက်တိုင် များသည် အထူးပင် ထင်ရှားသည်။ ဆနာရသ် (မိဂဒါ ဝုန်) ရှိ အသောက ကျောက်တိုင် ထိပ်ဖျား၌ ဖွဲ့စည်းနေ သော သင်္ကေတများကိုကြည့်ပါက အထက်ဆုံးတွင် ခြင်္သေ့ ရုပ်(၄) ရုပ်ကို တွေ့ရမည် ဖြစ်သည်။ ထိုခြင်္သေ့ရုပ်များနှင့် ကြာမှောက်ကြားတွင် ဓမ္မစကြာပုံ (၄)ခု၊ ထိုဓမ္မစကြာ တို့အကြားတွင် ဆင်ရုပ် တစ်ခု၊ မြင်းရုပ်တစ်ခု၊ ခြင်္သေ့ရုပ် တစ်ခု၊ နွားရုပ် တစ်ခု ပါသည်ကို တွေ့ရမည် ဖြစ်သည်။


ဆင်ရုပ်သည် ဘုရားအလောင်းတော် ပဋိသန္ဓေ နေ ခြင်းကို ရည်ညွှန်းထားသော သင်္ကေတဖြစ်သည်။ (မယ် တော်မာယာ အိပ်စက်နေခိုက် ဆင်ဖြူတော်တစ်စီး မယ်တော်မာယာ၏ လက်ယာနံတောင်းမှ ဝင်သည်ဟု အိပ်မက်မက်သည်ကို အကြောင်းပြု၍ ဆင်ရုပ်ကို ထုလုပ်၍ အမှတ်သင်္ကေတ ပြုခြင်း ဖြစ်သည်။

မြင်းရုပ်သည် ဖွားဘက်တော် ကဏ္ဍကမြင်းကိုစီး၍ တောထွက်ခြင်းကို ညွှန်းဆိုသော သင်္ကေတဖြစ်၍ ခြင်္သေ့



www.burmeseclassic.com

www.burmeseclassic.com



ဆနာရသ် (မိဂဒါဝုန်) အသောက ကျောက်တိုင် ထိပ်ပိုင်း





ရုပ်မှာမူ ဗောဓိပင်၌ ဘုရားအဖြစ်ကို ရတော်မူခြင်းကို ရည်ညွှန်းသော သင်္ကေတဖြစ်သည်။ ဤခြင်္သေ့ရုပ်သည် ကျောက်တိုင်များထိပ်ဖျားက ခြင်္သေ့ရုပ်များနှင့် သဘောချင်းတူသည်ဟုလည်း ယူဆနိုင်သည်။ ကျောက်တိုင် ထိပ်ဖျားက ခြင်္သေ့ရုပ် ၄ -ရုပ်သည် တိလေသာ ဘေးရန် ဟူသမျှကို အောင်နိုင်တော်မူ၍ ပရိသတ်ပေါင်း၌ ရဲရှင့် တည်ကြည်စွာ ဝင်ရောက်နိုင်ခြင်းရှိသော ဗုဒ္ဓ၏ ဂုဏ် တော်ကို ရည်ညွှန်းခြင်း ဖြစ်သည်ဟု ဖော်ပြခြင်းများလည်း ရှိသည်။ စကြာပုံများမှာမူ မိဂဒါဝုန်တော၌ ပဥ္စဝဂ္ဂီတို့ အား တရားဟောခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ နွား ရုပ်သည် ဗုဒ္ဓ ဘုရားရှင် ပရိနိဗ္ဗာန်စံယူခြင်းကို ညွှန်းဆို သော သင်္ကေတ ဖြစ်သည်။ ဗုဒ္ဓသည် ကဆုန်လပြည့် နေ့၌ ပရိနိဗ္ဗာန်စံတော်မူသည်။ ကဆုန်လကို ပြိဿရာသီ ဟု ခေါ်၍ ပြိဿဟူသည်မှာ နွားလားဥဿဘဟု ဆိုလို သည်။ သို့ဖြစ်၍ ဗုဒ္ဓ ပရိနိဗ္ဗာန်စံခြင်း၏ သင်္ကေတအဖြစ် နွားရုပ်ဖြင့် ဖော်ပြထားခြင်းဖြစ်သည်။

ဆန်ချီထူပါနှင့် အချို့သော အမရဝတီ အနုပညာ လက်ရာများ၌လည်း ဗုဒ္ဓ၏ ဖြစ်စဉ်များကို သင်္ကေတ များဖြင့်သာ ဖော်ပြထားသည်ကို တွေ့ရမည် ဖြစ်သည်။ ဆန်ချီထူပါမုခ်ဝ တုရိုဏ်တိုင်များရှိ အနုပညာလက်ရာ များကို ကြည့်ပါက ဘုရားအလောင်းတော် မွေးဖွားခြင်း ကို ရည်ညွှန်းသော ကြာပုံ၊ ဘုရားအဖြစ် ရောက်တော် မူခြင်းကို ညွှန်းဆိုသော ဗောဓိပင်ပုံ၊ တရားဦး



www.burmeseclassic.com

www.burmeseclassic.com



ဆန်ချီထူပါ




ဟောခြင်းကို ရည်ညွှန်းသော ဓမ္မစကြာပုံ၊ ဗုဒ္ဓ ပရိနိဗ္ဗာန်စံခြင်းကို ညွှန်းဆိုသော ထူပါရုံစေတီပုံတို့ကိုသာ တွေ့ရမည် ဖြစ်၍ ဗုဒ္ဓ၏ ဆင်းတု ရုပ်တုများကို မတွေ့ရချေ။ ဘုရားအလောင်း တောထွက်ခန်း၌လည်း ကဏ္ဍကမြင်း ပုံကိုသာ ဖော်ပြထားသည်။ ဘုရားအလောင်းတော်၏ ပုံကိုမူ ထုလုပ်မထားချေ။ ဗောဓိပင်နှင့်ရွှေပလ္လင်ကို အောင်တော်မူခန်း၌လည်း ဗုဒ္ဓ ဘုရားရှင်၏ ပုံကို မတွေ့ရဘဲ ဗောဓိပင်ပုံ၊ ပလ္လင်ပုံ၊ စတုမဟာရာဇ် နတ်မင်းကြီး လေးပါး ၏ပုံတို့ကိုသာ တွေ့ရသည်။ တရားဦး ဓမ္မစကြာကို ဟောရာ၌လည်း ဗုဒ္ဓ၏ ရုပ်တုကို မတွေ့ရဘဲ စကြာပုံနှင့် ပလ္လင်ကိုသာ တွေ့ရသည်။

အမရာဝတီအရပ်တွင် တွေ့ရသော စောစောပိုင်း ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ လက်ရာ အချို့တွင် ဗုဒ္ဓ ဖြစ်တော်စဉ်များကို ဖော်ပြရာ၌ ပို၍ ကျစ်လျစ်သိပ်သည်းသော သင်္ကေတများကိုသာ အသုံးပြုထားသည်ဟု ဆိုနိုင်သည်။ ဘုရားရှင်အား ပူဇော်မှုပြုရာ အခန်း၌လည်း ဘုရားရှင်၏ ရုပ်တု ဆင်းတုကိုမဖော်ပြဘဲ ဘုရားရှင် ထိုင်သောနေရာ အခင်းအကျင်းကိုလည်းကောင်း၊ ခြေတော်ရာကို လည်းကောင်း ဖော်ပြခြင်းကိုသာ တွေ့ရသည်။ တာဝတိံသာ နတ်ပြည်မှ ဘုရားရှင် ဆင်းကြွလာသော အခန်းတွင် စောင်းတန်းသုံးသွယ်ကို ဖော်ပြသော်လည်း ဗုဒ္ဓဘုရားရှင်၏ ပုံကို မဖော်ပြချေ။ ရာဟုလာ အမွေတောင်းခန်းတွင် ဗုဒ္ဓ၏ ရုပ်တုဆင်းတုကို မတွေ့ရဘဲ ထိုင်ခုံကိုသာ



www.burmeseclassic.com

www.burmeseclassic.com



တောထွက်ခန်း (ဆန်ချီတုရိုက်)



ဗောဓိပင်အား သတ္တဝါတို့ ဖူးမြော်ခြင်း (ဆန်ချီ)




တွေ့ရ၏။ ဗုဒ္ဓ၏ ပရိနိဗ္ဗာန်စံခန်းတွင်လည်း ဗုဒ္ဓ၏ ပုံကို ထုလုပ်မထားဘဲ နွားဦးချိုပုံကိုသာ ပရိနိဗ္ဗာန်ပြုခြင်း၏ သင်္ကေတအဖြစ် ထုလုပ်ထား၏။ (နွားလားဥသဘပုံ သည် ပြိဿရာသီ ကဆုန်လ၌ ပရိနိဗ္ဗာန်ပြုခြင်းကို အသောက ကျောက်တိုင်ထိပ်ပိုင်း၌ ဖော်ပြခဲ့ပြီးဖြစ်သည်။ ဤအမရဝတီ လက်ရာ၌ နွားပုံကို အပြည့်အဝ မဖော်ပြ တော့ဘဲ ပို၍ ကျစ်လျစ်သော သင်္ကေတအဖြစ် နွားချို ကိုသာ ဖော်ပြထားသည်ကို သတိပြုရပေမည်။)

အထက်ပါကဲ့သို့ ဗုဒ္ဓ၏ ဖြစ်တော်စဉ်များကို သင်္ကေ တများဖြင့် ဖော်ပြခြင်းကို နှစ်သက်သူများ ရှိသကဲ့သို့ မနှစ်သက်သူများလည်းရှိပေလိမ့်မည်။ သမိုင်းအထောက် အထားများအရ အသောကမင်း၏ နောက်တစ်ခေတ်၌ ဗုဒ္ဓဘာသာဂိုဏ်း ၁၈ ဂိုဏ်းမျှ ကွဲပြားသွားသည်ဟု ဆို၏။ ထိုဂိုဏ်းတို့အနက် ဗုဒ္ဓ ရုပ်တု ထုလုပ်ကိုးကွယ်ခြင်းကို မလိုလား မနှစ်သက်သော ဂိုဏ်းများရှိခဲ့သည်ဟု သိရ သည်။ မြန်မာပြည် ပိဿနိုးဒေသတွင်လည်း ဗုဒ္ဓ၏ ရုပ်တု ဆင်းတုများ ထုလုပ်ထားခြင်း အထောက်အထား ကို မတွေ့ရချေ။ သို့ဖြစ်၍ ပိဿနိုး၏ ဗုဒ္ဓသာသနာ၌ အထက်ပါ ရုပ်တုကိုးကွယ်ခြင်းကို မလိုလားသော ဂိုဏ်း များ၏ အယူအဆများ လွှမ်းမိုးမှု ရှိကောင်း ရှိပေလိမ့် မည်။ ရုပ်တုများ ထုလုပ်ကိုးကွယ်လာသည့် သရေခေတ္တ ရာ၌ပင် ဗုဒ္ဓ၏ ဖြစ်စဉ်များကို သင်္ကေတဖြင့် ဖော်ပြခြင်း များ ရှိနေသေးသည်ဟု ဆိုနိုင်မည်။ အဘယ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဆန်ချီထူပါ၏ အရှေ့ဘက် တုရိုဏ်တိုင်

ဆိုသော် ယခု အမျိုးသားပြတိုက်၌ရှိသော သရေခေတ္တ ရာ မှော်ဇာ ညောင်ပင်နီကုန်းမှ ရရှိသော အင်္ဂတေချပ်တွင် ဗုဒ္ဓ၏ ရုပ်တုနှင့်တွဲ၍ တရားဦးဟောခြင်း၏ သင်္ကေတအဖြစ် သမင်နှစ်ကောင်နှင့် ထိုသမင်နှစ်ကောင်တို့၏ ကြားတွင် ဓမ္မစကြာပုံ ထုလုပ်ထားသည်ကို တွေ့နေရ သေးသောကြောင့် ဖြစ်လေသည်။

ဗုဒ္ဓ၏ ရုပ်တုရုပ်ပွားကို မဖော်ပြဘဲ သင်္ကေတတို့ဖြင့်သာ ဗုဒ္ဓ၏ ဖြစ်တော်စဉ်ကို ဖော်ပြခြင်းဖြင့် အောက်ပါ အယူအဆ ပေါ်လွင်လာသည်ဟု ဆိုကြသည်။

ဗောဓိပင်၊ ပလ္လင်စသည့် သင်္ကေတများသည် ဗုဒ္ဓ ဘုရားရှင်ကို ညွှန်ပြနေကြသည်။ သို့ရာတွင် ဗုဒ္ဓ ဘုရားရှင်ကိုကား မမြင်မတွေ့ရ။ ထိုသို့ မမြင်မတွေ့ရသောကြောင့် ဗုဒ္ဓ ဘုရားရှင် မရှိဟု ပြောရန် မဖြစ်နိုင်ချေ။

သင်္ကေတများ၊ ပညတ်များသည် အမှန်တရားကို ညွှန်ပြကြသည်။ သို့ရာတွင် ထိုသင်္ကေတများ၊ ပညတ်များ သည် အမှန်တရားတော့ မဟုတ်ချေ။ သင်္ကေတများ၊ ပညတ်များကို မြင်တွေ့နိုင်၊ အာရုံဖြင့် ထိတွေ့နိုင်သော် လည်း အမှန်တရားကိုကား မတွေ့ရ။ ထိုသို့ မတွေ့ရ သောကြောင့် အမှန်တရားကို မရှိ....ဟုကား ပြောရန် မဖြစ်နိုင်ချေ။ အမှန်တရားသည် သင်္ကေတ၊ ပညတ်ချက် များမှ လွန်နေသော သဘာဝ ဖြစ်လေသည်။ ထို့ပြင်....

ဗုဒ္ဓ သည် ဤလောက၌ ဖြစ်လာ၍ ဤလောက၌ ပင်တည်နေသော်လည်း ဤလောကမှ လွန်မြောက်နေသူ

www.burmeseclassic.com



ဖြစ်သည်။ ဤလောကရှိ သင်္ကေတများ၊ ပညတ်မှုများမှ ဗုဒ္ဓသည် လွန်မြောက်နေသည်။ ဗုဒ္ဓ၏ ဓမ္မ၊ ဗုဒ္ဓ တွေ့ရှိခဲ့သည့် အမှန်တရားတို့သည်လည်း သင်္ကေတ၊ ပညတ်ချက်များမှ လွန်မြောက်နေသည်။ ကြာသည် နုန်းညွန်မှလည်းကောင်း၊ ရေမှလည်းကောင်း လွန်မြောက်နေသကဲ့သို့ ဗုဒ္ဓသည်လည်းကောင်း၊ ဗုဒ္ဓ၏ ဓမ္မ (ဝါ) အမှန်တရားသည်လည်းကောင်း လောက၏ သင်္ကေတများ ဝေါဟာရ ပညတ်များမှ လွန်မြောက်နေသည်။

အထက်ပါကဲ့သို့ ရှုမြင်ခံစားနိုင်ခြင်းကြောင့် ဗုဒ္ဓ၏ ဖြစ်တော်စဉ်များကို သင်္ကေတများဖြင့် ဖော်ပြသည်ကို နှစ်သက်ကြခြင်း ဖြစ်သည်။

ထို့ပြင် ဗုဒ္ဓဘုရားရှင်၏ အသရေတော် ရူပကာယသည် အဖိုးမဖြတ်နိုင်သော အနဂ္ဃထိုက်သော ရတနာနှင့်တူသည်။ ရတနာ တစ်ခုကို ဤရွေ့ ဤမျှ ထိုက်တန်သည်ဟု တန်ဖိုးဖြတ်လိုက်သည်နှင့် တပြိုင်နက် ထိုရတနာသည် အကန့်သတ်ခံရသော ရတနာ ဖြစ်သွားသည်။ အဖိုးဖြတ်နိုင်သော ရတနာအဖြစ်သို့ ကျရောက်သွားသည်။ ထို့အတူ ဗုဒ္ဓဘုရားရှင်၏ ပုံကို ရုပ်တု ရုပ်ပွားများ ထုလုပ်ရေးဆွဲလိုက်ပါက ထို ဗုဒ္ဓ၏ ရုပ်တုရုပ်ပွားသည် အကန့်သတ်ခံလိုက်ရသော ရုပ်တုရုပ်ပွားများအဖြစ်သို့ ရောက်သွားနိုင်သည်။ အတုမရှိသော၊ အကန့်အသတ်မရှိသော၊ တင့်တယ် သပ္ပါယ်တော်မူသော ဗုဒ္ဓဘုရားရှင် မဟုတ်တော့သော အဖြစ်မျိုးသို့ ရောက်ရှိသွားနိုင်သည်။





သို့ဖြစ်၍ ဗုဒ္ဓ၏ ရုပ်တုဆင်းတုများကိုထုလုပ်ခြင်း မပြုသင့်ဟုယူဆသောဂိုဏ်းသားများ (အပရမဟာဝိနသေလိယဂိုဏ်းမှ ပုဂ္ဂိုလ်များ) က ယူဆခဲ့ကြသည်ဟု ဆိုသည်။

ဗုဒ္ဓ ပရိနိဗ္ဗာန် စံပြီးနောက် နှစ်ပေါင်း ၅၀၀ ကျော်မျှကြာအောင် ဗုဒ္ဓ၏ ရုပ်တုရုပ်ပွားများကို မထုလုပ်ကြခြင်းသည် အထက်ပါကဲ့သို့ သင်္ကေတဖြင့် ဖော်ပြခြင်းကို နှစ်သက်သူများကြောင့် ဖြစ်ချင်လည်း ဖြစ်မည်။ ဘုန်းတော် ဉာဏ်တော် ဂုဏ်တော်တို့ အတိုင်းမသိ ကြီးမားတော်မူ၍ လက္ခဏာကြီးငယ် အသွယ်သွယ်ဖြင့် အတိုင်းမသိ တင့်တယ် သပ္ပာယ်သော ဗုဒ္ဓ၏ ပုံတော်ကို မထုလုပ်ဝံ့သောကြောင့် ဗုဒ္ဓနှင့် ဗုဒ္ဓ၏ ဘဝဖြစ်စဉ်များကို သင်္ကေတများဖြင့်သာ ဖော်ပြခဲ့ခြင်း ဖြစ်သည်ဟု ယူဆလို ကလည်း ယူဆနိုင်ပေလိမ့်မည်။ သို့ရာတွင် အေဒီ - ၂ ရာစုလောက်က ဗုဒ္ဓ၏ရုပ်တုရုပ်ပွားများကို ဂန္ဓာရနှင့် မထုရာတို့တွင် စတင်ထုလုပ်လာကြသည်။ ဤသို့ ထုလုပ်လာကြခြင်းသည် အိန္ဒိယနိုင်ငံ၏ မူလယဉ်ကျေးမှုဖြစ်သည့် ဟိန္ဒူယဉ်ကျေးမှုရှိ ရုပ်တု ထုလုပ်ခြင်း အစဉ်အလာ၏ လွှမ်းမိုးမှုကြောင့် ဖြစ်နိုင်လေသည်။

ဗုဒ္ဓ၏ ရုပ်တုရုပ်ပွားများကို ထုလုပ်လာသောအခါ၌ ထိုရုပ်တုရုပ်ပွားများ၌ ကြာသည်ပါလာတတ်သည်။ အိန္ဒိယ၊ တရုတ်၊ သီဟိုဠ် (သီရိလင်္ကာ)၊ မြန်မာ အစရှိသော အာရှနိုင်ငံများ၌ ဘုရားဆင်းတု များကို ထုလုပ်



www.burmeseclassic.com

www.burmeseclassic.com



သော အခါ ကြာပလ္လင်ပေါ်တွင် ထိုင်လျက်ပုံ ဖြစ်စေ၊ ကြာပွင့်ပေါ် ရပ်လျက်ပုံ ဖြစ်စေ၊ ကြာတို့ဝန်းရံလျက်ရှိသော ပုံဖြစ်စေ ထုလုပ်တတ်ကြသည်။ ဤသို့ ဗုဒ္ဓ၏ ဆင်းတု ရုပ်တုများ၌ ကြာပါနေခြင်းသည် "ဤဘဒ္ဒ ကမ္ဘာ၌ ဘုရားငါးဆူ ပွင့်မည့် နိမိတ်အဖြစ် ကမ္ဘာတည်စ အခါက စ၍ ကြာ ငါးပွင့် ပါလာသည်" ဟူသော အစဉ်အလာ စကားကြောင့်လည်း ဖြစ်နိုင်သည်။ "ကြာသည် ရေကို တန်ဆာဆင်၍ တင့်တယ်စေ သကဲ့သို့ မြတ်စွာဘုရားရှင်သည် လောကသုံးပါးကို တန်ဆာဆင်၍ တင့်တယ်စေသည်"ဟူသော အနက်အဓိပ္ပာယ်ကိုယူ၍ ထည့်သွင်း ထုလုပ်ကြခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ ရှေ့တစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ကိလေသာတို့ဖြင့် မရောယှက်ခြင်းစသည့် အနက်အဓိပ္ပာယ်တို့ကို ရည်ညွှန်းလို၍ ကြာ ကို ဆင်းတု ရုပ်တုများ၌ ထည့်သွင်း ထုလုပ်ခြင်းလည်း ဖြစ်နိုင်လေသည်။

ထို့ပြင် ကြာ သည် ဂေါတမနှင့် သူ၏ သာဝက ဖြစ်လာမည့်သူများ၏ ဘဝဖြစ်စဉ် အများအပြား၌ ပါဝင် ပတ်သက်ခဲ့ဖူး၏။

ဗုဒ္ဓ၏ ဘဝဖြစ်စဉ် (ဗုဒ္ဓဝင်) ၌လာသည့် အောက်ပါ အဖြစ်အပျက်တွင် ကြာကို မြတ်နိုးဖွယ်ရာ တွေ့နိုင်သည်။

"သုမေဓာ ရှင်ရသေ့ ဘုရားဖြစ်ရန် စိတ်တော်ကြွစည်နေခိုက်တွင် သုမိတ္တာ အမည်ရှိသော ပုဏ္ဏားမ





(ပုဏ္ဏားပျိုမလေး) သည် ဒီပင်္ကရာ မြတ်စွာဘုရား ထံ၌ စည်းဝေးကြသော လူထု အစည်းအဝေးကြီးသို့ ကပ် ရောက်လာ၏။ ထိုသုမိတ္တာ၏လက်၌ မြတ်စွာ ဘုရား ကို ပူဇော်ရန် ကြာရှစ်လက်တို့ကို ယူဆောင်၍လာရာ ပရိသတ် အလယ်သို့ရောက်၍ သုမေဓာ ရှင်ရသေ့အပေါ်၌ မေတ္တာပေမဓာတ်များစွာပင် ဝင်လတ်သဖြင့် လှူဖွယ်ဝတ္ထုတို့ကို လှူဒါန်း ချင်လှပါသော်လည်း ကြာ ရှစ်လက်မှတစ်ပါး အခြား လှူဖွယ် မပါရကား . . . .

"အရှင်ရသေ့ မြတ်စွာဘုရားအား အရှင်ရသေ့ အလိုရှိသလို လှူဒါန်းရန် ငါးလက်သော ကြာတို့ကို အရှင့်အား ပေးအပ်ပါ၏။ ကျန်သော ကြာသုံးလက် ကိုမူကား အကျွန်ုပ်လှူဒါန်းရန် အတွက် ဖြစ်ပါစေ" ဟု ပြောဆို လှူဒါန်းပြီးလျှင် "အရှင် ရသေ့ သည် ဘုရားဖြစ်ဖို့ရန် ဖြည့်ကျင့်နေသမျှ အတောအတွင်း အကျွန်ုပ်သည် အရှင်နှင့် အတူတကွ ညီမျှသော သူတို့ ဖြစ်ကြရပါစေကုန်သတည်း" ဟု ဆုပန် ခဲ့လေသည်။

သုမေဓာ ရှင်ရသေ့လည်း သုမိတ္တာ ပုဏ္ဏားပျိုမ ပေးအပ်သော ကြာငါးလက်တို့ကို ခံယူ၍ မျက်မှောက် တူရူ ကြွလာတော်မူသော ဒီပင်္ကရာ မြတ်စွာဘုရားကို ပရိသတ်တို့ အလယ်၌ပင် "သမ္မာ



www.burmeseclassic.com

www.burmeseclassic.com



သမ္မောဓိဉာဏ်" အထိ ဆုပန် ကြည်ဖြူ ပူဇော်လေသည်" *

အထက်ပါ အဖြစ်အပျက်ကို ထောက်၍ မြတ်သော ဆုကို ပန်ဆင်ကြခြင်း၌ ကြာသည် အလောင်းတော်နှင့် သူ၏ ပါရမီဖြည့်ဖက်တို့ လက်ဝယ် တင့်တင့်တယ်တယ် ရှိနေခဲ့ဖူးသည်။ ကြာရှစ်လက် ကြာရှစ်ခိုင်ကို အမှီပြု၍ နံပါတ် (၈) သည် ဗုဒ္ဓသာသနာ၌ အရေးကြီးသော ဂဏန်းလည်း ဖြစ်လာခဲ့သည်။ မဂ္ဂင် (၈)ပါး၊ အရိယာ ပုဂ္ဂိုလ် (၈) ယောက်၊ အဲ့ဖွယ် (၈) ဖြာ သာသနာ .... အစရှိသည့် ဗုဒ္ဓဝါဒရှိ အရေးကြီးသော အချက်များကို ဖော်ပြနေသော ဂဏန်း အမှတ်အသားသည် (၈) ဂဏန်း များဖြစ်သည်။

"ကြာတောသို့ဝင်သော ငါသည် ပဒုမ္မာကြာတို့ ကိုချိုးစဉ် ထိုကြာတော၌ ၃၂ ပါးသော ယောကျ်ား မြတ်တို့၏ လက္ခဏာရှိတော်မူသော ဖုဿ မြတ်စွာ ဘုရားကို ဖူးမြင်ရ၏။

ငါသည် ပဒုမ္မာကြာပန်းကိုယူ၍ ကောင်းကင်၌ မြှောက်ချီ ပူဇော် လှူဒါန်းခဲ့၏။ မကောင်းမှုကို အောက်မေ့၍ အိမ်၏ စီးပွားမဲ့ဖြစ်သော သာသနာ့ ဘောင်၌ ရှင်အဖြစ်သို့ ရောက်ခဲ့၏။

* မဟာဗုဒ္ဓဝင်၊ ပ -တွဲ ၊ ပ - ပိုင်း၊ စာ - ၆၂





ရဟန်းပြုပြီးသော် စောင့်စည်းအပ်ပြီးသော ကိုယ်နှုတ်ဖြင့် ဝစီ ဒုစရိုက်ကို စွန့်လျက် အာဇီဝ ပါရိသုဒ္ဓိသီလကို စင်ကြယ်စေခဲ့၏။

ဤဘဒ္ဒ ကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ကြာပန်း တင်လှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးချေ။ ဤသို့ ဖြစ်ရခြင်းသည် ဘုရားကို ပူဇော်ရခြင်း အကျိုးပေတည်း။

တစ်ဆယ့်ရှစ် ကမ္ဘာတို့၌ ပဒုမာဘာသ မည်ကုန်သော စကြဝတေးမင်းတို့သည် တစ်ဆယ့်ရှစ်ကြိမ် တိုင်တိုင်လည်းကောင်း၊ လေးဆယ့်ရှစ်ကြိမ်တိုင်တိုင် လည်းကောင်း ဖြစ်ခဲ့ဖူးကုန်၏။

လေးပါးသော ပဋိသမ္ဘိဒါ တို့ကိုလည်းကောင်း၊ ရှစ်ပါးသော ဝိမောက္ခတို့ကို လည်းကောင်း၊ ခြောက်ပါးသော ဝိမောက္ခတတို့ကို လည်းကောင်း၊ မျက်မှောက်ပြုအပ်ပါကုန်ပြီ။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် အရှင် ပဒုမပုပ္ဖိယ မထေရ်သည် ဤဂါထာကို မိန့်ဆိုတော်မူ၏။ " *

* ကြာကို လှူဒါန်းခြင်း နှင့် ရရှိခဲ့ကြသော အကျိုးများကို ထေရာအပဒါန်၊ ပထမအုပ် (ဆဋ္ဌမူ မြန်မာပြန်) စာ မျက်နှာ - ၅၆၊ ၁၁၁၊ ၁၃၂၊ ၁၄၁၊ ၁၅၂၊ ၁၄၈၊ ၁၅၁၊ ၂၁၉၊ ၃၃၇၊ ၃၉၃ တို့၌ ကြည့်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပင်နှင့် ပလ္လင်(ဆန်ချီ)



အထက်ပါ စကားတို့ကိုထောက်၍ ကြာ သည် ဗုဒ္ဓ၏ သာဝကများ ဖြစ်လာသည့်သူများ၏ နုစဉ်ဘဝ အလှူဒါနတို့တွင်လည်း အရေးပါသည့် လှူဒါန်းဖွယ် ပစ္စည်းဖြစ်ခဲ့ဖူးသည်။ သို့ဖြစ်၍ . . . .

"ရွှေငုံယှဉ်ဘက်၊ စုံနှစ်ဖက်နှင့်
ထိပ်ထက်စုပေါင်း၊ မြည့်ဆုတောင်းသည်
ဆယ်ချောင်းရှိကြာ၊ လက်လှည့်သော်" * ဟု

ဆုဝန်ဆင်ခြင်းတို့၌ ကြာသည် ဆုပန်ဆင်သူတို့ ဦးထိပ်ထက်တွင် အမွှန်အမြတ်ရောက်နေတတ်၍ နေတတ်သော ပန်းဖြစ်၍ နေပေလိမ့်မည်။

ဗုဒ္ဓ သာသာနာ၌ ထင်ရှားလှသောဥပ္ပလဝဏ် ထေရီသည် တစ်ခုသော ဘဝ၌ ပြုခဲ့သော အလှူ၌ ကြာ ပါနေသောကြောင့် ထူးဆန်းသည့် အကျိုးပေးတို့နှင့် ကြုံခဲ့ဖူးသည်။ ဤသည်ကို ဥပ္ပလဝဏ်ထေရီက အောက်ပါကဲ့သို့ ပြန်၍ ပြောခဲ့သည်။

"...ထိုအခါ၌ ပစ္စေကဗုဒ္ဓါအရှင်ကိုမြင်၍ ကြာပဒုမာ ဖူးလွှမ်းလျက် ငါးရာသော ပေါက်ပေါက်တို့ကို ငါသည် လှူ၍ ငါးရာသော သားယောက်ျားတို့ကို ငါသည် ဆုတောင်းဖူး၏။ ......

ထိုသားငါးရာရ ဆုတောင်းသော ကိုယ်အဖြစ်မှစုတေခဲ့သောငါသည်။တော၌ ကြာပဒုမာအငုံ၌

* နဝဒေး ၊ ပြည့်ရွှေဆံတော် ဘုရားတိုင်ရတု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေ၏။ ငါသည် ကာသိမင်းမြတ်၏ မိဘုရား မြတ်ဖြစ်၍ ငါးရာသော သားတို့ကို ငါဖွား၏။

.... ထို ငါ့သားတို့သည် ကြီးပြင်းသောအရွယ်သို့ ရောက်ကုန်၏။ ထိုအခါ၌ ရေကစားခြင်းကို ကစားကုန်လျက် ပွင့်ချပ်ဝတ်ဆံကြွေကုန်သော ပဒုမာကြာပွင့်တို့ကို ကမ္ဘာန်းအာရုံရှု၍ ပစ္စေကဗုဒ္ဓါ ဘုရားတို့ ဖြစ်ကုန်၏။ " *

ဗုဒ္ဓ၏ ဘဝဖြစ်စဉ်တို့အနက် လူသိများသည့် ဆဒ္ဒန် ဆင့်မင်းဇာတ် (ဝေဒ္ဒန္တဇာတ်)၌ ဆဒ္ဒန်ဆင်မင်းအပေါ် ထားရှိသည့် စူဠသုဘဒ္ဒါ၏ ဒုတိယရန်ငြိုးသည် ကြာနှင့် ပတ်သက်နေလေသည်။ စူဠသုဘဒ္ဒါ၏ ရန်ငြိုးကြောင့် ဆဒ္ဒန်ဆင်မင်းသည် အသက်ကို စွန့်၍ အစွယ်တို့ကို လှူရသည့် ဒါနပါရမီ၊ ရန်တုံ့မယူဘဲ သည်းခံသည့် ခန္တီပါရမီ စသည်တို့ကို ဖြည့်ကျင့်ခဲ့ရသည်။ တစ်ဘက်သော ရှုထောင့်မှ ကြည့်ပါက အထက်ပါကဲ့သို့ ပါရမီဖြည့်ဖို့ ရန် ဖန်တီးခဲ့ခြင်းများအနက် ကြာသည်လည်း တစ်နည်း မဟုတ်တစ်နည်း ပါဝင်ပတ်သက်ခဲ့ကြောင်း ဖော်ပြ တတ်၏။ ထို့ပြင် ကြာသည် မိထိလာမြို့တော်ကို မဟော သဓကေယ်တင်ရာ၌ အရေးပါသော ကဏ္ဍမှ ပါဝင် ပတ်သက်ခဲ့ဖူးသည်။

---

* ရှင်မဟာသီလဝံသ၊ ဝါရာယန ဝတ္ထု၊ စာ ၁၆၈ - ၁၆၉။





ဓိဒေဟရာဇ်မင်းကြီး၏ မိထိလာ နေပြည်တော်ကို ဝိုင်းရံ လုပ်ကြံသော ရန်သူတို့သည် မြို့နေလူတို့ သောက်သုံးရန် ရေမရှိအောင် ရေဖြတ်ထားခြင်းဖြင့် အညံ့ခံလာ အောင် စီစဉ်ကြသည်။ သို့ရာတွင် မဟော သဓသည် ရှည်လျားသော ရိုးတံရှိသော ကြာတို့ကို ရန်သူ တို့အတွင်းရောက်စေ၍ မြို့တွင်း၌ အလွန်နက်ရှိုင်း သော ရေကန် ရှိနေသောကြောင့် မြို့တော်သူ မြို့တော်သားတို့ ရေမငတ်နိုင်ကြောင်း၊ ရေငတ်အောင် ပိတ်ဆို့နေခြင်း သည် အချည်းနှီး ဖြစ်ကြောင်း သက်သေ ပြလိုက်ခြင်းဖြင့် ဝိုင်းဝန်းလုပ်ကြံနေသော ရန်သူတို့ စိတ် ဓာတ်ပျက်ပြား သွားကြသည်။ မည်သို့ပင် ဖြစ်စေ ကြာ သည် မိထိလာမြို့ တော်ကို မဟောသဓကေယ်တင်ရာ၌ အရေးကြီးသော ကဏ္ဍမှ ပါဝင်ခဲ့သည်သာ ဖြစ်သည်ဟု ဖော်ပြကြသည်။

ဇာတကတစ်နေရာ၌ ....

"..ထို့နောက် ဘုရင်မင်းမြတ်နှင့် ဘုရားလောင်း တို့သည် ဉယျာဉ်ထဲသို့ လှည့်လည်ကြရာ ရေကန် နားသို့ ရောက်ကြလေ၏။ မင်းကြီးသည် ရေကန် တွင်း၌ ပဒုမ္မာကြာပန်းကို မြင်သောအခါ "အဆွေ ဤ ပဒုမ္မာကြာပန်းသည် ရေ၌ဖြစ်လျက် ရေဖြင့် မလိမ်းကျံဘဲ တည်နေ၏" ဟု မိန့်တော်မူလေ၏။ ထို အခါ ဘုရားလောင်းသည် မင်းအား ဤသို့ လျှောက်လေ၏ "မင်းကြီး... ရေကန်၌ ပေါက်ရောက်



www.burmeseclassic.com

www.burmeseclassic.com



သော နေရောင်ဖြင့်ပွင့်သည့် ပဒုမ္မာကြာသည် ရွှံ့ညွန် လည်းမလိမ်းကျံ၊ မြူမှုန်လည်း မကပ်ငြိ၊ ရေလည်း မလိမ်းကျံချေ။. . . . ထို့အတူပင် တရား စောင့်သော ၊ ထားအပ်သော တရား၌ စင်ကြယ်မှုရှိသော၊ မကောင်းမှုမှ ကင်းသော မင်းမည်သည် သူ့အသက်သတ်ခြင်း၊ သေရည်သေရက်သောက်ခြင်း အစရှိသည့် ကမ္ဘာကိလေသာတို့သည် မလိမ်းကျံနိုင်" မင်းသည် ဘုရားလောင်း၏ စကားကို ကြား၍ ထိုအခါမှစ၍ မင်းကျင့်တရား ၁၀ပါးနှင့် အညီ မင်းပြုလျက် ကောင်းမှုများကို ပြုလုပ်သဖြင့် စုတေသော အခါ နတ်ပြည်သို့လား၏" *

အထက်ပါ အနက်အဓိပ္ပာယ်မျိုးတို့ဖြင့် ဇာတ်တော်များ၌ ဖော်ပြသည်ကို အမှီပြု၍ ကြာသည် မင်းတို့အတွက် အကျင့်သီလ စင်ကြယ်ခြင်း၏ အထိမ်းအမှတ် အနေဖြင့်လည်း ရှိနေခဲ့ဟန်တူသည်။

ဗုဒ္ဓ၏ တရားဓမ္မတို့၌ ကြာကို ဥပမာအဖြစ် ခိုင်းနှိုင်း အသုံးပြုခြင်းများကို နေရာ အတော်များများတွင် တွေ့ရမည် ဖြစ်သည်။ တစ်ခါတွင် ပန်းတိမ်သည် သားဘဝမှ ဗုဒ္ဓ သာသနာသို့ ဝင်ရောက်လာသော ရဟန်း

* ကုတ္တဇာတ်၊ အမှတ် ၃၉၆၊ ငါးရာငါးဆယ် ဇာတက။





တစ်ပါးအတွက် ကြာ သည် ကမ္မဋ္ဌာန်းအာရုံအဖြစ် ပါဝင်ခဲ့ဖူးလေသည်။

အထက်ပါ ဗုဒ္ဓနှင့် ဗုဒ္ဓ၏ သာဝက များ၏ ဘဝဖြစ်စဉ်တို့၌ ကြာသည် ပါဝင် ပတ်သက် ဆက်စပ်နေတတ်ခြင်းကြောင့် ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ ပန်းချီ၊ ပန်းပု၊ အနုပညာလက်ရာများကို ရေးဆွဲ ထုလုပ်ကြရာ၌ ကြာကို အဆင် တန်ဆာအဖြစ် ထည့်သွင်းကြခြင်းလည်း ဖြစ်နိုင်လေသည်။

ဂုတ္တခေတ်နှင့် မရှေးမနှောင်း ပေါ်ထွန်းလာသော အဇန္တာလိုဏ်ဂူ ပန်းချီများ၌လည်း ကြာကို တလှတပ တခမ်းတနား ထည့်သွင်း ရေးဆွဲထားခြင်းများရှိသည်။ သုတေသီများက ထိုအဇန္တာလိုဏ်ဂူ ပန်းချီများ၌ တွေ့ရသော ကြာတို့သည် ပြောလိုသော အကြောင်းအရာတို့ကို ဝက်ဝုတ္တိ သဘောဖြင့် ညွှန်းဆိုထားသော သင်္ကေတများ ဖြစ်ခဲ့သည်ဟု ယူဆကြသည်။

ကြာနှင့်ပတ်သက်သောအခါ သုတေသီများသည် အထက်ပါ အဇန္တာလိုဏ်ဂူ နံရံ ပန်းချီမှ ပဒုမပါဏိ ကြာပန်းကို ကိုင်ထားသော ဘုရားလောင်းဗောဓိသတ္တ၏ ပုံကို ညွှန်ပြလေ့ရှိသည်။ ထိုဗောဓိသတ္တ၏ အမူအရာကို ကြည့်လျှင် ဦးခေါင်းနှင့် လည်တိုင် ဘယ်သို့ လှည့်ထားသည်။ ကိုယ်တို ညာဘက်သို့ လှည့်၍ ခါးနှင့် ခြေကို ဘယ်

* ဤအကြောင်းအရာကို ဓမ္မပဒ၌ လေ့လာနိုင်ပါသည်။

www.burmeseclassic.com



အဇန္တာမှ ကြာ (အဇန္တာ)

သို့လှည့်သောကြောင့် “[သုံးဆောင်မျိုး(ဘောဂ)]” အမူအရာ ဖြစ်သည်ဟု ဆိုသည်။ ဗောဓိသတ္တ၏ အနီးဝန်းကျင်၌ သစ်ပင်ပန်းမာလ်များ၊ တူရိယာများ (တေးဂီတများ)၊ မိန်းမများတည်းဟူသော ကာမဂုဏ် အာရုံများ ရှိနေသည်။ သို့ရာတွင် ဘယ်ဘက်သို့ ဦးခေါင်း လှည့်၍ လက်၌ ကြာပန်းကိုင်ထားသော ဗောဓိသတ္တ၏ အမူအရာသည် ထိုနှစ်သက် ပျော်မြူးဖွယ် ကာမဂုဏ် အာရုံတို့ကိုမကြည့်ရှု မသာယာတော့ဘဲ(နုန်းညွန်တို့ဖြင့် မလိမ်းကျံဘဲ ပွင့်နေသောကြာကဲ့သို့)ကာမဂုဏ် အညစ်အကြေးတို့ကို ထားချန် စွန့်ပစ်တော့မည်ဟူသော အမူအရာမျိုးကို ဆောင်လျက် ရှိသည်ဟု အထက်ပါ ပဒုမပါဏိ ဗောဓိသတ္တ၏ပုံကို ခံစားတင်ပြသူများလည်း ရှိသည်။

အိန္ဒိယမြောက်ပိုင်း ဂုတ္တခေတ် (Gupta)၊ ပါလခေတ်(Pala)၊ သေနခေတ်(Sena)၊ အိန္ဒိတောင်ပိုင်း အန္ဓရခေတ်(Andhra)၊ တို့မှ အရှေ့တိုင်းဒေသ၊ အရှေ့တောင် အာရှဒေသများသို့ ပျံ့နှံ့လာခဲ့သော ဗုဒ္ဓ ရုပ်တုရုပ်ပွား ထုလုပ်ခြင်း၊ ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ ပန်းချီ ပန်းပု ရေးဆွဲခြင်းတို့၌လည်း ကြာသည် အဆင်တန်ဆာအနေဖြင့် ဖြစ်စေ၊ တစ်စုံတစ်ရာသော အနက်အဓိပ္ပာယ်ကို ညွှန်းဆိုလိုသော သဘောဖြင့်ဖြစ်စေ၊ ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် ပါဝင်လျက်ရှိသည်။

“မြန်မာတို့၏ ဘုရားတန်ဆောင်း၊ ကျောင်း၊ အလှူမဏ္ဍပ် စသည်တို့တွင် ကြာဖူး၊ ကြာပွင့်၊ ခြသေ့်၊ နဂါး၊



www.burmeseclassic.com

www.burmeseclassic.com



ကြာပန်းကို ကိုင်ထားသော ဗောဓိသတ္တ
(အဇန္တာလိုဏ်ဂူ နံရံ ပန်းချီ)



သဇင်နွယ်၊ မုဒရက် ပန်းနွယ်၊ စိန်ပွင့်စိန်တုံး၊ ခြူးပန်းခြူး နွယ်အစရှိသော အနုပညာအပြောက်အမွမ်းတို့ကို ထည့် တတ်ကြသည်။ ထိုအပြောက်အမွမ်းများကို အထူးသဖြင့် ပုဂံခေတ် ဂူဘုရား၊ စေတီဘုရားများ၌ ယခုတိုင်အောင် အထင်အရှား တွေ့မြင်နိုင်သေးသည်ဖြစ်ရာ ရှေးပုဂံ ခေတ်တွင် အလွန်အသုံးများခဲ့သည်ဟု ဆိုနိုင်သည်။"*

"အပယ်ရတနာဘုရားမှ နံရံဆေးရေးမှာ ခေတ်ဦး လက်ရာတွင် အကောင်းဆုံး အပါအဝင် ဖြစ်၏။ ပန်း အခွေအလိပ်များနှင့် ကြာနှင့် ဆင်တူသော အခွေများ၊ မြတ်လေးနှင့် ဆင်ဆင်တူသော အခွေများပါသည်။" **

ပုဂံ အပယ်ရတနာလိုဏ်ဂူဘုရား တောင်ဘက်စကြံ အပြင်ဘက်နှင့် နံရံအတွင်းဘက်ရှိ ဆေးရေးရုပ်ပုံများ တွင် ကြာကို ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် တန်ဆာဆင် ရေး ခြယ်ထားခြင်းနှင့် ပတ်သက်၍ အငြိမ်းစား ကျောက်စာဝန် သီရိပျံချီ ဦးမြကသူ၏ "အပယ်ရတနာ လိုဏ်ဂူဘုရား" စာအုပ်၌ အောက်ပါကဲ့သို့ ဖော်ပြထားသည်။


"ဤနေရာ၌ နှစ်ပိုင်းခွဲ၍ တင်ပြထားပါသည်။ ပထမပိုင်းမှာ လိုဏ်ဂူအတွင်းစကြံပတ်လည် အပြင် ဘက် နံရံ အတွင်းဘက်တွင် နံရံ၏ အောက်ခြေ

---

* ဇော်ဂျီ ၊ ညွန်းပြီး

** ဒေါက်တာသန်းထွန်း၊ ခေတ်ဟောင်း မြန်မာရာဇဝင်၊ စာ-၂၆၁။

www.burmeseclassic.com



အပယ်ရတနာ လိုက်ဂူဘုရား တောင်ဘက် စကြံ အပြင်ဘက် နံရံ အတွင်းဘက် နံရံဆေးရေး ပန်းချီများ

အထက် နှစ်ပေကိုးလက်မမှ အထက်သို့ အမိုးမျက်နှာကြက်ကုန်းစပ်အထိပါရှိသော ပုံများ ဖြစ်သည်။ ဒုတိယပိုင်းမှာ ဂူအတွင်း ဂန္ဓကုဋီတိုက် နံရံများ အတွင်းဘက်နှင့် အပြင်ဘက်တွင်ရှိသော ဆေးရေး များဖြစ်သည်။

ပထမပိုင်းတွင် ပါဝင်သည့် ပုံများကို စီစဉ်ထားပုံမှာ အထက်အောက် နှစ်ပိုင်းပိုင်း၍ ပြထားသော (စာမျက်နှာ၄၀-တွင်တွေ့ရသည့်)ပုံစံအတိုင်း ဖြစ်သည်။ ထိုပုံစံသည် တောင်ဘက်စကြံ နံရံအတွင်းဘက်ရှိ ဆေးရေးရုပ်များ၏ အပိုင်းအစ တစ်ခုဖြစ်သည်။ ထိုပုံစံအတိုင်းဆိုလျှင် ဆေးရေးရုပ်များကို အောက်မှအထက်သို့ ငါးဆင့်ငါးမျိုးခွဲ၍၊ တစ်ဆင့်တစ်ဆင့် အထက်သို့တက်သွားသည်။ အောက်ဆုံးအဆင့်မှာ နံရံအောက်ခြေမှ အထက်အမြင့်ပေ နှစ်ပေကိုးလက်မလောက်တွင် အောက်အထက် ဖောင်းကြား အမြင့် ကိုးလက်မလောက်ရှိသော ယိုးဒယား ပန်းခက်နွယ် ဆေးရေး ရုပ်ပုံပါသော အနားကို အောက်ခံပြု၍ အလယ်လိုက်ဂူ တံကဲနှင့် မုခ်ပေါက် တစ်ဖက်တစ်ချက်တွင် မင်းထိုင် ထိုင်လျက် လက်နက်များကို ကိုင်၍ အစောင့်နတ်သားပုံ တစ်ပုံစီကို တွေ့မြင်ရသည်။ ထိုနတ်သားတို့မှာ ခြေအိတ်များဝတ်ဆင်လျက် ထိုင်ခုံမပါဘဲ ရိုးရိုးကြမ်းပြင်ပေါ်တွင် ထိုင်နေပုံရသည်။ ခေါင်းပိုင်းကို ဝိုက်

www.burmeseclassic.com



လျက် အဲဒီပုံသဏ္ဌာန် ရောင်ခြည်ပုံလည်းပါသည်။ ထိုရောင်ခြည်အထက်မှ ကြာဖက် ကြာဖူးများထဲမှ ကြာပွင့်ကြီးတစ်ပွင့် ကြာရိုး ကြာတံတိုတိုနှင့် အထက်သို့ တက်သွားသည်။ ထိုကြာပွင့်ကြီးပေါ်တွင် ဝဲဘက်ခြေထောက်ကို ကွေးတင်ပြီး ခြေတစ်ဖက်တင် တစ်ဖက်ချ မင်းထိုင်ထိုင်လျက် နတ်သားတစ်ပါး၏ပုံကို တွေ့မြင်ရသည်။ လက်နှစ်ဖက်ပါသည်။ လက်ယာဘက်လက်က အောက်သို့တန်း၍ချပြီးလျှင်(ဝရမုဒြ)ခေါ် လက်ကို ဖြန့်၍ ဆန့်ထားသော ပေါင်စွန်း ဒူးပေါ်တွင် တင်လျက်ရှိသည်။ လက်ဝဲ ဘယ်လက်မှာ ကွေး၍ ရင်သို့အမ်ပြီးလျှင် အထက်သို့ တက်သွားသောကြာပွင့်ကြာဖူးတို့ကို ကြာရိုးကြာတံဖြင့် ကိုင်လျက်ရှိသည်။ ဝတ်စားဆင်ယင်ပုံမှာ နရတင်းနှင့် မကိုဋ်သရဖူဆောင်း၍ ပုတီး လက်ကောက်များ၊ လက်ကြပ်များဝတ်ဆင်ထားသည်။ ရောင်ခြည်တော်ပုံနှင့် နောက်ခံတံကဲပါသည်။ ဘေးတစ်ဖက်တစ်ချက်၌ ဒူးတုပ်၍အလယ်ပုံကို ရှိခိုး၍ အခြားနတ်သားတစ်ပါးစီ ပါသေးသည်။ ၎င်းတို့အထက်၌လည်း ဘေးတစ်ဖက်တစ်ချက်ရှိ စေတီတော်ပုံကို တိမ်တိုက်အတွင်းမှထွက်၍ ရှိခိုးပူဇော်ကန်တော့နေဟန် နတ်ရုပ်ပုံ တစ်ပုံစီ ပါသည်။....

ယခုပြောဆိုရေးသားခဲ့သော အလယ်တွင် ကြာပွင့်ကြီးပေါ်တွင် မင်းထိုင်ထိုင်လျက်နေသောပုံ






သည် အခြားမဟုတ်၊ အဝလောကိတေသွရခေါ် ရှေးပုဂံတွင် ထင်ရှားခဲ့သော လောကနာထ ဘုရားလောင်း၏ ပုံဖြစ်သည်။

အောက်ထပ်၌ ရပ်လျက်ရှိသော နတ်သားပုံမှာ ဘုရားလောင်းတစ်ဆူ၏ ပုံဖြစ်သည်။ ကြာပွင့်ပေါ်တွင် ရပ်လျက်နေသည်။ ထိုအောက်ခံကြာပွင့်၏ တစ်ဖက်တစ်ချက်မှ ကြာရိုးကြာတံဖြင့် ကြာရွက်၊ ကြာဖူး၊ ကြာပွန်းတို့သည် အထက်သို့ ထောင်၍ တက်လျက်နေ၏။ ထိုကြာရွက်၊ ကြာဖူး၊ ကြာဖက်၊ ကြာပန်းတို့ကို အစွဲပြု၍ ထိုရပ်လျက်နေသော နတ်သားကို ဘုရားလောင်း "ပဒ္မသဋ္ဌိတ"ဟူ၍ လည်းခေါ်ဆိုနိုင်သည်။ လက်နှစ်ဖက်ရှိသည်။ လက်ယာဘက်ရှိမတ်ရပ်တော်၌ ၎င်း၏ လက်ယာဘက်လက်တွင် လှံတံကို စွဲကိုင်လျက်ရှိ၏။ လက်ဝဲဘက်လက်တွင် သံကွင်းကို စွဲကိုင်ထား၏။ တစ်ဘက်ရှိမတ်ရပ်ပုံမှာ ၎င်း၏ လက်ယာဘက်လက်တွင် သံကွင်းကို ကိုင်လျက်၊ လက်ဝဲဘက်တွင် သန်လျက်ကို ကိုင်လျက်နေသည်။ထိုလက်နက်တို့သည် မာယာသဘောဖြင့် ဘေးဒဏ် ရန်မာန်ခပ်သိမ်းတို့ကို ဖောက်ထွင်းဖြိုဖျက်နိုင်သော နိမိတ်ကိုပြသည်။ ဓောင်း နားတောင်းနှင့် ပုတီး၊ လက်ကောက်၊ လက်ကြပ်များလည်း ဝတ်ဆင်လျက်ပါသည်။ စလွယ်၊ ခါးစည်း၊ ဘောင်းဘီသဏ္ဌာန် ခါးဝတ်ပုဆိုးလည်း ဝတ်ဆင်လျက် ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆန်ချီ အရှေ့ဘက်မုခ် တုရိုဏ်တိုင်မှ ကြာများ



ရောင်ခြည်ဝန်းလည်း ခေါင်းကို ဝန်းရံလျက်ရှိသည်။

ထိုရောင်ခြည်ဝန်းထိပ်မှ မြင့်မားသော ကြာရိုး၊ ကြာတံဖြင့် အထက်သို့ တက်သွားသော ကြာပွင့်ကြီးပေါ်တွင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် တရားဟောနေဟန် ဘုရားဆင်းတုတော် တစ်ဆူပါသည်။ အလယ်ကြာရိုးကြီး တစ်ဖက်တစ်ချက်တွင် အောက်ခြေမှ စ၍တက်လာသော ကြာတံတို့ဖြင့် ကြာဖူး၊ကြာရွက်တို့ပါသည်။ ဆင်းတုတော်၌ နောက်ခံတံကဲလည်း ပါသည်။ တံကဲအထက် ဖွင့်လျက်မိုးထားသော ထီးတစ်စင်းကို တွေ့မြင်နိုင်သည်။

အထူးမှတ်သားဖွယ်ရာတစ်ခုမှာ ထိုနမူနာပုံစံတွင်ပါသော ဘုရားလောင်း နတ်သားနှင့် ဘုရားပုံတို့တွင် ထိုင်ခုံ၊ နင်းခုံများနှင့် ပတ်ဝန်းကျင်တို့တွင် ပေါက်ထွက်နေကြသော ကြာပန်း၊ ကြာရိုး၊ ကြာတံ၊ ကြာခွက်၊ ကြာပင်၊ ကြာဖူး၊ ကြာရွက်တို့ကို သာမန် အနေနှင့် အလှ၊ အပ၊ အတင့်၊ အတယ် ဖြစ်အောင် စိတ်သဘောဖြင့် ကြံစည် ရေးခြယ် ဆင်မြန်းထားသည် ဟု မယူဆသင့်ပေ။ ၎င်းတို့သည် ဟိန္ဒူကျမ်း မဟာယဉ်ကျမ်းတို့ အလိုအားဖြင့်

www.burmeseclassic.com



အဓိပ္ပာယ်ပါပါနှင့် အထိမ်းအမှတ် အနေအရ ရေး
ခြယ် ဆင်မြန်းထားသော ပုံများ ဖြစ်ကြသည်။"*

အိန္ဒိယ၊ တရုတ် အစရှိသည့် ယဉ်ကျေးမှုများသည် မြန်မာတို့ အပေါ် တစ်နည်းမဟုတ် တစ်နည်း သက်ရောက်လွှမ်းမိုးမှု များ ရှိခဲ့မည် ဖြစ်၏။ သို့ရာတွင် မြန်မာတို့သည် တစ်ထစ်ချ တရားသေ သဘောမျိုးဖြင့် မည်သည့် ယဉ်ကျေးမှုကိုမျှ လက်ခံတတ်သည့် လူမျိုး မဟုတ်ချေ။ ဝေဖန်ဆန်းစစ်ခြင်း၊ မိမိလူမျိုးနှင့် ဆီလျော်စပ်ဟပ်အောင် ပြုပြင်ခြင်းတို့ဖြင့်သာ လက်ခံတတ်ကြသော လူမျိုး ဖြစ်သည်ဟု ဆိုရမည် ဖြစ်သည်။ အိန္ဒိယအတွေးအခေါ် ယဉ်ကျေးမှုနှင့်အတူ ကြာနှင့်ပတ်သက်သောရေးခြယ်ထုလုပ်ခြင်းဆိုင်ရာအနုပညာယဉ်ကျေးမှုသည်မြန်မာပြည်သို့ ရောက်ရှိလာသော်လည်း မြန်မာတို့သည် အိန္ဒိယအနုပညာရှင်တို့၏ လမ်းကြောင်းအတိုင်း အစဉ်တစိုက် မလိုက်ခဲ့ကြချေ။ မြန်မာတို့၏ ဘဝနှင့် ဆီလျော်စပ်ဟပ်သော အနက်အဓိပ္ပာယ်များ၊ မြန်မာဆန် သောတီထွင် ရေးခြယ် ထုလုပ်မှုများကို ပြုလုပ်လာခဲ့ကြသည်။

"ကမ္ဘာသုံးနှစ် (ခရစ်သက္ကရာဇ်) ၁၃၀၀
လောက်တွင် ပုဂံခေတ်ကုန်လေသည် ထိုအခါ ရှေး
ခေတ် အိန္ဒိယ နှင့်လည်း ရင်းနှီး ဆက်ဆံခြင်း နည်း

* အငြိမ်းစား ကျောက်စာဝန် သိရိပျံချို ဦးမြ အပယ်ရတနာ လိုက်ဂူဘုရား၊ စာ - ၆၀





ပါးလာသည်ဖြစ်၍ ကာလများသော် အချို့သော အပြောက်အမွမ်းများသည် အိန္ဒိယဇာတိအတိုင်း မဟုတ်တော့ဘဲတစ်မျိုးတစ်ဖုံ ပြောင်းလဲလာပုံရလေသည်။အချို့တို့သည် အဖွဲ့အနွဲ့ အရာတွင် အမူအရာသစ်၊ ဟန်သစ်များကို ဆင်မြန်းလာကြပေသည်။ အချို့လည်း ရည်ရွယ်ချက်သစ်၊ အဓိပ္ပာယ်သစ်ဖြင့် ထင်ရှားလာကြသည်။ အချို့လည်း အသုံးတစ်မျိုးဖြင့် ထင်ရှားလာကြသည်။ ထိုသို့ တစ်မျိုး တစ်ဖုံ ပြောင်းလဲလာသော မြန်မာ့ အပြောက်အမွမ်းများ အနက် ကြာဖူး၊ ကြာပွင့်သည် တစ်ခု အပါအဝင် ဖြစ်လေသည်။

ကြာဖူး၊ ကြာပွင့် အပြောက်အမွမ်းများကို ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ မဏ္ဍပ် စသည်တို့၏ မျက်နှာစာ၊ မျက်နှာကျက်၊ မုခ်ဝ စသည်တို့၌လည်းကောင်း၊ မြန်မာမင်းများ၏ ပလ္လင်တော် သလွန်တော်များ၌လည်းကောင်း မြင်နိုင်လေသည်။ ထို အပြောက်အမွမ်း များကို ထည့်ကြသော သဘောသည် ယေဘုယျအားဖြင့် ကြာမန်း ကပ်လှူထားခြင်း သဘောဖြစ်သည်ဟုလည်းကောင်း၊ နေရာ ကွက်လပ် မထားလိုသဖြင့် အပြည့်အစွက်သဘော ဖြစ်သည်ဟုလည်းကောင်း ယူဆအပ်လေသည်။ စီရင်သောအခါ ကားကားစွင့်စွင့် ပွင့်နေဟန်ကိုလည်း စီရင်တတ်ကြ သည်။ ကြာဖူး၊ ကြာနိုး၊ ကြာပွင့်၊ ကြာ



www.burmeseclassic.com

www.burmeseclassic.com



ရှက်တို့ ခွေဟန်၊ ယိပ်ဟန်၊ မြန့်ဟန်၊ ကားဟန်၊ ယိမ်းဟန်၊ ယိုင်ဟန်၊ တက်ဟန်၊ ဆင်းဟန် စသည်တို့ကိုလည်း စီရင်တတ်ကြသည်။ ဒေါင်များတွင် ကြာပွင့်ချပ် သို့မဟုတ် ကြာဖတ်များ စီထားဟန်ကိုလည်း စီရင်တတ်ကြလေသည်။

"....မြန်မာ့ကြာဖူး၊ ကြာပွင့်၊ အပြောက်အမွမ်းကို လေ့လာကြည့်သောအခါ ရှေးခေတ် အိန္ဒိယမူနှင့် မတူ ကွဲလွဲခြားနားသော မူနှစ်ခုကို တွေ့လာသည်ဟု ထင်မိသည်။ ထိုမူနှစ်ခုကို မြန်မာ့အစဉ်အလာမူဟူ၍ပင်ဆိုချင်လှသည်။ မူတစ်ခုမှာ မြန်မာဘုရားစေတီတည်ရာတွင် ကြာဖူး၊ ကြာပွင့်၊ အပြောက်အမွမ်းကို မပါမပြီးသော အစိတ်အပိုင်းတစ်ခုအဖြစ်ဖြင့် အသုံးပြုခြင်းဖြစ်၍ အခြားတစ်ခုမှာ အထိမ်းအမှတ်အသစ်၊ အဓိပ္ပယ်သစ် တစ်ခု ထပ်ထည့်လာခြင်းဖြစ်လေသည်။

မြန်မာတို့ တည်နေကျ ဘုရား၊ စေတီတို့တွင် ဖောင်းရစ် အထက်၌ ကြာမှောက်၊ ကြာလန် ထည့်ကြသည်မှာ အထင်အရှား ဖြစ်လေသည်။ အခြားနိုင်ငံများရှိ စေတီများတွင် မြန်မာတို့ ထည့်သကဲ့သို့ ကြာမှောက်၊ ကြာလန် ထည့်သည်ကို ယနေ့အထိ မတွေ့မိသေးချေ။ မြန်မာစေတီများ၌သာတွေ့ရလေသည်။ ထို့ကြောင့် မြန်မာစေတီ အဆောက်အအုံ၌ ကြာမှောက်၊ ကြာလန် ထည့်လာခြင်းသည် မြန်မာ





တို့၏ ကြည်ညိုလိုသော ဆန္ဒ၊ မြန်မာတို့၏ နှစ်သက်လိုသော ဆန္ဒတို့မှ အလိုအလျောက် ပေါက်ဖွားလာသည်ဟု ယူဆဖွယ် ဖြစ်လေသည်။ စေတီဆိုင်ရာ မြန်မာ့ပိသုကာ အယူအဆ၌ ထူးခြားသည်ဟုလည်း ယူဆဖွယ် ဖြစ်လေသည်။" *

မြန်မာပြည်စေတီ ဖွဲ့စည်းပုံ၌ ကြာသည် မပါလျှင် မပြီးသော အစိတ်အပိုင်းတစ်ရပ် ဖြစ်လာခဲ့သည်ကို အောက်ပါ အရေးအဖွဲ့များကို ထောက်၍ သိသာသည်။

"....ကြာဘီလူးဆွဲ၊ ထူးကဲရင်စည်း၊ နည်းအစိတ်စိတ်၊ သပိတ်သစ်သစ်၊ဖောင်းရစ်တန်တန်၊ ကြာလန်ခရားသီး၊ ရွှေထီးလူလူ...." **

"....ကြေညာလုပ်လုပ်၊ ပတ်ကုံးစပ်၍၊ ကြပ်ကြပ်လည်းကောင်း၊ ကြာပတ်ခေါင်းနှင့်၊ မောင်းမောင်းညီးညီး၊ ချရားသီးထက် ...." ***

"သက္ကရာဇ် ၈၁၃ ခုနှစ်တွင် ပညာကျမ်းတောမင်းကြီးသည် ရွှေတိဂုံစေတီတော် ပစ္စယာငါးဆင့်ကခေါင်းလောင်း၊ သပိတ်၊ ဖောင်းမ၊ ဖောင်းလုံး၊ကြာနု၊


---

* ဇော်ဂျီ၊ ညွန်းပြီး

** ကျည်းကန်ရှင်ကြီး (နန္ဒမေ) ဆုတောင်းပြည့် ဘုရားရှိခိုး

*** ရှင်ထွေးညို၊ ပြည်စုံမော်ကွန်း၊ ၇၂

www.burmeseclassic.com



စေတီ၏ မြင့်မြတ်သော နေရာသို့ ရောက်နေသော ကြာမှောက်၊ ကြာလန်



ကြာပျံ၊ ချရားသီး၊ ငှက်ပျောဖူးတိုင်အောင် လုပ်ဆောင်တော်မူ၍ ရွှေထီးတင်လှူတော်မူသည်။" *


အထက်ပါ အရေးအဖွဲ့၌ တွေ့ရသော အချက်တို့ကို ထောက်၍ ကြာသည် မြန်မာတို့ ကိုးကွယ်ရာ စေတီ၌ အမြတ်နိုးခံ၊ အပူဇော်ခံ နေရာ၌ပင် ရောက်ရှိနေသော ပန်းဟု ဆိုနိုင်ပေလိမ့်မည်။ ထိုမျှ မကသေး ....

မြန်မာတို့၏ မင်းမှုရေးရာတို့၌လည်း ကြာသည် အရေးပါသော သင်္ကေတ ဖြစ်ခဲ့ဟန်ရှိသည်။ ရန်တို့ကို အောင်နိုင်ခြင်း၊ အထွတ်အထိပ်သို့ရောက်ခြင်း၏ နိမိတ် အဖြစ် ယူဆခဲ့ဟန်ရှိသည်။

"မှန်နန်းမဟာ ရာဇဝင် အရေးတော်ပုံကျမ်းတွင် ဗညားနွဲ့သည် ဒဂုန်၌ ခြားနားနေစဉ် လူတစ်ယောက်က ၎င်းအား ကြာပန်းတစ်စီးဖြင့်လာရောက် ဆက်သ၏။ ထိုအခါ ပညာရှိမင်းကံစီသည် လွန်စွာ ဝမ်းသာသဖြင့် လက်သီးလက်မောင်းတန်းသည်။ "ပဇာကြောင့် အစ်ကို လက်သီးလက်မောင်းတန်းသနည်း" ဟု ဗညားနွဲ့ကမေးသည်။ ကြာပန်းဟူသည် တနင်္လာနံ၊ ဗကိုးလည်း တနင်္လာနံ၊ ဟံသာဝတီကို အရှင်မင်းသား လွယ်ကာသာ ရမည့် နိမိတ်ဖြစ်သည်။ ထို့ပြင် ကြာပန်းဟူသည် ဘုရားလောင်း ဗောဓိသတ္တတို့၏ အရိပ် နိမိတ် လည်း

* အသျှင် အရိယာဝံသ၊ အာဒိစ္စရံသီ၊ ရွှေတိဂုံသမိုင်းတော်သစ်၊ စာ - ၁၄၇

www.burmeseclassic.com



ဆန်ခိုး လက်ရာ ကြာ (ထိပ်ဆုံး) ကို အခြေခံ၍ ဆင့်ပွား
လာသော မြန်မာကြာများ။



ဖြစ်သည်။ ဘုရားလောင်းသည် ပါရမီ နုစဉ်အခါက သုံဂမိတ်မင်း (သုမ္ဘမိတ္တ) ဘဝ၌ လွန်စွာ ဆင်းရဲခြင်းကို ခံရသည်။ နောင် ပါရမီ ရင့်သန်လတ်သော် သုံးဆယ့်တစ်ဘုံသားတို့၏ အထွတ်အထိပ် ဘုရားရှင် ဖြစ်ရသည် မဟုတ်လော။ ယခု ကြာပန်းရသည့် နိမိတ်သည် မကြာမီ အတွင်း ဟံသာဝတီ ရွှေနန်းထက်၌ သုခ စည်းစိမ်ကို အရှင်မင်းသား ခံစားရတော့မည် မချွတ်၊ ဤသည်ကို မြင်၍ ကျွန်ုပ်ဝမ်းသာလွန်းသဖြင့် လက်သီးလက်မောင်းတန်း မိခြင်း ဖြစ်ပေသည်" ဟု မင်းကံစီက ဖြေလေ၏။" *

ထို့ပြင် . . . .

"ကြာ၏ အထိမ်းအမှတ်နှင့် စပ်လျဉ်း၍ ထူးခြားသော အချက်မှာ မင်းနှင့် စပ်သော ကိစ္စအတွက် မြန်မာ ပညာရှိများက အဓိပ္ပာယ်သစ် ထပ်ထည့်လာခြင်း ဖြစ်လေသည်။ ထိုအဓိပ္ပာယ်သစ်သည် အခြားမဟုတ်၊ ကျေးဇူးသိတတ်ခြင်း၊ ဘေးအန္တရာယ်ကင်းခြင်းနှင့် ပတ်သက်သော အထိမ်းအမှတ် (သင်္ကေတ) များ ဖြစ်သည်။ ထိုအထိမ်းအမှတ်များဖြင့် မင်းတို့၏ ပလ္လင်များ၌ ကြာရိုး၊ ကြာရွက်၊ ကြာပွင့်၊ ကြာချပ်တို့ကို ထုလုပ် သုံးဆောင်ခြင်း ပြုခဲ့ကြသည်။ ထိုသို့ပြုခဲ့ကြောင်းကို (ဇေယျသင်္ခယာဘွဲ့ရ

* နိုင်ပန်းလှ၊ ကြာပန်းနိမိတ်နှင့် သုမ္ဘမိတ္တ ဆောင်းပါး (အမှတ်- ၁၀၄၊ ၁၉၆၉ ဖေဖော်ဝါရီလထုတ်၊ ငွေတာရီ မဂ္ဂဇင်း) ကို လေ့လာနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြဝတီမင်းကြီး ဦးစ၏) ရွှေဘုံနိဒါန်း၌ ရှင်းပြထားလေသည်။ "*

မြန်မာတို့၏ ယဉ်ကျေးမှုဆိုင်ရာ စာပေ၊ ပန်းချီ၊ ပန်းပု၊ ပိသုကာ လက်ရာများ၌ ကြာသည် ဖူးလျက်၊ ပွင့်လျက်၊ ကြာရိုး ကြာစွယ်တို့သည် နွဲ့လျက် ယိမ်းလျက် တင့်တင့်တယ်တယ်နှင့် လောကအကြောင်း ဓမ္မအကြောင်းတို့နှင့် စပ်လျဉ်းသော အနက်အဓိပ္ပာယ်သစ်တို့ကို ပေးနေလိမ့်မည် ဖြစ်လေသည်။

---

* ဇော်ဂျီ ညွှန်းပြီး။



## အပိုင်း ( ၁ )

### မှားယွင်းသော အတွေးအမြင်တို့နှင့် မရောယှက်ခြင်းတို့ ညွှန်းဆိုသော သင်္ကေတ

ဗုဒ္ဓဘာသာဆိုင်ရာ ပန်းချီ ပန်းပု အနုပညာလက်ရာများ၌ တွေ့ရသော ပွင့်ဖတ် ရှစ်ခုရှိသည့် ကြာသည် မဂ္ဂင် ရှစ်ပါးကို ညွှန်းဆိုသော သင်္ကေတဖြစ်သည်။ တစ်ခါတစ်ရံ ဓမ္မစကြာ (တရားမှန်တို့ လှည့်လည်ခြင်း) ဟူသော သဘောလည်း ပါအောင် ပွင့်ဖတ် ရှစ်ခုရှိသော အဝန်းအဝိုင်းပုံများကို ထုလုပ်ရေးဆွဲသည်ကို တွေ့ရတတ်သည်။ မဂ္ဂင်ရှစ်ပါး ဟူသည်မှာ -

၁။ သမ္မာဒိဋ္ဌိ (မှန်သော အမြင်)
၂။ သမ္မာသင်္ကပ္ပ (မှန်သော တွေးကြံမှု)
၃။ သမ္မာဝါစာ (မှန်သော စကားကို ပြောဆိုမှု)
၄။ သမ္မာကမ္မန္တ (မှန်သောကိုယ်အပြုအမူကို ပြုမူမှု)
၅။ သမ္မာအာဇီဝ (မှန်သော အသက်မွေးမှု)
၆။ သမ္မာဝါယာမ (မှန်သော လုံ့လစိုက်မှု)
၇။ သမ္မာသတိ (မှန်သော အမှတ်သတိရှိမှု)
၈။ သမ္မာ သမာဓိ (မှန်သော စူးစိုက်တည်ကြည်မှု)
တို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမဂ္ဂင်ရှစ်ပါးရှိ သမ္မာဒိဋ္ဌိ မဂ္ဂင်ကို ဗုဒ္ဓစာပေများ၌ ၆ မျိုးမျှ ဖော်ပြထား၏။ ယင်းတို့မှာ (၁) ကမ္မဿကတာသမ္မာဒိဋ္ဌိ (၂) ဈာနသမ္မာဒိဋ္ဌိ ၊ (၃) ဝိပဿနာသမ္မာဒိဋ္ဌိ ၊ (၄) မဂ္ဂသမ္မာဒိဋ္ဌိ ၊ (၅) ဖလ သမ္မာဒိဋ္ဌိ ၊ (၆) ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိ တို့ ဖြစ်ကြသည်။ ဤနေရာ၌ ကမ္မဿကတာ သမ္မာဒိဋ္ဌိ အကြောင်းကိုသာ အလေးပေးဖော်ပြရန် ဖြစ်ပါသည်။

ကမ္မဿကတာသမ္မာဒိဋ္ဌိဆိုသည်မှာ ယေဘုယျအားဖြင့် အကြောင်းအကျိုးတို့ဖြင့် အဖြစ်အပျက်ဟူသမျှသည် ဖြစ်ပျက်နေသောကြောင့် ကံနှင့် ကံ၏ အကျိုးတို့ ရှိသည်ဟု ခံယူသော အမြင် (ဝါ) ဝါဒပင် ဖြစ်သည်။

ဂေါတမဗုဒ္ဓ မတိုင်မီနှင့် ဂေါတမဗုဒ္ဓ လက်ထက်အခါက အိန္ဒိယ၌ အတွေးအခေါ် အယူဝါဒတို့ အမျိုးအပြားရှိနေသည်၊ ထိုအယူဝါဒတို့ မည်မျှပင် များပြားစေ၊ ယင်းတို့သည် (၆၂) မျိုးသော အယူဝါဒတို့ အတွင်း၌ အကျုံးဝင်ကြောင်းကို ဗုဒ္ဓက ဗြဟ္မဇာလသုတ်၌ အောက်ပါအတိုင်း ဖော်ပြခဲ့၏။

"ရဟန်းတို့ ....၊ ရှေးအဖို့ကို ကြံဆကုန်သော နောက် အဖို့ကို ကြံဆကုန်သော၊ ရှေးအဖို့ နောက်အဖို့ကို စွဲယူကုန်သော သမဏ ဗြာဟ္မဏ အားလုံးတို့သည် ရှေးအဖို့ နောက်အဖို့ကို စွဲမှီ၍ များပြားသော မိစ္ဆာအယူပြု စကားတို့ကို ပြောဟောကြလျှင် ဤ





ခြောက်ဆယ့်နှစ်မျိုးသော အကြောင်းတို့ဖြင့်သော်လည်းကောင်း၊ ဤ(ခြောက်ဆယ့်နှစ်မျိုး) တို့တွင် တစ်မျိုးမျိုးသော အကြောင်းဖြင့် သော်လည်းကောင်း ပြောဟောကြကုန်၏။ ဤ (ခြောက်ဆယ့်နှစ်မျိုး) တို့မှ တစ်ပါးသော အကြောင်းမရှိ။" *

အထက်ပါ လွဲမှားသော ခြောက်ဆယ့်နှစ်ပါးသော အယူဝါဒများနှင့် မိမိ အပါအဝင် လောကမှ လွန်မြောက်ပြီးသူတို့သည် မလိမ်းမကျံ မကပ်ငြိတော့ကြောင်းကို ဗုဒ္ဓက အောက်ပါအတိုင်း ဟောပြောခဲ့၏။

"မာဂဏ္ဍိယ.... ထို ငါဘုရားအား (ခြောက်ဆယ့်နှစ်ပါး) ဒိဋ္ဌိ တရားတို့၌ ဆုံးဖြတ်၍ (ဤငါ၏ အယူသာမှန်၏။ အခြားသူတို့ အယူကား အချည်းနှီးသာတည်းဟု) ဤစကားကို ဆိုမည်ဟု စွဲမြဲစွာ ယူဆမှု မရှိချေ။ (ခြောက်ဆယ့်နှစ်ပါးသော) ဒိဋ္ဌိ အယူတို့၌ အပြစ်တို့ကို မြင်သည်ဖြစ်၍(တစ်စုံတစ်ခုသော ဒိဋ္ဌိအယူကိုမျှ) မယူဘဲ (သစ္စာလေးပါးတို့ကို ) ရှာချယ်စိစစ်လျက် အရှုတွင်၌ ဖြစ်သော ကိလေသာတို့ ငြိမ်းရာနိဗ္ဗာန်ကို မြင်ပြီ ...."

"လောက၌ ရဟန္တာ ပုဂ္ဂိုလ်သည် အကြင် မိစ္ဆာဒိဋ္ဌိ စသော အယူတို့မှ ကင်းဆိတ်သည်ဖြစ်၍ ကျင့်၏။ ထိုအယူတို့ကိုလည်း ယူ၍ မပြောဆို။ ရေ၌

* ဗြာဟ္မဇာလသုတ်၊ ပိုဒ်ရေ ၁၀၂ ဒီဃနိကာယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်သော အဆူးရှိသော ပဒုမ္မာကြာသည် ရေဖြင့်လည်းကောင်း၊ ညွန်ဖြင့် လည်းကောင်း မလိမ်းကျံ မကပ်ညိသကဲ့သို့ ဤအတူ အဖွဲ့တွဲသန္တာန်၌ (ကိလေသာ) ငြိမ်းအေးရာ နိဗ္ဗာန်ကို ပြောဆိုသော ရဟန္တာသည် ကာမ၌ လည်းကောင်း၊ လောက၌ လည်းကောင်း၊ မတပ်မက် မလိမ်းကျံ မကပ်ငြိတော့ချေ .....” *

အထက်ပါ စကားတို့ကို ထောက်၍ ဗုဒ္ဓဝါဒသည် ၆၂ ပါးသော လောကရှိ အယူဝါဒတို့နှင့် (ကြာသည် နုန်းညွန်တို့နှင့် မကပ်ညိသကဲ့သို့) ရောယှက်ခြင်း မရှိဘဲ ယင်းဝါဒတို့မှ လွန်နေသော ဝါဒဖြစ်သည်မှာ ထင်ရှား၏။

သို့ဖြစ်၍ ဗုဒ္ဓ၏ ကံနှင့် ကံ၏ အကျိုးကို ဖော်ပြသော ကမ္မဿကတာဝါဒသည်လည်း အခြား အယူဝါဒများနှင့် ခြားနားလျက် ရှိသည်ဟု ဆိုရမည် ဖြစ်သည်။

ဗုဒ္ဓမတိုင်မီနှင့် ဗုဒ္ဓ လက်ထက်အခါက အချို့သော ပုဂ္ဂိုလ်များ (ဝါ) အတွေးအမြင် သမားများသည် ပုဗ္ဗေကတ ဟေတုဒိဋ္ဌိဟု ခေါ်သော အတိတ်ကံအတိုင်းသာ လူ သတ္တဝါတို့ အကောင်းအဆိုးအမျိုးမျိုး ဖြစ်ကြရသည်ဟု ခံယူကြသည်။ ထိုသူတို့က ....

* မာဂဏ္ဍိယသုတ်၊ အဋ္ဌကဝဂ်၊ ပိဋ်ရေ ၈၄၄ နှင့် ၈၅၂ သုတ္တနိပါတ်





“ဤလောက၌ အလုံးစုံသော သတ္တဝါ ဟူသမျှတို့သည် ချမ်းသာမှု သုခကို လည်းကောင်း၊ ဆင်းရဲမှု ဒုက္ခကိုလည်းကောင်း၊ ချမ်းသာလည်းမဟုတ်၊ ဆင်းရဲလည်းမဟုတ်သော ဥပေက္ခာဝေဒနာကို လည်းကောင်း ခံစားရကုန်၏။ ထိုသို့သော အလုံးစုံ ခံစားရမှု ဟူသမျှသည် ရှေးရှေးသော ဘဝတို့က ပြုခဲ့ဖူးသော အကြောင်း သက်သက်ကြောင့်သာ ဖြစ်၏။ ဤသို့ ထင်မြင်မှတ်ယူ ပြောဆိုလေ့ ရှိကုန် ၏...” *

အထက်ပါကဲ့သို့ ထင်မြင်မှတ်ယူလေ့ရှိသူတို့ကို ဗုဒ္ဓက..

“အရှင်တို့... သင်တို့သည် ချမ်းသာခြင်းသုခ ဆင်းရဲခြင်းဒုက္ခ ဆင်းရဲမဟုတ်၊ ချမ်းသာ မဟုတ် ဥပေက္ခာတို့သည် ရှေးက ပြုခဲ့သော ကံကြောင့်သာ ဖြစ်ရသည်ဟု ပြောလေ့ ယူလေ့ရှိသည်မှာ မှန် သလော” ဟု မေးသောအခါ ထိုသူတို့က ‘မှန်၏’ ဟု ဝန်ခံကြ၏။ ထိုသို့ ဝန်ခံသူတို့ ကို ဗုဒ္ဓက အောက်ပါကဲ့သို့ တုံ့ပြန် ပြောဆိုခဲ့၏။

“အရှင်တို့. . . သို့ဖြစ်လျှင် သူတစ်ပါးအသက်ကို သတ်လေ့ရှိသူတို့သည် အတိတ်ကံ၏ အကြောင်းကြောင့် သတ်ခြင်းဖြစ်ရတော့မည်။ မပေးသည်ကို ယူလေ့ရှိသူတို့သည်လည်း အတိတ်ကံကြောင့် ထိုသို့

* တတ္ထာယတနသုတ်-မဟာဝဂ်၊တိကနိပါတ်၊ အင်္ဂုတ္တရ ဒီဃနိကာယ်



www.burmeseclassic.com

www.burmeseclassic.com



နိုးယူခြင်းအမှုကိုပြုလုပ်ခြင်းဖြစ်ရတော့မည်။ မဟုတ် မမှန်ပြောလေ့ရှိသူတို့သည် ကုန်းချောစကားပြော လေ့ရှိသူတို့သည် ကြမ်းတမ်းသောစကား၊ ပြိန်ဖျင်း သောစကားတို့ကို ပြောလေ့ရှိသူတို့သည်လည်း အတိတ်ကံအကြောင်းကြောင့် (ထိုသို့ ပြောဆိုကုန်း ချောခြင်း စသည်တို့ကို ပြုရခြင်း)ဖြစ်ရတော့မည်။ သူတစ်ပါး၏ စည်းစိမ်ကို မက်မောခြင်း၊ သူတစ်ပါး ကို ပျက်စီးလို စိတ်ရှိသူတို့သည်လည်း အတိတ်ကံ ကြောင့် (ထိုသို့ သူတစ်ပါးစည်းစိမ်ကို မက်မောခြင်း၊ သူတစ်ပါးကို ပျက်စီးစေလိုခြင်း) ဖြစ်ရတော့မည်။ မှားသော မြင်ခြင်း၊ မှားသော အယူရှိသူဖြစ်ခြင်း တို့သည်လည်း အတိတ်ကံကြောင့် (ထိုသို့ အမှား မြင်၊ အမှားယူသူ) ဖြစ်ရချေတော့မည်။" *

ဗုဒ္ဓ အလိုအရ ကောင်းမှု၊ မကောင်းမှု အလုံးစုံသည် ရှေးကံကြောင့်သာလျှင် ဖြစ်ရသည်ဆိုပါက လောက၌ လူသည် "ဤအမှုကိစ္စကို ပြုရသည် ဆိုပါက လောက၌ အမှုကိစ္စမပြုရန်သော်လည်းကောင်း၊ အလိုဆန္ဒသည် လည်းကောင်း၊ အားထုတ်ခြင်း ဝီရိယသည် လည်း ကောင်း မဖြစ်တော့ချေ" ** ။ ပုဗ္ဗေကတဟေတု ဝါဒ ကို အခိုင်အမာ လက်ခံလိုက်ပါက လူသည် ...

* တတ္ထိာယတနသုတ်၊ ညွှန်းပြီး။

** တတ္ထိာယတနသုတ်၊ ညွှန်းပြီး။





"အကြင် အမှုကို ငါတို့မချွတ် ပြုသင့်ပြုထိုက်၏။ ထိုအမှုကို ငါတို့ မချွတ် မပြုသင့် မပြုထိုက်။ ထိုအမှု ကို ငါတို့ပြုကျင့်ကုန်အံ့ဟူ၍ လည်းကောင်း၊ အကြင် အမှုကို ငါတို့မပြုသင့် မပြုထိုက်ကြကုန်ရာ။ ထိုအမှု မျိုးကို ငါတို့ မပြုဘဲ ရှောင်ကြဉ်ကုန်အံ့ဟူ၍ လည်း ကောင်း စိတ်ထားဆန္ဒ ဝီရိယ မဖြစ်နိုင်ကြ ကုန်ရာ။ အဘယ်ကြောင့်နည်းဟူမူ ပြုထိုက်သည်ကို ပြုခြင်း၊ မပြုထိုက်သည်ကို မပြုဘဲ ရှောင်ကြဉ်ခြင်းများသည် ရှေးကံသာလျှင်အကြောင်းရှိ၏။ ရှေးကံကြောင့် ဖြစ်၏။ စိတ်ထားဆန္ဒ ဝီရိယတို့ကြောင့် ဖြစ်သည် မဟုတ်ဟု ယုံကြည်ကြသောကြောင့်တည်း" *

ထိုအခါ ....

"လောက၌ရှိရှိသမျှ အခွင့်ကိစ္စ အရာဌာနတို့ကိုမပြု မလုပ်ဘဲ အလကားနေဖို့ရန်(အကိရိယဖြစ်ဖွယ်) သာရှိ လေတော့၏။ အဘယ်ကဲ့သို့ အကိရိယဖြစ်သနည်းဟူမူ ဤပုဗ္ဗေကတဟေတုဝါဒကို မြဲမြံစွာ ယူသော သူတို့သည် သူတော်တကာတို့ ပြုအပ်သောအမှု၊ သူတော်တကာတို့ ၏ စွမ်းအင်လုံ့လ ဝီရိယဟူသမျှ အလုံးစုံ ပယ်ကုန်၏။ ဝီရိယ၏ အရာဌာန၊ ပညာ၏ အရာဌာနတို့ကိုလည်း ပစ်ပယ်ကုန်၏။ ဒိဋ္ဌမမွှန်နှင့် စပ်ယှဉ်သောအကျိုး၊ တမလွန်

* လယ်တီ ပဏ္ဍိတ ဦးမောင်ကြီး ၊ သမ္မာဒိဋ္ဌိ ဒီပနီ၊ စာ- ၂၈



www.burmeseclassic.com

www.burmeseclassic.com



နှင့် စပ်ယှဉ်သော သမ္မာရာယိက အကျိုး ဤသို့ စသည်ဖြင့် ပညာရှိသူတို့ သမုတ်ပညတ်ထားအပ်သော အကျိုးစီးပွား ဟူသမျှကိုလည်း မဟုတ်မမှန်ဟု မှတ်ယူ စွဲမြဲကုန်၏။ ထိုပုဗ္ဗေကတဟေတုဒိဋ္ဌိ(အယူရှိသူ)တို့အား လောက၌ ပြုသင့်ပြုထိုက်သော သူတော်တကာတို့၏ အမှုကိစ္စဟူသမျှကို ပြုလုပ်အားထုတ်ရန် ဆန္ဒသည်လည်းကောင်း ဝီရိယသည်လည်းကောင်း မဖြစ်နိုင်ကုန်ရာ။ ဤသို့လျှင် ပုဗ္ဗေကတဝါဒသည် အကိရိယဖြစ်ဖွယ် ရှိလေသည်။"*

အတိတ်ကံကိုသာအားကိုးယုံကြည်ပုံရသော ပုဏ္ဏားတစ်ဦးက ဂေါတမ ဗုဒ္ဓအား ....

"အရှင် ဂေါတမ.... ဤသတ္တဝါ ပုဂ္ဂိုလ်သည် တစ်စုံတစ်ခုသော သုခကို ဖြစ်စေ၊ ဒုက္ခကို ဖြစ်စေ၊ ဥပေက္ခာကို ဖြစ်စေ ခံစား၏။ ထိုအားလုံးသော ခံစားမှုတို့သည် ရှေးကံကြောင့် ဖြစ်သည်ဟု ဆိုလေ့ရှိကုန်သော အချို့သော သာမဏဗြာဟ္မဏတို့သည် ရှိကုန်၏။ ဤအရာ၌ အရှင်ဂေါတမသည် အဘယ်သို့ ဆိုပါသနည်း " ဟု မေးလျှောက်ရာ ဗုဒ္ဓက အောက်ပါကဲ့သို့ ဖြေကြားခဲ့သည်။

"ဤလောက၌ ဝေဒနာတို့သည် သလိပ်ကြောင့် သော်လည်းကောင်း၊ လေကြောင့် သော်လည်းကောင်း၊ သည်းခြေ၊ သလိပ်၊ လေ သုံးပါး ပေါင်းစုံခြင်းကြောင့်သော်လည်းကောင်း၊ ဥတုဖောက်ပြန်

* လယ်တီ ပဏ္ဍိတ ဦးမောင်ကြီး ၊ ညွှန်းပြီး၊ စာ - ၂၉





ခြင်းကြောင့်သော်လည်းကောင်း၊ မညီမညွတ်ဆောင်ရွက်ခြင်းကြောင့် သော်လည်းကောင်း၊ ကံ၏ အကျိုးကြောင့် သော်လည်းကောင်း ဖြစ်ကုန်၏။ ဤအကြောင်းကို ကိုယ်တိုင်လည်းသိအပ်၏။ လောက, ကလည်း အမှန်ဟု သမုတ်အပ်၏။ သို့ဖြစ်သောကြောင့် တစ်စုံတစ်ခုသော ဝေဒနာခံစားရခြင်းသည် ရှေးကံကြောင့်ချည်းသာဖြစ်သည်ဟု ဆိုသောသူတို့၏ စကားကို အမှားဟု ငါဆို၏ " *

အထက်ပါ ဗုဒ္ဓ၏ဖြေကြားချက်စကားကို ထောက်၍ ပစ္စုပ္ပန်ရှိ အောင်မြင်မှု၊ ဆုံးရှုံးမှု၊ ချမ်းသာမှု၊ ဆင်းရဲမှု၊ ကောင်းမှု၊ မကောင်းမှု မှန်သမျှသည် အတိတ်ကံကြောင့်ချည်းမဟုတ်ဘဲ ပစ္စုပ္ပန်ဘဝရှိ ဆန္ဒ၊ ဉာဏ်၊ ဝီရိယတို့နှင့် ပတ်ဝန်းကျင် အခြေအနေများကြောင့်လည်း ဖြစ်နိုင်ကြောင်း သတိပြုရပေလိမ့်မည်။

ပုဗ္ဗေကတဟေတုဝါဒကို လက်မခံသကဲ့သို့ အလုံးစုံသော အောင်မြင်ထမြောက်မှု၊ ကျရှုံး ပျက်စီးမှု၊ ချမ်းသာမှု ဆင်းရဲမှုတို့သည် လောကို အစိုးရသူ (ဖန်ဆင်းရှင်) ကြောင့် ဖြစ်ရသည်ဟူသော 'ဣဿရနိမ္မာနဝါဒ' ကိုလည်း လက်မခံချေ။ ဤသို့ လက်မခံခြင်းကို အောက်ပါ ဗုဒ္ဓ၏ စကားဖြင့် သိသာလေသည်။

* သိဝကသုတ်၊ အင္ဂုတ္တရ ပဏ္ဏာသပါဠိ၊ ဝေဒနာသံယုတ်။

www.burmeseclassic.com



"ဤသတ္တဝါသည် အလုံးစုံသော ချမ်းသာခြင်း သုခကိုလည်းကောင်း၊ ဆင်းရဲခြင်းဒုက္ခကို လည်းကောင်း၊ ချမ်းသာဆင်းရဲမဟုတ်သော လျစ်လျူရှုခြင်း သဘော ဥပေက္ခာကို လည်းကောင်း၊ ခံစား၏။ ထိုခံစားမှုအားလုံးသည် လောကကို အစိုးရသူ ဖန်ဆင်းသူ၏ ဖန်ဆင်းမှုကြောင့် ဖြစ်ရသည်ဟု ပြောလေ့ရှိသော သာမဏ၊ ဗြာဟ္မဏတို့ထံသို့ ချဉ်းကပ်၍ 'အရှင်တို့ .... သင်တို့သည် ချမ်းသာခြင်း သုခ၊ ဆင်းရဲခြင်း ဒုက္ခ၊ ဆင်းရဲမဟုတ် ချမ်းသာမဟုတ် ဥပေက္ခာတို့သည် လောကကို အစိုးရသူ (ဖန်ဆင်းရှင်၏) ဖန်ဆင်းမှုကြောင့် ဖြစ်ရသည်ဟု ပြောလေ့ ယူလေ့ရှိသည်မှာ မှန်သလော' ဟု ငါမေး၏။ ထိုသို့ ငါမေးသော် မှန်၏ဟု သူတို့က ဝန်ခံကြ၏။ ထိုသူတို့ကို ငါသည် ဤသို့ဆို၏။ 'အရှင်တို့... သို့ဖြစ်လျှင် သူတစ်ပါး၏ အသက်ကို သတ်လေ့ရှိသူတို့သည် လောကကို အစိုးရသော (ဖန်ဆင်းရှင်၏) ဖန်ဆင်းမှု ဟူသော အကြောင်းကြောင့် (ထိုသို့သူတစ်ပါး၏ အသက်ကိုသတ်ဖြတ်ရခြင်း) ဖြစ်ရတော့မည်။ မပေးသည်ကို ယူလေ့ ရှိသူတို့သည်လည်း လောကကို အစိုးရသူ (ဖန်ဆင်းသူ၏) ဖန်ဆင်းမှု ဟူသော အကြောင်းကြောင့် (ထိုသို့ ခိုးယူခြင်း အပြုအမူကို ပြုလုပ်ရခြင်း) ဖြစ်ရတော့မည်။ မမြတ်သော အကျင့်ကို ကျင့်လေ့ရှိသူတို့သည်လည်း လောကကို





အစိုးရသူ (ဖန်ဆင်းရှင်၏) ဖန်ဆင်းမှုဟူသော အကြောင်းကြောင့် (ထိုသို့ မမြတ်သော အကျင့်ကို ကျင့်ခြင်း) ဖြစ်ရပေတော့မည်။ မဟုတ်မမှန်ပြောဆိုလေ့ရှိသူတို့သည်....ကုန်းချောစကားပြောလေ့ရှိသူတို့သည်....ကြမ်းတမ်းသော စကား၊ ပြိန်ဖျင်းသော စကားတို့ကို ပြောလေ့ရှိသူတို့သည်လည်း လောကကို အစိုးရသူ(ဖန်ဆင်းရှင်)၏ ဖန်ဆင်းမှုဟူသော အကြောင်းကြောင့် (ထိုသို့ ပြောဆိုကုန်းချောခြင်း စသည်တို့ကို ပြုရခြင်း) ဖြစ်ရတော့မည်။ သူတစ်ပါး၏ စည်းစိမ်ကို မက်မောလေ့ရှိသူ ပျက်စီးစေလိုစိတ်ရှိသူတို့သည်လည်း လောကကို အစိုးရသူ(ဖန်ဆင်းရှင်၏) ဖန်ဆင်းမှုဟူသော အကြောင်းကြောင့် (ထိုသို့ သူတစ်ပါး၏ စည်းစိမ်ကိုမက်မောခြင်း၊ ပျက်စီးစေလိုခြင်း) ဖြစ်ရတော့မည်။ မှားသောမြင်ခြင်း မှားသောအယူရှိသူတို့သည်လည်း လောကကို အစိုးရသူ(ဖန်ဆင်းရှင်၏)ဖန်ဆင်းမှုဟူသော အကြောင်းကြောင့် (ထိုသို့ အမှားမြင်ခြင်း၊ အမှားယူခြင်း) ဖြစ်ရချေတော့မည်။" •

ဖန်ဆင်းခြင်းကို လက်ခံသော ဘာသာတို့တွင် ကံတရားကို လုံးဝ ပစ်ပယ်ထားသည်တော့ မဟုတ်ချေ။ သို့ရာတွင် ထိုဘာသာတို့ အလိုအရ ကံတရားကို ပဓာန

• တိတ္ထာယတနသုတ်၊ ညွှန်းပြီး။



www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် ကြိုးကိုင် ပြဋ္ဌာန်းပေးသူမှာ မဟာဗြဟ္မာ(ဝါ) ဖန်ဆင်းရှင် ထာဝရဘုရား ဖြစ်သည်ဟု ယူဆထားသည်။ သို့ဖြစ်၍ ကံတရားသည် ၎င်း၏ အလိုအလျောက်အကျိုး ပေးခြင်းမဟုတ်ဘဲ မဟာဗြဟ္မာ၏ အလိုတော်အတိုင်း (ဝါ) ထာဝရဘုရား၏ အလိုတော်အတိုင်း ကံတရားကို အကျိုးပေးစေခြင်း ဖြစ်သည်။ "လောက၌ ထာဝရဘုရား ရှိ၏။ ထိုထာဝရဘုရားသည် လောကဓာတ်ကြီးကို ဖန်ဆင်း၏။ သတ္တဝါတို့ကို ဖန်ဆင်း၏။ သတ္တဝါတို့၏ ဆင်းရဲချမ်းသာကိုဖန်ဆင်း၏။ ထာဝရဘုရားသည် လောကကြီး၏အရှင်သခင်ဖြစ်၏။ သတ္တဝါတို့၏ ဘုရင်ဖြစ်၏။ ဤသို့ အယူရှိသော သူတို့သည် ဣဿရနိမ္မာနဝါဒဒိဋ္ဌိ သို့ပါဝင်ကြလေကုန်၏။ ထိုသူတို့သည် ကံနှင့်ကံ၏ အကျိုး များကို လုံးလုံးပယ်ရှားရာ ရောက်၏။ သတ္တဝါတို့ အကြောင်းကိုမူကား မပယ်ရှား။ သို့ပင် မပယ်ရှားသော်လည်း မှားသော အကြောင်းကို ယုံကြည်စွဲလမ်းကြကုန်၏။ စင်စစ်အားဖြင့် လောကကို ဖန်ဆင်းသော ပုဂ္ဂိုလ်ဟူ၍ တစ်စုံတစ်ရာ မရှိပါဘဲလျက် ဖန်ဆင်းသူ အရှင်သခင် ရှိ၏ဟု ယုံမှားခြင်းမှာ မမှန်သော အကြောင်းကို စွဲလမ်းခြင်း ဖြစ်လေသည်။" *

အနောက်တိုင်း အတွေးအခေါ် သမိုင်း၌ အထက်ပါ ပုဗ္ဗေကတဟေတုဝါဒ၊ ဣဿရနိမ္မာနဝါဒတို့နှင့် ဆင်ဆင်

* လယ်တီ ပဏ္ဍိတ ဦးမောင်ကြီး ၊ ယမိုက်အဖြေကျမ်း၊ စာ- ၃၂





တူသော အယူအဆတစ်ခုမှာ Fatalism ပင် ဖြစ်သည်။ ထိုဝါဒ၏ သဘောမှာ "ဖြစ်ရမည့်အရာသည် ဖြစ်ကိုဖြစ် လိမ့်မည်။ ဖြစ်ကိုဖြစ်မည့် အရာကို မည်သို့မျှ ဟန့်တား ပြောင်းလဲခြင်းငှာ မဖြစ်နိုင်" * ဟု ယူဆသော ဝါဒ ပင်ဖြစ်သည်။ ဤသဘောမျိုးနှင့် ဆင်တူသော အယူ အဆတစ်ခုကို ဗုဒ္ဓလက်ထက်အခါက မက္ခလိ ဂေါသာလ ယူဆခဲ့ဖူးသည်။ သူက "ငါသည် ဤသီလဖြင့် သော် လည်းကောင်း၊ ဤကျင့်ဝတ်ဖြင့်သော်လည်းကောင်း၊ ဤ ခြိုးခြံမှုဖြင့် သော်လည်းကောင်း၊ ဤအကျင့်မြတ်ဖြင့် သော်လည်းကောင်း မရင့်သေးသော ကံကိုလည်း ရင့်စေ မည်၊ ရင့်ပြီးကံကိုမူလည်း တွေ့၍တွေ့၍ (ကံတို့ကို ခံလိုက် ခြင်းဖြင့်) ပျက်စီးစေမည် ဟူ၍ ဤသို့ ပြုပြင်နိုင် ခြင်း မရှိ၊ ချမ်းသာ ဆင်းရဲသည် စရွတ်တောင်းဖြင့် ခြင် ထားသကဲ့သို့ ဖြစ်၏။ သံသရာသည် အပိုင်းအခြား ပြု ထားပြီး ဖြစ်၏။ အတိုးအဆုတ်မရှိ၊ အလွန်အယုတ်မရှိ၊ ချည်လုံးကို ပစ်လိုက်သော် ချည်ရှိသရွေ့သာ ပြေလျက် ပြေးသွားသကဲ့သို့ ဤအတူ လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ၊ တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွား ကျင်လည်၍ ဆင်းရဲ ကုန်ခြင်းကို ပြုကြလတ္တံ့။" **

* T. E. Katen, "Doing Philosophy - P . 385"

** သာမညဖလသုတ်၊ ပိဋ်ရေ ၁၆၈၊ ဒီဃနိကာယ်။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ ကြမ္မာဝါဒနှင့် မကွဲလိဝေါသလ၏ အမြင်အရ ကျွန်ုပ်တို့၏ ဘဝအကောင်းအဆိုး ဖြစ်စဉ်များသည် မူလက ပြဋ္ဌာန်းသတ်မှတ်ထားပြီး ဖြစ်သည့် အတိုင်းသာ ဖြစ်ရပျက်ရ ချေတော့မည်။ ကျွန်ုပ်တို့၏ ယခုမျက်မှောက် ဘဝ၌ မည်မျှ လုံ့လ၊ ဝီရိယနှင့် ဉာဏ်ပညာတို့ကို သုံးစေ မည်သို့မျှ ပြောင်းလဲနိုင်ခြင်း မရှိဟု ယူဆရတော့မည် ဖြစ်၏။

ကြမ္မာဝါဒနှင့် ဆင်တူသော အခြားအယူအဆတစ်ခုမှာ "ညီညွတ်မှု ကြိုတင် ပြင်ဆင် အခြေခံသဘောတရား (The Principle of Pre-established Harmony) ပင်ဖြစ်သည်။ ဤသဘောတရားကို ဖော်ပြခဲ့သူမှာ ဂျာမာန်တွေးခေါ် ပညာရှင် လိုက်ဗ်နိစ်စ် ဖြစ်သည်။

လိုက်ဗ်နစ်စ်က လောကကြီး၏ အခြေခံများသည် ထုထည်မရှိသော မိုနဒ်များ Monards ဖြစ်သည်ဟု ဆိုသည်။ လိုက်ဗ်နစ်စ် သုံးနှုန်းခဲ့သည့် 'မိုနဒ်' ဟူသော စကားလုံး သည် အား(ဝါ) စွမ်းအင်ကို ရည်ညွှန်းခဲ့ခြင်း ဖြစ်မည်ဟု ယူဆသူများလည်း ရှိသည်။ လိုက်ဗ်နစ်စ်က ထိုမိုနဒ်များသည် ပုံသဏ္ဌာန်လည်းမရှိ၊ ဒြပ်လည်းမရှိ၊ ရုပ်ပစ္စည်းများလည်း မဟုတ်ဟု ဆိုသည်။ ထို့ကြောင့်ပင် လိုက်ဗ်နစ်စ်၏ အခြေခံဝတ္ထုနှင့် ပတ်သက်သော အယူဝါဒကို 'အရူပဝါဒ' ဟု ခေါ်ကြသည်။ လိုက်ဗ်နစ်စ်က မိုနဒ် လေးမျိုးရှိကြောင်း၊ ယင်းတို့မှာ (၁) ထာဝရ





ဘုရား (၂) လူတို့၏ စိတ် (၃) တိရစ္ဆာန်တို့၏ စိတ် (၄) ရုပ်ဝတ္ထုတို့ ဖြစ်ကြသည်ဟု ဆိုသည်။

လိုက်ဗ်နစ်စ် အလိုအရ ထာဝရဘုရားဟူသော အား (ဝါ)မိုနဒ်သည် ပဓာနကျသော အားဖြစ်သည်။ ထို ထာဝရဘုရားတည်းဟူသော မိုနဒ်က ကျန်မိုနဒ်သုံးမျိုးကို ဖန်တီးထားခြင်းဖြစ်သည်။ ဤသို့ ဖန်တီးခြင်းဖြင့် ကမ္ဘာပေါ်ရှိ အရာခပ်သိမ်းတို့ ဖြစ်ပေါ်လာရသည်။ သက်ဆိုင်ရာ အားတို့နှင့်ဆိုင်သောမိုနဒ်တို့သည်စကြဝဠာကြီး၌ အမြောက်အမြားရှိသော်လည်း တစ်ခုနှင့် တစ်ခု ဆက်သွယ်မှုမရှိဘဲ တည်နေကြသည်ဟု လိုက်ဗ်နစ်စ်က ယူဆသည်။

လိုက်ဗ်နစ်စ်က ထာဝရဘုရားတည်းဟူသော အား (ဝါ)မိုနဒ်သည် အကြည်လင် အသန့်စင်ဆုံး မိုနဒ်ဖြစ်၍ အရာရာတို့ အကြွင်းမဲ့ တစ်မဟုတ်ချင်း သိနိုင်သည်ဟု ဆို၏။ လူတို့၏ စိတ်အား (ဝါ) မိုနဒ်သည် အကြွင်းမဲ့ တစ်မဟုတ်ချင်း မသိနိုင်ချေ။ သို့ရာတွင် ထိုမိုနဒ်သည် ဆင်ခြင်နိုင်စွမ်း ရှိသည်။ တိရစ္ဆာန်တို့၏ စိတ်အား(ဝါ) မိုနဒ်သည် ဆင်ခြင်မှုကို မပြုနိုင်။ သို့ရာတွင် အာရုံကို သိနိုင်သည်။ ရုပ်ဝတ္ထုအား (ဝါ) မိုနဒ်မှာမူ အာရုံသိနိုင်ခြင်းသဘောပင် မရှိ။ ၎င်းသည် 'ဖုံးကွယ်သော အသိရှိသော အား' ဖြစ်သည်။

လိုက်ဗ်နစ်စ် အလိုအရ စကြဝဠာကြီး၌ မိုနဒ်များ အမြောက်အမြားရှိကြသော်လည်း ယင်းတို့သည် ထာဝရ



www.burmeseclassic.com

www.burmeseclassic.com



ဘုရား ဖန်ဆင်းပြီးနောက်၌ အတိုးအလျှော့လည်း မရှိ၊ တစ်မျိုးတစ်ဖုံ ပြုပြင် ဖန်တီး၍လည်း မရနိုင်ဘဲ ထာဝရ အခြေခံများအဖြစ် တည်ရှိနေကြသည်။ မိုနဒ်များ၏ အတွင်းသဘော၌ ပြောင်းလဲခြင်းရှိသော်လည်း အခြား မိုနဒ်များနှင့်မူ ဆက်သွယ်ခြင်းမရှိချေ။ သို့ဖြစ်၍ လူ၏စိတ် မိုနဒ်နှင့် ရုပ်မိုနဒ်သည်လည်း ဆက်သွယ်မှု လုံးဝမရှိချေ။ သို့ရာတွင် လူတို့က တစ်ခါတစ်ရံ၌ စိတ်၏ ဦးဆောင်မှုကို ရုပ်က လိုက်သလို၊ ရုပ်၏ ဦးဆောင်မှုကိုလည်း စိတ်က လိုက်သည်။ စိတ်နှင့်ရုပ် ဆက်သွယ်မှုရှိသည်ဟု ထင်မှတ်တတ်ကြသည်။ စင်စစ် မိုနဒ်များသည် တစ်ခုပေါ် တစ်ခု လွှမ်းမိုးနိုင်ခွင့် မရှိချေ။ လူ၏ စိတ်မိုနဒ်နှင့် ရုပ်မိုနဒ်သည် လည်း တစ်ခုက တစ်ခုကို လွှမ်းမိုး ဆက်သွယ်မှု မရှိကြချေ။ ဤသို့ တစ်ခုက တစ်ခုကို လွှမ်းမိုး ဆက်သွယ်မှု မရှိခြင်းကို ရည်ညွှန်း၍ လိုက်ဗ်နစ်စ်တ မိုနဒ်များ၌ တစ်ခုကို တစ်ခုဆက်သွယ်ရန် တံခါးမရှိ (Windowless Monads)ဟု ဖော်ပြခဲ့၏။ မိုနဒ်များ ဆက်သွယ်သယောင် ရှိနေခြင်းမှာ အဓိကမိုနဒ်ဖြစ်သော ထာဝရဘုရားက စကြဝဠာကို မဖန်တီးမီကပင် မိုနဒ် တစ်ခုနှင့်တစ်ခု ကိုက်ညီမှုရှိနေစေရန် ကြိုတင်စီစဉ်ထားသောကြောင့် ဖြစ်သည်။ ဤသို့ စီစဉ်ထားမှုကို လိုက်ဗ်နစ်စ်တ ညီညွတ်မှု ကြိုတင်ပြင်ဆင် အခြေခံသဘောတရားဟု ခေါ်ခဲ့သည်။





အထက်ပါ အယူအဆကို နားလည်ရန်အတွက် အောက်ပါ ဥပမာကို ဆောင်ပြတတ်ကြသည်။

စိတ်ရုပ် အစရှိသော လောကကြီးရှိ မိုနဒ်များတည် နေပုံသည် ချိန်ကိုက်ထားသော အလွန်အချိန်မှန်သည့် နာရီများနှင့်တူသည်။ ထိုချိန်ကိုက်ထားသော အလွန် အချိန်မှန်သည့် နာရီများကို မည်သည့်အခါတွင်ကြည့် ကြည့် တစ်လုံးနှင့်တစ်လုံး တစ်ပြိုင်တည်း ကိုက်ညီသော "အချိန်တူ"ကို ပြနေကြသည်ကို တွေ့ရမည် ဖြစ်သည်။ ထိုသို့ တစ်ပြိုင်တည်း ကိုက်ညီမှုကို ပြနေသော်လည်း ထိုနာရီတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အဆက် အသွယ်ရှိနေသည်ကားမဟုတ်။ ထို့အတူ စိတ်၊ ရုပ် အစ ရှိသော မိုနဒ်တို့သည်လည်းတစ်ခု၏ လှုပ်ရှားမှုနှင့် ကျန် တစ်ခု၏လှုပ်ရှားမှုတို့ ကိုက်ညီမှန်ကန်စွာ ပြိုင်တူလှုပ်ရှား နေခြင်းဖြစ်သည်။ ယင်းသို့ ပြိုင်တူလှုပ်ရှားနေကြသော် လည်း စိတ်နှင့် ရုပ်မိုနဒ်များ တစ်ခုနှင့်တစ်ခု ဆက်သွယ် ခြင်းလည်းမရှိ၊ လွှမ်းမိုး ထိခိုက်ခြင်းလည်းမရှိ၊ အခြား မိုဒ်များသည်လည်း ထိုအတူပင် ဖြစ်သည်။ နာရီတို့ တစ်ပြိုင်တည်း၌ အချိန်မှန်ပြမှုသည် နာရီလုပ်သော သူ၏ ကျွမ်းကျင်မှုကြောင့် ဖြစ်သကဲ့သို့ စိတ်နှင့်ရုပ် အစရှိ သည့် မိုနဒ်တို့ တစ်ခုနှင့် တစ်ခု ကိုက်ညီစွာ ဖြစ်ပေါ်နေမှု သည်လည်း ဖန်တီးထားသော ထာဝရဘုရား၏ ကျွမ်း ကျင်မှုကြောင့်ပင် ဖြစ်သည်။

အထက်ပါ ညီညွတ်မှု ကြိုတင်ပြင်ဆင်မှု အယူအဆ



www.burmeseclassic.com

www.burmeseclassic.com



သည့် ကိုယ်ကျင့်တရားဆိုင်ရာ ပြဿနာတို့နှင့် ရင်ဆိုင်စရာများ ရှိလာသည်။

လိုက်ဗ်နစ်စ်က ဤကမ္ဘာကြီးသည် ထာဝရဘုရားက အကောင်းဆုံးသော ကမ္ဘာကြီးဖြစ်အောင် ဖန်ဆင်းထားခြင်းဖြစ်သည်ဟု ဆိုသည်။ ဤတွင် ထာဝရဘုရားသည် အတိုင်းမသိ ကောင်းမြတ်ခြင်း၊ အသိဉာဏ်ရှိခြင်းတို့ဖြင့် ပြည့်စုံသူဖြစ်ပါလျက် ဤလောကကို ဖန်ဆင်းရာ၌ မကောင်းမှုတို့ကို အဘယ်ကြောင့် ထည့်သွင်းဖန်ဆင်းခဲ့ရသနည်း။ ထာဝရဘုရားသည် အတိုင်းမသိ ဉာဏ်ရှိသူဖြစ်ပါက ဤလောကကြီး၌ မကောင်းမှုများ၊ အနိဋ္ဌာရုံများ ပါဝင်ဖြစ်ပေါ်လာမည်ကို ကြိုတင်၍ မသိလေသလော။ ကြိုတင်၍ သိသည်ဆိုလျှင် ဤလောကကြီးကို မဖန်ဆင်းမီ ကတည်းက မကောင်းမှုများ မပါဝင် မဖြစ်ပေါ်အောင် အဘယ်ကြောင့် ကြိုတင်၍ မစီစဉ်သနည်း။ ထို့ပြင် အကုသိုလ်စိတ်များနှင့် ဒုစရိုက် အပြုအမူများကိုကိုက်ညီဖြစ်ပေါ်နေအောင်လည်း ထာဝရဘုရားကပင် ကြိုတင် စီစဉ်လိုက်လေသလော၊ မကောင်းမှုကို တွေးကြံ မိအောင် ထိုသို့ တွေးကြံမှုနှင့် မကောင်း သည်ကို ပြောခြင်း၊ မကောင်းသည်ကို ပြုခြင်းတို့ အချိုးကိုက်ညီစွာ ဖြစ်ပေါ် နေအောင်လည်း ထာဝရ ဘုရားကပင် ကြိုတင် ဖန်တီး လေသလော စသည့် အမေး ပြဿနာများကို ဒဿန ပညာရှင်များ မေးလာကြ သည်။ ထိုအမေးများ နှင့်အတူ လိုက်ဗ်နစ်စ်၏ ညီညွတ်မှု





ကြိုတင်ပြင်ဆင်မှု နိယာမအပေါ် သံသယများ ဖြစ်လာကြသည်။

လိုက်ဗ်နစ်စ်က ဤကမ္ဘာလောကကြီးကို ထာဝရဘုရားက အကောင်းဆုံးသော ကမ္ဘာလောကကြီးဖြစ်အောင် ဖန်ဆင်းထားသည်ဟု ဆိုခဲ့သည်။ သို့ပါလျက် ဤကမ္ဘာလောကကြီး၌ အဘယ်ကြောင့် မကောင်းမှု အနိဋ္ဌာရုံများ ရှိနေရသနည်းဟုမေးလာစရာ ရှိလာသည်။ လိုက်ဗ်နစ်စ်က မကောင်းမှု အနိဋ္ဌာရုံများသည် ဤကမ္ဘာလောကကြီးကို တည်ဆောက်ရာ၌ လိုအပ်သော အရာများဖြစ်သည်။ မကောင်းမှုတို့ မရှိပါက ကိုယ်ကျင့်သီလစောင့်ထိန်းမှုသည်လည်း ရှိမည် မဟုတ်ချေ။ မကောင်းမှုတို့ မရှိပါက ကောင်းခြင်းသဘောကို သိသော အသိဉာဏ် (ဝါ) အကောင်းအဆိုးကို ခွဲခြားသိမြင်တတ်သော အသိဉာဏ်လည်း ရှိလာမည် မဟုတ်ချေ။

လိုက်ဗ်နစ်စ် အလိုအရ အကယ်၍ လောကကြီး၌ မကောင်းမှုများ မရှိပါက လူတို့တွင် မကောင်းမှုကို ပြုကျင့်မှု၊ အကျင့်သီလ စောင့်သိမှု၊ ဆင်ခြင်မြော်မြင်မှု၊ လွတ်လပ်စွာ ရွေးချယ်လုပ်ဆောင်မှုတို့သည် မရှိနိုင်တော့ချေ။ မကောင်းမှုတို့ မရှိလျှင် လူသည် ကောင်းမှုတို့၏ သဘောကို နားမလည်နိုင်ချေ။ အကောင်းအဆိုး၊ သုစရိုက်၊ ဒုစရိုက်တို့ကို နားလည်ပါမှ လူသည် မိမိကိုယ်တိုင် အကောင်းအဆိုးကို လွတ်လပ်စွာ ရွေးချယ်လုပ်ဆောင်နိုင်မှု ရှိနိုင်လေသည်။ မကောင်းမှုတည်းဟူသော



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခအန္တရာယ်များ၊ ပြဿနာများ၊ အခက်အခဲများ မရှိပါက လူသည် ထိုဒုက္ခ၊ အခက်အခဲ ပြဿနာများကို ဖြေရှင်းနိုင်သောအသိဉာဏ်ရှိသူဖြစ်လာမည် မဟုတ်ချေ။ အခက်အခဲနှင့်ပြဿနာများ၊ ဘေးအန္တရာယ် အစရှိသော မကောင်းမှုများကြောင့်လူသည် အသိဉာဏ်ရှိသူ၊ အသိဉာဏ်ကို အသုံးချတတ်သူ ဖြစ်လာရခြင်း ဖြစ်သည်။ သို့ဖြစ်၍ မကောင်းမှုများသည်လည်း လူ့လောက တိုးတက်ရေးအတွက် လိုအပ်သော အရာများဟု လိုက်ဗ်နစ်စ်က ဆိုလိုချင်ဟန်ရှိသည်။ သို့ရာတွင် . . . .

ဝေဖန်သူတို့က ဤကမ္ဘာလောကကြီးသည် လိုက်ဗ်နစ်စ်က ယူဆသကဲ့သို့ ထာဝရဘုရား၏ အကောင်းဆုံးသော ဖန်ဆင်းမှု လက်ရာ မဖြစ်နိုင်ချေ။ မြေငလျင်များ၊ မိုးခေါင်ခြင်းများ၊ ရေကြီးခြင်းများ၊ ငတ်မွတ်ခေါင်းပါးခြင်းများ၊ ရောဂါအန္တရာယ်များ၊ မတရားမှုများ၊ ရက်စက်ခြင်းများ၊ မတော်လောဘ၊ မတော်ဒေါသတို့ဖြင့် သတ်ဖြတ်ညှင်းဆဲခြင်းများ၊ အိုခြင်း၊ သေခြင်းတရားများကို ထောက်၍ ဤကမ္ဘာလောကကြီးသည် အကောင်းဆုံး ကမ္ဘာလောကကြီးမဟုတ်သည်မှာ ထင်ရှားသည် မဟုတ်ပါလော။ မကောင်းမှုတို့ကို ထည့်သွင်းပေးခြင်းဖြင့် လူ့လောကာ တိုးတက်အောင် ဖန်တီးမည့်အစား အသိအလိမ္မာနှင့် သင်ခန်းစာရဖွယ် ဖြစ်ရပ်တို့ကို အဘယ့်ကြောင့် မထည့်သွင်းခဲ့သနည်း စသည်ဖြင့်ဝေဖန်ကြ၏။





ဗုဒ္ဓ ဝါဒသည် အထက်ပါ ကြမ္မာဝါဒ၊ ညီညွတ်မှု ကြိုတင်ပြင်ဆင်မှုဝါဒတို့ကို လက်ခံလိမ့်မည် မဟုတ်ချေ။

ထို့ပြင် အဟေတုကဒိဋ္ဌိဟုခေါ်သော အကြောင်းတရားကို ပစ်ပယ်သည့်ဝါဒကိုလည်း ဗုဒ္ဓဝါဒက လက်မခံချေ။

အဟေတုကဒိဋ္ဌိ ကို လက်ခံသူတို့က ....

"ဤလောက၌ အလုံးစုံသော သတ္တဝါ ဟူသမျှတို့သည် ချမ်းသာခြင်းသဘော၊ ဆင်းရဲခြင်းသဘော၊ ချမ်းသာ ဆင်းရဲခြင်းမှ လွတ်သော ဥပေက္ခာသဘော၊ ဤသဘောသုံးပါးသည် တစ်စုံတစ်ခုသော အကြောင်းကြောင့်မှ ဖြစ်သည်မဟုတ်၊ အကြောင်းမဲ့သက်သက် ဖြစ်ပေါ်ရသည်။ ဤသို့ ထင်မြင်မှတ်ယူ ပြောဆိုလေ့ရှိသည်။" *

အထက်ပါကဲ့သို့ ထင်မြင်မှတ်ယူ ပြောဆိုလေ့ရှိသူတို့ကို ဗုဒ္ဓက ....

"အရှင်တို့ .... ဤသတ္တဝါသည် အလုံးစုံသော ချမ်းသာခြင်း သုခကိုလည်းကောင်း၊ ဆင်းရဲခြင်း ဒုက္ခကိုလည်းကောင်း၊ ချမ်းသာဆင်းရဲ လွတ်သော ဥပေက္ခာသဘောကိုလည်းကောင်း ခံစားရ၏။ ထိုခံစားမှု အားလုံးသည် တစ်စုံ တစ်ခုသော အကြောင်းကြောင့်မှ ဖြစ်သည် မဟုတ်၊ အကြောင်းမဲ့သက်သက် ဖြစ်ပေါ်ရသည်

* တိတ္ထာယတနသုတ်၊ ညွှန်းပြီး။



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ့ရှိသည်မှာ မှန်သလော” ဟု မေး၏။ ထိုသို့ မေးသောအခါ “မှန်၏” ဟု ထိုသူတို့က ဝန်ခံကုန်၏။ ဤသို့ ဝန်ခံသူတို့ကို ဗုဒ္ဓက အောက်ပါအတိုင်း တုံ့ပြန်ပြောဆိုခဲ့လေသည်။

“အရှင်တို့ ... သို့ဖြစ်လျှင် သူတစ်ပါး အသက်ကို သတ်လေ့ရှိသူတို့သည် အကြောင်းအထောက်အပံ့မရှိဘဲ သတ်ခြင်း ဖြစ်ရတော့မည်။ မပေးသည်ကို ယူလေ့ရှိသူတို့သည်... မမြတ်သောအကျင့်ကို ကျင့်လေ့ရှိသူတို့သည် ...မဟုတ်မမှန်ပြောလေ့ရှိသူတို့သည် ကုန်းချောစကား ပြောလေ့ရှိသူတို့သည် ... ကြမ်းတမ်း သောစကားကို ပြောဆိုလေ့ရှိသူတို့သည်....ပြိန်ဖျင်းသောစကားတို့ကို ပြောဆိုလေ့ရှိသူတို့သည်....သူတစ်ပါး၏ စည်းစိမ်ကို မက်မောလေ့ရှိသူတို့သည်.... သူတစ်ပါးအား ပျက်စီးစေလိုသောစိတ်ရှိသူတို့သည်လည်း....(ထိုမပေးသည်ကို ယူခြင်း စသည်တို့ကို) အကြောင်း အထောက်အပံ့မရှိဘဲဖြစ်ရချေတော့မည်။ မှားသောမြင်ခြင်း မှားသောအယူရှိသူဖြစ်ခြင်းတို့သည်လည်း အကြောင်းအထောက်အပံ့ မရှိ (အကြောင်းမဲ့) ထိုသို့ (အမှားမြင်၊ အမှားယူသူ) ဖြစ်ရချေတော့မည်။” *

* တိတ္ထာယတနသုတ်၊ ညွှန်းပြီး။





ဗုဒ္ဓအလိုအရ ချမ်းသာခြင်း၊ ဆင်းရဲခြင်း အစရှိသည့် ဖြစ်ပေါ်မှုမှန်သမျှသည် အကြောင်းမဲ့ ဖြစ်ပေါ်ခြင်းသာ ဖြစ်သည်ဟု ယူဆစွဲလမ်းပါက လူသည် ....

“ဤအမှုကိစ္စကို မချွတ် ပြုထိုက်၏။ ဤအမှုကိစ္စကို မပြုထိုက်။ ဤသို့အာသာဆန္ဒသည်လည်းကောင်း၊အားထုတ်ခြင်း ဝီရိယသည်လည်းကောင်း၊ မဖြစ်နိုင်တော့ချေ” *

ထို့ပြင် “ဤသို့ ပြုသင့်သည်ကို ပြု၊ မပြုသင့်သည်မှ ရှောင်ကြဉ်မှုကို မှန်ကန်သော အားဖြင့်၊ ခိုင်မြဲသောအားဖြင့် မရအပ်သည်ရှိသော် သတိလွတ်ကင်း ချွတ်ယွင်းတိမ်းပါး ကြကုန်လျက် အစောင့်အရှောက်မရှိကြကုန်ဘဲ နေကြကုန်သောသူတို့အား အသီးသီးတရားနှင့်တကွ ဖြစ်သော (ဝါ) တရားနှင့် လျော်သော သူတော်သူမြတ်တို့၏ အယူဝါဒသည် မဖြစ်နိုင်တော့ချေ” * *

ဆိုခဲ့သည့် (၁) အရာရာသည် အတိတ်ကံကြောင့်သာ ဖြစ်ရသည်ဟု ယူဆ ယုံကြည်သော ပုဗ္ဗေကတ ဟေတုဝါဒ (၂) ဖန်ဆင်းမှုကြောင့်သာလျှင် အရာရာ ဖြစ်ပေါ်ရသည်ဟု ယုံကြည်သော ဣဿရနိမ္မာနဝါဒ (၃) အကောင်းအဆိုး စသည့် ဖြစ်ရပ်များသည်

* တိတ္ထာယတနသုတ်၊ ညွှန်းပြီး။
* * တိတ္ထာယတနသုတ်၊ ညွှန်းပြီး။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမဲ့သက်သက်ဖြစ်ပေါ်ရသည်ဟု ယုံကြည်ယူဆသော အဟေတုကဝါဒတို့၌ တူညီသော အချက်တစ်ခုရှိသည်။ ယင်းမှာ ပစ္စုပ္ပန်ဘဝ၌ ဉာဏ်၊ ဝီရိယ စိုက်ထုတ်၍ အပတ်တကုတ် ကြိုးစား စွမ်းဆောင်မှု (ပစ္စုပ္ပန်ကံကို ထူထောင်မှု) လျော့သွားနိုင်ခြင်း (ဝါ) မရှိနိုင်တော့ခြင်းပင်တည်း။ ထိုသို့ လျော့သွားခြင်း (ဝါ) မရှိနိုင်တော့ခြင်းကြောင့် ကိုယ်နှုတ်စိတ်တို့ဖြင့် မကောင်းသည် တို့ကို ရှောင်၍ ကောင်းသည်တို့ကို ကြိုးစားစောင့်ထိန်းခြင်း၊ ကုသိုလ်မှုတို့ကို အားထုတ်၍ အကုသိုလ်မှုတို့ကို ကြိုးစားရှောင်ကြဉ်ခြင်း စသည့် ကိုယ်ကျင့်တရားဆိုင်ရာ ပစ္စုပ္ပန် လုပ်ဆောင်မှုတို့သည်လည်း လျော့သွားနိုင်သည်။ အားထုတ်ကြိုးပမ်းမှု မရှိနိုင်တော့သော အဖြစ်သို့ ရောက်သွားနိုင်သည်။

လောကဆိုင်ရာ အောင်မြင်တိုးတက်မှုတို့၌လည်း ထိုနည်းတူပင် ဖြစ်သွားနိုင်သည်။ ဆိုခဲ့သည့် ပုဗ္ဗေကတဝါဒ၊ ဣဿရနိမ္မာနဝါဒ၊ အဟေတုကဝါဒတို့ကို ပယ်ရှားအပ်ပုံနှင့် စပ်လျဉ်း၍ ဗုဒ္ဓဝါဒီ သုတေသီများက အောက်ပါကဲ့သို့ သုံးသပ် ဖော်ပြကြလေသည်။

"ဤတိတ္ထိ အယူကြီးသုံးပါးတို့တွင် တစ်ပါးပါးကို သန်သန်ကြီး စွဲ၍ ခိုင်မာစွာ ယူသည်ရှိသော် ပစ္စုပ္ပန်ဘဝ၌ ပြုပြုသမျှသော ပစ္စုပ္ပန် ကံတို့ကို ပစ်ပယ်ကုန်၏။ ပစ္စုပ္ပန်ကံတို့ကို ပယ်ပုံမှာ... တစ်ယောက်သောသူသည် ကုသန်းရောင်းဝယ် ခြင်းကိစ္စဖြင့် ဥစ္စာမန





တိုးတက်၍ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းသို့ ရောက်လေ၏။ ထိုအခါ ...

ပုဗ္ဗေကတဒိဋ္ဌိ အယူရှိသောသူတ "ရှေးကံကြောင့် ချမ်းသာသည်" ဟု သန်သန်ကြီး စွဲလမ်းသည်။

ဣဿရနိမ္မာဒိဋ္ဌိ အယူရှိသောသူက "ထာဝရဘုရားဖန်ဆင်းခြင်းကြောင့် ချမ်းသာသည်" ဟု သန်သန်ကြီး စွဲလမ်းလေ၏။

အဟေတုကဒိဋ္ဌိ အယူရှိသောသူက "အဘယ်အကြောင်းကြောင့်မှ ချမ်းသာသည်မဟုတ်၊ သူချမ်းသာချင်လို့ ချမ်းသာသည်၊ သူ့အလိုအလျောက် ချမ်းသာသည်" ဟု သန်သန်ကြီးစွဲလမ်းလေ၏။ ထိုအယူသုံးမျိုးတို့၌ပင် မျက်မှောက် ပစ္စုပ္ပန်ဘဝ၌ ဉာဏ် ဝီရိယတို့ ပြုလုပ်အားထုတ်ခြင်းတည်းဟူသော ပစ္စုပ္ပန်ကံကို ပယ်ရှားကြ၏။ အယူသုံးပါး၌ပင် ပစ္စုပ္ပန်ကံကို ပယ်ရှားခြင်းမှာ သဘောတူကြ၏။ စင်စစ်မှာ ထိုကုန်သည်၏ ချမ်းသာကြီးပွားခြင်းသည် ပစ္စုပ္ပန်ကံနှင့် လုံးလုံးမကင်းကြောင်း အထင်အရှားပင် ဖြစ်၏။

ဤမျက်မှောက် လောက၌ ယောကျ်ားတို့၏ စွမ်းအား သတ္တိ၊ ဉာဏ်စွမ်းသတ္တိ၊ ဝီရိယစွမ်းသတ္တိတို့သည် အချည်းနှီးအကျိုးမဲ့ ဖြစ်ကြသည် မဟုတ်ကုန်။ မျက်မှောက် ပစ္စုပ္ပန်မှာ ထိုအစွမ်းသတ္တိတို့ကိုပင်



www.burmeseclassic.com

www.burmeseclassic.com



အမှိုသဟဲပြုကာ သတ္တဝါတို့နေထိုင် ကြရကုန်သည်။ ထိုအစွမ်းသတ္တိကို အလုံးစုံ လျှော့ထားလိုက်လျှင် ကြီးပွားချမ်းသာမည်ကိုဝေးစွ၊ အသက်ရှည်ကြာစွာပင် တည်နေရန် အကြောင်းရှိမည် မဟုတ်ချေ။

ဤလူ့ပြည် လောကကြီးသည် ရှေးကံအရှိန်ကို ခိုလှုံရသည်ထက် မစ္ဆုပ္ပန်ကံဟု ဆိုအပ်သော ဉာဏ်စွမ်း၊ ဝီရိယအစွမ်းတို့၏ အရှိန်ကို ခိုလှုံရခြင်းတို့က များပြား ကျယ်ဝန်းလှလေသည်။ ဉာဏ်စွမ်းသတ္တိ၊ ဝီရိယစွမ်းသတ္တိများကိုပင် ပစ္စုပ္ပန်ကံဟူ၍ ခေါ်ဆိုရပေသည်။

မင်္ဂလသုတ္တန်၌ "အတ္တသမ္မာ ပဏိဓိ" ဆိုသော မင်္ဂလာသည် ပစ္စုပ္ပန် ကံကို ပင် ဆိုလို၏။ မိမိကိုယ်ကို ခိုင်မြဲ တည်တံ့အောင် ဆောက်တည်ခြင်းကို အတ္တသမ္မာ ပဏိဓိ မင်္ဂလာဆိုသည်။ ထိုအတ္တသမ္မာ ပဏိဓိသည် ပစ္စုပ္ပန်ဘဝ၌ ကြိုးစားအားထုတ်အပ်သော ဉာဏ်စွမ်း ဝီရိယစွမ်းတို့ဖြင့် ထူထောင်ထားမှု ကြောင့်သာလျှင် လူတို့၏ ခန္ဓာသည် မားမားမတ်မတ်နှင့် ထောက်ရာတည်ရာ ရရှိလေသည်။

ဉာဏ်စွမ်း ဝီရိယစွမ်းတို့ကို အလုံးစုံ ပစ်ပယ်လိုက်မည်ဆိုလျှင် သတ္တဝါတို့၏ ကိုယ်ခန္ဓာသည် ထောက်ရာ တည်ရာ မရဘဲ လဲပြို ပျက်စီးခြင်းသို့





ရောက်မည် မချွတ်ပင်တည်း။ အတ္တသမ္မာ ပဏိဓိ မင်္ဂလာကြီးသည် ပျက်စီးယိမ်းယိုင်၍သွားလိမ့်မည်။

ပယောဂသမ္ပတ္တိ ဆိုသည်မှာလည်း ဉာဏ်စွမ်း ဝီရိယစွမ်းတည်းဟူသော ပစ္စုပ္ပန်ကံများကိုပင် ဆိုလိုသည်။ အကျိုးမှန်းမသိ၊ အကြောင်းမှန်းမသိ အဆင်ခြင်ကင်းမဲ့သောသူတို့သည် ပစ္စုပ္ပန်ကံများကို ပယ်ရှားပြီးလျှင် ဆိုခဲ့ပြီးသော တိတ္ထိအယူကြီးသုံးပါးတို့တွင် တစ်ပါးပါးသို့ ပါဝင် ကျရောက်တတ်ကုန်၏။ အလွန်မှောက်မှားတတ်သောအချက်ကြီးပေတည်း"*

ဗုဒ္ဓဝါဒသည် ကြောင်းကျိုးတရားကို လက်ခံသော ကမ္မဿကတာဝါဒဖြစ်၏။ သို့ဖြစ်၍ ကံနှင့် ကံ၏ အကျိုးပေးသက်ရောက်မှုကို လက်ခံသော ဝါဒဖြစ်သည်။ ဗုဒ္ဓဝါဒအလိုအရ အကောင်းအဆိုး အမျိုးမျိုးသော ဖြစ်ရပ်တို့သည် သက်ဆိုင်ရာ အကြောင်းတရားတို့ကြောင့်သာ ဖြစ်ရသည်။ လူ၏ အကောင်းအဆိုး ဖြစ်ရပ်တို့သည်လည်း သက်ဆိုင်ရာ အကြောင်းတရားတို့ကြောင့်သာ ဖြစ်လာရခြင်း ဖြစ်သည်။ ကောင်းသော ကိုယ် နှုတ် စိတ်ဆိုင်ရာ အပြုအမူ (ကံ) တို့ကို လူကပင် ပြု၍ ထိုပြုသော ကောင်းသည့် အပြုအမူ တို့ကြောင့် ကောင်းသော

* လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၊ ယမိုက်အဖြေကျမ်း၊ စာ-၂၇-၂၉



www.burmeseclassic.com

www.burmeseclassic.com



အကျိုး (ကံအကျိုးပေး) တို့ကို ထိုသူကပင် ရရှိသည်။ မကောင်းသော ကိုယ် နှုတ် စိတ် ဆိုင်ရာ မကောင်းသော အပြုအမူ (ကံ) တို့ကိုလည်း လူကပင် ပြုလုပ်၍ ထိုသို့ ပြုလုပ်ခြင်း အကြောင်းကြောင့် ထိုသူကပင် မကောင်းသော အကျိုး (ကံအကျိုးပေး) တို့ကို ရရှိသည်။ သို့ဖြစ်၍ အကောင်းအဆိုး အတိတ် ပစ္စုပ္ပန်ကံတို့ကို လူကပင် ပြုလုပ် ဖန်တီးခြင်း ဖြစ်သည်။ အကောင်းအဆိုး ကံအကျိုးပေးလာခြင်းသည်လည်း ထိုသူ ပြုလုပ်ခဲ့မှုတို့ကြောင့်ပင် ဖြစ်လေသည်။

သို့ဖြစ်၍ မိမိပြုခဲ့သော မကောင်းမှု ကံတို့ကြောင့် မလိုလားမနှစ်သက်ဖွယ်ရာများ၊ စိတ်ပျက်ဖွယ်ရာများ၊ မပြေလည်မှုများဒုက္ခတရားများကို တွေ့ကြုံရင်ဆိုင်လာရခြင်းများရှိပေလိမ့်မည်။ဗုဒ္ဓဝါဒီတို့အလိုအရ ထိုသို့တွေ့ကြုံရင်ဆိုင်လာရသော မနှစ်သက်မလိုလားဖွယ်ရာဒုက္ခတို့သည် အတိတ်ကံမကောင်း၍ ယခုကဲ့သို့ ကြုံတွေ့ရသည်ဟုဆိုကာ အားလျော့ စိတ်ပျက် ညိုးငယ်နေပါက မိမိသည် ပုဗ္ဗေကတဟေတုဝါဒနှင့်ငြိစွမ်းနေသူဖြစ်ပေလိမ့်မည်။ သို့မဟုတ် ထိုသို့မနှစ်သက်ဖွယ်ရာဒုက္ခတို့နှင့် တွေ့ကြုံရင်ဆိုင်ရခြင်းသည် လောကကို ဖန်ဆင်းသူ မဟာဗြဟ္မာ အစရှိသည့် ဖန်ဆင်းရှင်တို့၏ အလိုအတိုင်း တွေ့ကြုံရင်ဆိုင်ရခြင်းဖြစ်သည်ဟု ယူဆကာ စိတ်ဝမ်းညိုးငယ်ခြင်းသည် ဣဿရနိမ္မာန ဝါဒနှင့် ငြိစွမ်းခြင်း ဖြစ်သည်။ သို့မဟုတ် ယခုကဲ့သို့ မနှစ်သက်ဖွယ်ဒုက္ခတို့နှင့်ရင်ဆိုင်ရ





ခြင်းသည်အကြောင်းမဲ့သက်သက် ဖြစ်သည်ဟု ဆိုကာ စိတ်ပျက် လက်လျှော့နေလျှင်လည်း အဟေတုက ဝါဒနှင့် ငြိစွမ်းနေခြင်း ဖြစ်လေသည်။ ဗုဒ္ဓဝါဒရှိ ကမ္မဿကတာ ဝါဒသည် ထိုဝါဒတို့နှင့် မငြိစွမ်းဘဲ (ကြာသည် နုန်းညွန်နှင့် မလိမ်းကျံဘဲ ရေပေါ်၌ စင်ကြယ်စွာ တည်နေသကဲ့သို့) တည်နေသော ဝါဒဖြစ်သည်။

မသာယာမနှစ်သက်ဖွယ် နုန်းညွန်၌ အခြေခံ၍ရေ၌ ဖြစ်သော ကြာသည် နုန်းညွန်နှင့်ရေကို ကျော်လွှားနိုင်မှုကြောင့် နေရောင်တွင် တင့်တယ်စွာ ပွင့်နိုင်သကဲ့သို့ မနှစ်သက်ဖွယ်သော ဆုံးရှုံးခြင်း၊ နိမ့်ကျခြင်း ဒုက္ခများ၊ မကောင်းမှုနှံ့၊ မတင့်တယ်ခြင်းများ၌ ဖြစ်လာရသော်လည်း အသိပညာ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားကျော်လွှားနိုင်မှုကြောင့် ကောင်းမြတ်မှုတို့ဖြင့် လူ့လောက၌ အောင်အောင်မြင်မြင် တင့်တင့်တယ်တယ် ဖြစ်လာသူသည် ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဝါဒကို လက်ခံကျင့်သုံးသူ ဖြစ်သည်ဟု ဗုဒ္ဓဝါဒက ရှုမြင်မည် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း ( ၂ )

## ငြိမ်းအေးပြေလွင်ခြင်း၏ အထိမ်းအမှတ်

ကျွန်ုပ်တို့၌ ဖြစ်လာသော စိတ်ပျက် ငြီးငွေ့ခြင်းများ၊ အလိုမကျနိုင်မှုများ၊ မူပင်သောကရောက်ရခြင်းများ၊ တွေဝေခြင်းများသည် နေ့စဉ်ဘဝဖြစ်ရပ်တိုင်း၊ ခဏတိုင်းနှင့် တစ်သားတည်း မနေနိုင်မှုကြောင့် ပင် ဖြစ်သည်။ တစ်နည်းအားဖြင့် ကျွန်ုပ်တို့၏ စိတ်-ရုပ်တို့၌ ဖြစ်သမျှသော အဖြစ်အပျက်တိုင်း၊ အမူအရာတိုင်းနှင့် တစ်ဖြောင့်တည်း တစ်ညီတည်း မနေနိုင်မှုကြောင့်ပင် ဖြစ်သည်။ ထိုသို့ မနေနိုင်မှုကြောင့် စိတ်သည် ဖြစ်ရပ်တိုင်း၊ အမူအရာတိုင်း၏ ပစ္စုပ္ပန်မှ သွေဖီကာ အတိတ်၏ အနာဂါတ်သို့ ယိမ်းယိုင်ပျံ့လွင့်လျက် စဉ်းစားချိန် ခံစားရချိန် ရသွားသည်။ ထိုသို့ စဉ်းစားချိန်၊ ခံစားရချိန်ရမှုကြောင့် စိတ်ပျက်ခြင်း၊ ငြီးငွေ့ခြင်း၊ အလိုမကျခြင်း၊ ဒေါသဖြစ်ခြင်း စသည်တို့ဖြင့် မငြိမ်းမချမ်း ဖြစ်ရခြင်းပင်တည်း။

သုခဝေဒနာနှင့်ဆိုင်ရာ ခံစားမှုတို့ ဖြစ်ကြရာ၌လည်း အထက်ပါနည်းတူပင် ဖြစ်သည်။





ဗုဒ္ဓဝါဒရှိ သတိပဋ္ဌာန်ကျင့်စဉ်သည် အတွေ့အကြုံတိုင်း၊ ဖြစ်ရပ်တိုင်း၊ အမူအရာတိုင်း၏ ဖြစ်ဆဲ ဖြစ်ဆဲ၌ စိတ်ကို ရှိနေစေရန် သတိထား ရှုမှတ်နေမှုကြောင့် စိတ်သည် ဖြစ်ဆဲမှ သွေဖည် ယိမ်းယိုင်ကာ အကောင်းအဆိုး အမျိုးမျိုး စဉ်းစား ခံစားချိန် မရတော့ချေ။

ထေရဝါဒ ဗုဒ္ဓသာသနာ၌ ပစ္စုပ္ပန် ခဏတိုင်း ဖြစ်ရပ်တိုင်း၌ စိတ်ကိုထားနိုင်ရန် ကျင့်ဆောင်ရသော ကျင့်စဉ်များ ပြည့်ပြည့်စုံစုံ ပါဝင်လျက်ရှိသည့် သတိပဋ္ဌာန် ကျင့်စဉ်များအနက် ကာယနုပဿနာတွင် အပါအဝင်ဖြစ်သည့် ဣရိယာပထပိုင်း၊ သတိသမ္ပဇညပိုင်းကို ဖြစ်ဆဲ၌ ရှုမှတ်သတိထားရန် ညွှန်ပြထားသော ကျင့်စဉ်များ ဖြစ်ကြသည်။

“အားထုတ်သူသည် မိမိသွားလျှင် သွားသည်ဟု သိအောင် ရှုမှတ်ရ၏။ ရပ်လျှင်လည်း ရပ်သည်ဟု၊ ထိုင်လျှင်လည်း ထိုင်သည်ဟု၊ လျောင်းလျှင်လည်း လျောင်းသည်ဟုသိအောင်ရှုမှတ်ရ၏။ ရုပ်အပေါင်းသည် အကြင်အမူအရာအားဖြင့် တည်နေ၏။ ထိုရုပ်အပေါင်းကို ထိုထို အမူအရာအားဖြင့် သိအောင် ရှုမှတ်ရ၏။ ”

ထို့ပြင် “သတိသမ္ပဇဉ် အားဖြင့်လည်း အားထုတ်သူသည် ရှေ့သို့တိုးရာ၊ နောက်သို့ ဆုတ်ရာ၌ သတိဖြင့် သိလျက် ပြုရာ၏။ တူရူကြည့်ရာ တစ်စောင်းကြည့်ရာ၊ ကွေးရာ၊ ဆန့်ရာ၊ သပိတ်သင်္ကန်းကို ဆောင်ရာ၊ စားရာ၊



www.burmeseclassic.com

www.burmeseclassic.com



သောက်ရာ၊ ခဲရာ၊ လျှက်ရာ၊ ကျင်ကြီး ကျင်ငယ်စွန့်ရာ တို့၌လည်း သိလျက်သိလျက် ပြုရမည် ဖြစ်သည်။"

ထို့ပြင် "ဝေဒနာနုပဿနာသတိပဋ္ဌာန်ကို အားထုတ်သူသည် သုခဝေဒနာကို ခံစားလျှင်လည်း သုခဝေဒနာကို ခံစားသည်ဟု သတိဖြင့် ရှုမှတ်ရ၏။ ဒုက္ခဝေဒနာကို ခံစားလျှင်လည်း ဒုက္ခဝေဒနာကို ခံစားသည်ဟု သိအောင် သတိဖြင့် ရှုမှတ်ရ၏။ သုခမဟုတ်၊ ဒုက္ခမဟုတ် ဝေဒနာကို ခံစားလျှင်လည်း သုခမဟုတ်၊ ဒုက္ခမဟုတ် ဝေဒနာကို ခံစားသည်ဟု သိအောင် သတိဖြင့် ရှုမှတ်ရ၏။"

ထို့ပြင် "စိတ္တာနုပဿနာသတိပဋ္ဌာန် ရှုမှတ်အားထုတ်သူသည် ဖြစ်ပေါ်လာတိုင်းသော စိတ်ဟူသမျှကို သိ,သိနေအောင် သတိဖြင့် ရှုမှတ် အားထုတ်ရာ၏။"

အချုပ်အားဖြင့် မိမိ၏ စိတ်ပိုင်း ရုပ်ပိုင်း၌ ဖြစ်လာသမျှကို ဖြစ်ဆဲ၌ သိအောင် ရှုမှတ်နေရမည် ဖြစ်သည်။ စိတ်ပိုင်း ရုပ်ပိုင်းတည်းဟူသော ခန္ဓာငါးပါး၌ ဖြစ်လာသမျှသော ဖြစ်ရပ်တိုင်း၊ စိတ်ပိုင်း၊ ရုပ်ပိုင်းတည်းဟူသော ခန္ဓာငါးပါး၌ ကြုံတွေ့လာသော အတွေ့အကြုံတိုင်းကို သိ, သိနေအောင် ရှုမှတ် အားထုတ် နေရမည် ဖြစ်သည်။ ထိုသို့ ဖြစ်လာတိုင်းသော ဖြစ်ရပ်တိုင်း (ဝါ) ခဏတိုင်းကို သိအောင် ရှုမှတ်ခြင်းဖြင့် (လုံလောက်သော သမာဓိကို ရပါက) စိတ်သည် ဖြစ်ရပ်တိုင်း၊ ခဏတိုင်း၌သာ ရှိနေ၊ ဖြစ်နေ၍ အတိတ်၊ အနာဂတ် စသည်တို့သို့





ပျံ့လွင့် ပြေးလွှား သွေဖီခြင်းမရှိတော့ဘဲ ဖြစ်လာလေသည်။ တစ်နည်းအားဖြင့် စိတ်နှင့် ရုပ် (ဝါ) စိတ်နှင့် ဖြစ်ရပ်တို့သည် တစ်သားတည်း တစ်ညီတည်း ဖြစ်လာလေသည်။ ထိုသို့ တစ်သားတည်း တစ်ညီတည်း ဖြစ်လာခြင်းသည် သမာဓိ (စိတ်တည်ငြိမ်ခိုင်ခံ့မှု) ဖြစ်လာခြင်းပင်တည်း။ လုံလောက်သော စိတ်၏ တည်ငြိမ်ခိုင်ခံ့မှု ရှိလာပါက စိတ်နှင့်ရုပ် (ဝါ) ရုပ်နှင့် နာမ် တို့၏ သဘာဝ အမှန်ကို သိမြင်သွားမည် ဖြစ်လေသည်။

ဤနေရာ၌ စိတ်နှင့် ရုပ်(ဝါ) ရုပ်နာမ်တို့၏ သဘာဝ အမှန်ကို သိမြင်ပုံနှင့် ပတ်သက်၍ ဝိသုဒ္ဓိမဂ်ကို ကိုးကား၍ အကျဉ်းမျှ ဖော်ပြပါဦးမည်။

ခန္ဓာငါးပါး၌ ဖြစ်ပေါ်လာသမျှတို့ကို (ဝါ) ဖြစ်ပေါ်လာတိုင်းသော အမူအရာတို့ကို ရှုမှတ် အားထုတ် နေသူသည် သမာဓိ ပြည့်စုံလာသောအခါ .... ဖြစ်ပေါ် လာတိုင်းသော အတွေ့အကြုံ အာရုံ(သို့မဟုတ်) ဖြစ်ပေါ်လာတိုင်း သော အမူအရာတိုင်းကို သိ,သိနေခြင်းမှလွဲ၍ အခြားမရှိဘဲ ဖြစ်လျက်ရှိ၏။ ထိုအခါ "စိတ်ဆိုသည်မှာ ဖြစ်ပေါ်လာတိုင်းသော အာရုံကို သိခြင်းသဘောမျှဖြစ်သည်" ဟု စိတ်၏ သဘာဝ အမှန်ကိုသိမြင်လာသည်။ ရုပ်ဆိုသည်မှာလည်း "ပြောင်းလဲနေသော သဘောမျှ ဖြစ်သည်" ဟု သိမြင်လာသည်။ ဤသို့ စိတ် ရုပ် (ဝါ) နာမ် ရုပ်တို့၏ သဘာဝကို ပိုင်းခြား သိမြင်သော ဉာဏ်သည် "နာမရူပ ပရိစ္ဆေဒဉာဏ်" ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သတိသမာဓိ စွမ်းအင် မကောင်းခင်က ခန္ဓာငါးပါး နာမ်ရုပ်တရားတို့ကို တစ်စုတည်း တစ်ပေါင်းတည်း အနေ ထင်မှတ်လျက်ရှိသည်။ ထိုသို့ တစ်စုတစ်ပေါင်း တည်း အနေ ထင်မှတ်မှုကြောင့် ခန္ဓာငါးပါး၌ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ စသည့် သဏ္ဌာန် ပညတ်တစ်၍ စွဲလမ်းမှု၊ တပ်မက်မှု၊ အကောင်း - အဆိုးထင်မှု၊ ဝမ်းနည်း ဝမ်းသာမှု တို့ ဖြစ်နေခြင်းပင်တည်း။ တစ်နည်း အားဖြင့် သူ၊ ငါ၊ ယောက်ျား၊ မိန်းမ စသည့်သဏ္ဌာန် ပညတ်တပ်၍ အတ္တ၊ မာန၊ ဒိဋ္ဌိ တို့ဖြင့် စွဲလမ်းနေ ခြင်း ပင်ဖြစ်သည်။ သို့ရာတွင် ရှုမှတ်မှု သတိ၊ သမာဓိ ကောင်း လာသောအခါ ခန္ဓာငါးပါးကို တစ်ပေါင်းတစ်စုတည်း အနေ မမြင်တော့ဘဲ ပြောင်းလဲနေသော ရုပ်နှင့် သိတတ် သော စိတ်တို့ ဒွန်တွဲ ဖြစ်ပျက်နေသော သဘောမျှသာ ဖြစ်သည်ဟု သိမြင်လာသည်။

စင်စစ် ခန္ဓာငါးပါး၌ ဖြစ်လာသမျှကို ရှုမှတ်နေသော အခါ သိ,သိနေခြင်းမှလွဲ၍ အခြားမရှိ၊ သိမှု နောက်မှ သော်လည်းကောင်း၊ သိမှုရှေ့မှ သော်လည်းကောင်း ‘ငါ၊ သူ’ စသည်ဖြင့် မည်သည့် ပညတ်ကိုမျှ တပ်၍ မရချေ။ တပ်၍ ရချေလည်း ထိုပညတ်တပ်မှုသည် စစ်မှန် သော ပညတ်တပ်မှု မဟုတ်ချေ။ တကယ်စစ်မှန် သော ပရမတ္ထ စိတ်သဘာဝမှာ သိ,သိနေခြင်းမျှသာ ဖြစ်သည်။ ထို့ပြင် တကယ်စစ်မှန်သော ရုပ်၏ သဘာဝ မှာ ပြောင်းလဲနေသော သဘောမျှသာ ဖြစ်သည်။





ထိုပြောင်းလဲနေသော ရုပ်သဘောကိုလည်း ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ထိုအရာ၊ ဤအရာ စသည့် သဏ္ဌာန် ပညတ်တို့ တပ်၍ မည်သို့မျှ ခေါ်ဝေါ် စွဲလမ်းရန် မဖြစ်နိုင် ချေ။ ငါ၊သူ၊ယောက်ျား၊မိန်းမစသည့်သဏ္ဌာန် ပညတ်တပ် ၍ ရသည်ဆိုချေလည်း ထိုသဏ္ဌာန် ပညတ်တပ်မှုသည် စစ်မှန်သော သဏ္ဌာန်ပညတ်တပ်မှုမဟုတ်ချေ။ တကယ် စစ်မှန်သော ပရမတ္ထရုပ်သဘာဝမှာ ပြောင်းလဲခြင်းသာ လျှင် ဖြစ်သည်။

သို့ဖြစ်၍ သိတတ်သော စိတ်နှင့် ပြောင်းလဲနေသော ရုပ်မှ တစ်ပါး အခြားမရှိ။ အတ္တ၊ လိပ်ပြာ၊ ဝိညာဉ်ဟု ခေါ်သော စိတ်အခြေခံ ဝတ္ထုသည် မရှိ။ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ ဟူ၍ ထင်မှတ် စွဲလမ်းရန် မရှိဟု နာမရူပပရိစ္ဆေဒဉာဏ် ရင့်သန်လာသောအခါ၌ ပို၍ ပို၍ သိမြင်လာလေသည်။

နာမရူပပရိစ္ဆေဒဉာဏ်ကို ရပြီး၍ ဆက်လက်ရှုမှတ် အားထုတ်ပြန်သောအခါ နာမ်၊ ရုပ်တို့၏ ‘ဖြစ်ကြောင်း’ များကို ထိုက်သည့်အားလျော်စွာ သိမြင်လာသည်။ “ဤ ကဲ့သို့ အကြောင်းများကြောင့် ဤကဲ့သို့ ရုပ်နာမ်များ ဖြစ် လျက်ရှိခြင်းမျှသာ ဖြစ်သည်” ဟူ၍လည်းကောင်း၊ “အကြောင်း အကျိုးမျှသာ ရှိသည်၊ အကြောင်းအကျိုး ဆက်နွယ်မှီတွယ် ဖြစ်ပေါ်နေခြင်းသာ ရှိသည်” ဟူ၍ လည်းကောင်း သိမြင်လာသည်။ ဤသို့ သိမြင်ခြင်းသည် “ပစ္စယ ပရိဂ္ဂဟဉာဏ်” ပင် ဖြစ်သည်။ ထိုဉာဏ်ကို



www.burmeseclassic.com

ရ၍ အကြောင်းအကျိုးမျှသာ ရှိသည်ဟု သိမြင်မှုကြောင့် ဘဝနှင့်ပတ်သက်သော ယုံမှားသံသယများ ကင်းစင်သွားလေသည်။" *

ပစ္စယပရိဂ္ဂဟဉာဏ် ရင့်သန် ပြည့်စုံသော အဆင့်သို့ ရောက်သော အခါ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို 'ဖြစ်ပေါ်ပြီးလျှင် ပျက်၍ ပျက်၍ သွားသောကြောင့် မမြဲသော တရားများ (အနိစ္စ) ဖြစ်ချေသည်' ဟု သိမြင်လာသည်။ ထို ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ဖြစ်ပျက်မှု အမြဲမပြတ် ရှိနေမှုကြောင့် 'ထိုခန္ဓာငါးပါး ရုပ်နာမ်တရားစုသည် ဆင်းရဲသော တရားများ(ဒုက္ခ) ဖြစ်သည်' ဟုလည်း သိမြင်လာသည်။ ထိုသို့ ဖြစ်မှု၊ ပျက်မှု၊ ပြောင်းလဲမှုတို့ကြောင့် ' ခန္ဓာငါးပါးသည် မိမိ ဖြစ်ချင်သလို မဖြစ်၊ အစိုးရချင်သလို မရနိုင်သော တရားများ (အနတ္တ) ဖြစ်ချေသည်' ဟုလည်း သိမြင်လာသည်။ ထိုသို့ သိမြင်မှုများအပေါ် မူတည်၍ 'ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါး၌ လည်း ထိုသို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတို့ ရှိနေမည်သာ ဖြစ်သည်' ဟု ခြုံ၍ ဆုံးဖြတ်သော ဉာဏ်

* ဘဝနှင့်ပတ်သက်၍ ဖြစ်ပေါ်သော ယုံမှားသံသယများ အကြောင်းကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ တစ်ခါဝိတရဏ ဝိသုဒ္ဓိနိဒ္ဒေသ၌ လေ့လာနိုင်ပါသည်။



သည် ဖြစ်ပေါ်လာသည့် [illegible]ကို သမ္မသနဉာဏ ဟု ခေါ်လေသည်။

ဆက်လက်၍ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဖြစ်ဆဲ၊ ဖြစ်ဆဲကို ရှုမှတ် အားထုတ်ပြန်သောအခါ သတိ၊ သမာဓိ အားကောင်းလာသည့် အလျောက် ထိုဖြစ်ဆဲ ရုပ်နာမ်တို့၏ 'ဖြစ်ခြင်း' နှင့် 'ပျက်ခြင်း' (အစနှင့်အဆုံး) ကိုသိမြင်လာသည်။ ခန္ဓာငါးပါး၌ ဖြစ်ပေါ်လာတိုင်းသော အဖြစ်များ(ဝါ) အမူအရာများသည် ထိုထိုဖြစ်ဆဲ ဖြစ်ဆဲ၌ပင် ဖျတ်၍ဖျတ်၍ သွားကြသည်။ ရုပ်နာမ် တရားတို့သည် ထိုထို ခဏမှာပင် ဖျတ်ခနဲ၊ ဖျတ်ခနဲ ဖြစ် ပေါ်လာကြ၍၊ ထိုထိုခဏမှာပင် ရုတ်ချည်း ရုတ်ချည်း ကုန်ပျောက်သွားကြသည်ဟု သိမြင်လာသည်။ ထိုသို့ သိမြင်လာသော ဉာဏ်ကို "ဥဒယဗ္ဗယဉာဏ်" ဟု ခေါ်လေသည်။

ထို ဥဒယဗ္ဗယဉာဏ်အဆင့်၌ အရောင်၊ အလင်း၊ ပီတိ စသည်တို့သည် စိတ်၌ ထင်ပေါ်လာတတ်ကြောင်းကို ဝိသုဒ္ဓိမဂ်၌ ဖော်ပြထား၏။ ထို အရောင်၊ အလင်း၊ ပီတိ စသည်တို့ ထင်ပေါ်လာသော အခါ ရှုမှတ်ဆဲကို စွန့်လွှတ်၍ ထို အရောင်အလင်းတို့ကို စွဲလမ်းသာယာမှု ဖြစ်တတ်လေသည်။ သို့ဖြစ်၍ ခန္ဓာငါးပါး၌ ဖြစ်ပေါ်လာတိုင်းသော အဖြစ်အပျက်၊ အမူအရာတို့ကို ဆက်လက် ရှုမှတ်ရ၏။ ထိုသို့ ရှုမှတ်မှုကြောင့် အရောင်အလင်းစသည်

www.burmeseclassic.com



တို့ကို ပွဲလမ်းသဘောအနေခြင်းတို့မှ လွတ်မြောက်သွားမည် ဖြစ်သည်။

ဥဒယဗ္ဗယဉာဏ်ရင့်သန်နေသောအခါ အမှတ်သတိသည် အလွန်ကောင်းမွန်လာရကား ဖြစ်ပေါ်လာသော ရုပ်၊ နာမ် အမူအရာ(ဝါ) ခန္ဓာငါးပါး၌ ဖြစ်သမျှတို့သည် ရှုမှတ်ခိုက်မှာပင် ပျက်၍ ပျက်၍ သွားသည်ကို သိမြင်လာသည်။ သတိကောင်းသည့် အလျောက် အသိက လျင်မြန်ရကား ဖြစ်ခိုက်အာရုံ ဖြစ်ခိုက် ရုပ် နာမ် အမူအရာတို့၏ ဖြစ်စ ‘ဥပါဒ်’ နှင့် တည်မှု ‘ဌီ’ ကို ကျော်လွန်၍ ပျက်မှု ‘ဘင်’ ကိုသာလျှင် မြင်လျက်ရှိသည်။ ထိုသို့ ပျက်မှုကိုသာ မြင်နေသောကြောင့် ရုပ်နာမ်တို့ကို (မပြတ်စီးဆင်းနေသော ရေအလျဉ်ကဲ့သို့ တစ်ဆက် တစ်စပ်တည်းရှိနေသေ ရုပ် နာမ် အစဉ်အတန်း အဖြစ် မမြင်တော့ဘဲ) အစဉ်အမြဲပျက်၍ ပျက်၍ နေသော သဘောသာ ဖြစ်သည်ဟု သိမြင်လာသည်။ ထိုသို့ အပျက်ချည်းကို မြင်သော ဉာဏ်ကို ‘ဘင်္ဂဉာဏ်’ ဟု ခေါ်လေသည်။

ထိုသို့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို အစဉ်ပျက်နေသော သဘောများသာ ဖြစ်သည်ဟု သိမြင်သောအခါ ထိုအပျက်တို့ စုပေါင်းရာ ရုပ်နာမ် သင်္ခါရ တို့သည် ကြောက်စရာကောင်းသည်ဟု သိမြင်လာသည်။ ဤသို့ သိမြင်လာသော ဉာဏ်ကို ‘ဘယဉာဏ်’ ဟု ခေါ်၏။ ထိုသို့ အမြဲ ပျက်နေသော ရုပ် နာမ် သင်္ခါရ တို့သည်





ကောင်းသော နှစ်သက်ဖွယ်သော သဘောများမဟုတ်ဟု ရုပ်နာမ် သင်္ခါရတို့၏ အပြစ်တို့ သိမြင်လာပြန်သည်။ ထိုသို့ သိမြင်လာသောဉာဏ်ကို ‘အာဒီနဝဉာဏ်’ ဟု ခေါ် သည်။ ထိုအာဒီနဝဉာဏ် ရင့်သန်လာသော အခါ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ ငြီးငွေ့လာသည်။ ရုပ်နာမ် အဖြစ်အပျက်တို့ကို ရှုမှတ်နေရခြင်းကိုပင် ငြီးငွေ့ဖွယ်ဟု သိမြင်လာသည်။ ဤသို့ သိမြင်လာသောဉာဏ်ကို “နိဗ္ဗိန္ဒာဉာဏ်” ဟု ခေါ်သည်။

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ ငြီးငွေ့မှု ဖြစ်သောအခါ ထိုငြီးငွေ့မှုမှ လွတ်မြောက်လိုမှု ဖြစ်လာသည်။ ‘ခဏမစဲ ဖြစ်ပျက်နေသော ကြောင့် ငြီးငွေ့ဖွယ် ဖြစ်သော ရုပ် နာမ် သင်္ခါရတို့ ချုပ်ငြိမ်းသွားလျှင် ကောင်းမည်၊ ထို ငြီးငွေ့ဖွယ်အဖြစ် ထိုငြီးငွေ့ဖွယ် ဘဝမှ လွတ်မြောက်သွားလျှင်ကောင်းမည်’ ဟူသော အသိနှင့် လွတ်မြောက်လိုမှုကို “မုဉ္စိတုကမျတာဉာဏ်” ဟု ခေါ်လေသည်။

သို့ရာတွင် ငြီးငွေ့မှုမှ လွတ်မြောက်ရာ၊ ရုပ်နာမ် သင်္ခါရတို့ ချုပ်ငြိမ်းရာကို ရရန်မှာလည်း ထိုခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့ကို (ဝါ) ခန္ဓာငါးပါး၌ ဖြစ်လာသမျှကို ယခင်ကကဲ့သို့ပင် ပြန်လည် ရှုမှတ် အားထုတ်ရမည်ဟု သိမြင်ပြန်သည်။ ထို့ကြောင့် ခန္ဓာငါးပါး၌ ဖြစ်သမျှ (ဝါ) ရုပ် နာမ် သင်္ခါတို့ကိုပင် ဖြစ်တိုင်း ဖြစ်တိုင်း သိ,သိ နေအောင် ရှုမှတ်ပြန်သည်။ (ဝိပဿနာ ရှုမှတ် ပြန်သည်)



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ရှုမှတ်အားထုတ်သောအခါ မမြဲခြင်း(အနိစ္စ)၊ ဆင်းရဲခြင်း (ဒုက္ခ)၊ အစိုးမရခြင်း (အနတ္တ) အခြင်းအရာတို့ကို ထင်ရှားသိမြင်လျက်ရှိသည်။ ဤသည်မှာ "ယခင်ကကဲ့သို့ပင် ရုပ်နာမ်သင်္ခါရတို့ကို ပြန်လည် ရှုမှတ် အားထုတ်ရမည်" ဟု သိမြင်သည့်အလျောက် ပြန်လည်ရှုမှတ်အားထုတ်ခြင်းဖြင့် အနိစ္စ၊ ဒုက္ခစသည့် လက္ခဏာတို့ကို ပြန်လည် သိမြင်လာသောဉာဏ် ဖြစ်သည်။ ထိုသို့တစ်ဖန် ပြန်လည်သိမြင်လာသောဉာဏ်ကို "ပဋိသင်္ခါဉာဏ်" ဟု ခေါ်သည်။ ပဋိသင်္ခါဉာဏ် ရင့်ကျက်သော အခါ၌ ထင်ပေါ်လာသော ရုပ်နာမ် သင်္ခါရတို့ကို စောစောပိုင်းကကဲ့သို့ သတိအထူးတလည် မစိုက်ရတော့ဘဲ အလိုက်သင့် သိလျက် သိလျက် ရှိ၏။ ရှုမှတ်ချက်တိုင်း၌ အနိစ္စ၊ ဒုက္ခ အနတ္တ လက္ခဏာတစ်မျိုးမျိုးကို ရှင်းလင်းထင်ရှားစွာ သိလျက်လည်းရှိ၏။ ဤသို့ သိသောဉာဏ်ကို "သင်္ခါရုပေက္ခာဉာဏ်" ဟု ခေါ်လေသည်။

သင်္ခါရုပေက္ခာဉာဏ်အဆင့်၌ ရှေ့ဉာဏ်များကကဲ့သို့ အပြစ်မြင်ခြင်း၊ ငြီးငွေ့ခြင်း၊ လွတ်မြောက်လိုခြင်း စသည်တို့ မရှိတော့ချေ။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့နှင့် ပတ်သက်၍ ထိခိုက် ပျက်စီး ဆုံးရှုံးရမည့် အရေးကိစ္စတို့အတွက်လည်း ပူပန်ကြောင့်ကြမှု မရှိ ဖြစ်လာသည်။ ဘယဉာဏ်မှာကဲ့သို့ အလွန်အမင်း ဝမ်းမြောက်ခြင်း၊ ဝမ်းသာခြင်းလည်း မရှိ ဖြစ်လာသည်။ ထိုအခါ ခန္ဓာငါးပါး နှင့်ပတ်သက်သော အကောင်းအဆိုး ဟူသမျှကို လျစ်လျူရှုလျက် ဖြစ်ပေါ်သမျှ အမူအရာတိုင်း၊ ဖြစ်လာသမျှ ရုပ်နာမ်တိုင်း၊ အဖြစ်အပျက်တိုင်းကို သတိ အထူး မစိုက်ရဘဲ အလိုက်သင့် သိနေခြင်းသာ ဖြစ်လျက်ရှိသည်။

သင်္ခါရုပေက္ခာဉာဏ်ကို ဝိသုဒ္ဓိမဂ်၌ ....

"ဥပမာအားဖြင့် စဉ်းငယ်ကိုင်းရှိုင်းသော ကြာဖက်ပေါ်၌ ရေပေါက်တို့သည် တွန့်ကုန်ရှုံ့ကုန်ပြန် နစ်ကုန်လျက်ပျံ့၍မသွားသကဲ့သို့ထို့အတူပင် လျှင် ..." *

ဖြစ်လာသမျှ ရုပ်နာမ်သင်္ခါရတို့ကို စွဲငြိမှု၊ ရောယှက်ပတ်သက်မှုမရှိဘဲ ၎င်းတို့ သဘာဝအတိုင်း ဖြစ်ပျက်လျက်ရှိနေသည်ကို သိနေသော ဉာဏ် ဖြစ်ကြောင်း ဖော်ပြထား၏။

သင်္ခါရုပေက္ခာဉာဏ်တွင် ဂုဏ် (၆)မျိုးရှိကြောင်းကိုလည်း ဝိသုဒ္ဓိမဂ်၌ အောက်ပါအတိုင်း ဖော်ပြထား၏။

(၁) ကြောက်ခြင်းကိုလည်းကောင်း၊ နှစ်သက်ပျော်မွေ့ခြင်းကိုလည်းကောင်း ပယ်စွန့်၍ မချစ်မမုန်း အညီအမျှ ရှုသည် ဖြစ်၏။

---

* မဟာစည် ဆရာတော် ဝိသုဒ္ဓိမဂ်၊ မြန်မာပြန်၊ (အခြေခံများနှင့် ဝိပဿနာပိုင်း) ဏ - ၂၈၁။

www.burmeseclassic.com



(၂) ဝမ်းမြောက်ဝမ်းသာလည်း မဖြစ်၊ နှလုံးမသာလည်းမဖြစ်၊ အမှတ်ရလျက် မှန်စွာသိလျက် အညီအမျှ ရှုမှတ်လျက်နေ၏။

(၃) သင်္ခါရတို့ကိုရှုမှု၌ အလယ်အလတ် အညီအမျှ ဖြစ်၍(ရှုစရာအာရုံတို့ကလည်း အဆင်သင့်ပေါ်လျက် ရှုသိမှုကလည်း အာရုံတိုင်းကို သိလျက် သိလျက်ဖြင့်) ရှုမှတ်နေသည်။

(၄) ရှုသိနေမှုသည်(တစ်နာရီ နှစ်နာရီ စသည်ဖြင့်) ကြာရှည်စွာ ဖြစ်နေသည်။ ရှေ့ဉာဏ်များဖြစ်တုန်းက(ငါးမိနစ်၊ ဆယ်မိနစ် ကြာသောအခါ) အကြောင်းတစ်ခုခုကြောင့် ပျက်ပျက်သွားသောကြောင့် အသစ်အသစ် အခြေတည်ပြီး ရှုမှတ်အားထုတ်မှုကို ပြုရသည်။ ဤသင်္ခါရုပေက္ခာဉာဏ်မှာမူ (နှစ်နာရီ၊ သုံးနာရီစသည်ဖြင့်) စဉ်ဆက်ရှည်စွာ ဖြစ်နေသည်။

(အထက်ပါ သင်္ခါရုပေက္ခာ ဉာဏ်၏ ဂုဏ်အင်္ဂါရပ်ကိုထောက်၍ အမှန်တရားကိုသိမြင်ရေး၌ အတိတ်အနာဂတ် စသည်တို့သို့ ပျံ့လွင့်ခြင်းမရှိဘဲ ခန္ဓာငါးပါး၌ ဖြစ်ပျက်မှု မှန်သမျှကို ဖြစ်ပျက်နေကြသည့်အတိုင်း အချိန်မည်မျှကြာအောင် သိမြင်လျက်ရှိကြောင်းတို ခန့်မှန်းနိုင်သည်။ ထိုသို့ ဆက်တိုက်သိမြင်မှုမျိုး မဖြစ်သေးပါက သတိ၊ သမာဓိ၊ ဝီရိယ လုံလောက်စွာ မဖြစ်ပေါ်သေးကြောင်း ၊ သို့ဖြစ်၍





သတိ၊ သမာဓိ၊ ဝီရိယ လုံလောက်စွာ ဖြစ်ပေါ်ရန် အားထုတ်ဖို့ လိုသေးကြောင်း သဘောပေါက်ရမည် ဖြစ်လေသည်။

(၅) ရှုသိမှုတို့သည် ကြာလေ ကြာလေ သိမ်မွေ့၍ သိမ်မွေ့၍ လာကြသည်။

(၆) မည်သည့် အာရုံတို့ဆီကိုမျှ မပျံ့လွင့်တော့ဘဲ ရှုသိနေကျ အာရုံ အနည်းငယ်သာ သိလျက် သိလျက် ဖြစ်နေသည်။

သင်္ခါရုပေက္ခာဉာဏ်ရင့်သန်လာသောအခါ နိဗ္ဗာန်သဘာဝကို တွေ့မြင်သွားမည် ဖြစ်လေသည်။ ဤအချက်ကို မဟာစည် ဆရာတော်ကြီးက အောက်ပါကဲ့သို့ ဖော်ပြထားသည်။

"ဂုဏ်အင်္ဂါ ခြောက်ပါးနှင့် ပြည့်စုံတဲ့ သင်္ခါရုပေက္ခာဉာဏ်ကရင့်သန် အားပြည့်တဲ့အခါကျတော့ ကြောင့်ကြမစိုက်ရဘဲ သူ့အရှိန်နဲ့သူ ရှုသိလျက် ရှုသိလျက် ဖြစ်နေရာက အထူးသွက်လက် လျင်မြန်တဲ့ အသိကလေးတွေ ဖြစ်လာပြီးတော့ အာရုံရော အသိရော အကုန်ချုပ်ငြိမ်းတဲ့ သဘောထဲသို့ ဆိုက်ရောက်သွားတယ်။ အဲဒါဟာ ပဝတ္တဆိုတဲ့ မပြတ်ဖြစ် နေတဲ့ ရုပ်နာမ် သင်္ခါရ အယဉ်ကို ကျော်လွန်ပြီးတော့ အပဝတ္တဆိုတဲ့ နိဗ္ဗာန်အငြိမ်းဓာတ်သဘောထဲသို့

www.burmeseclassic.com



ကျရောက်သွားတာပါပဲ။ အဲဒီလို ရောက်သွားတာကို နိဗ္ဗာန် မျက်မှောက်ပြုတယ်လို့ ဆိုတာပဲ။" *

မိလိန္ဒပဉှာ၌ "တစ်မှတ်ပြီးတစ်မှတ် အဆင့်ဆင့် နှလုံးသွင်း ရှုသိနေသော ထိုယောဂီ၏ ထိုရှုသိနေသော စိတ်သည် မပြတ်ဖြစ်နေသော ရုပ်နာမ်အယဉ်ကို ကျော်လွန်၍ မပြတ်ဖြစ်နေသော ရုပ်နာမ် အယဉ်၏ ပြတ်စဲချုပ်ငြိမ်းခြင်း သဘောထဲသို့ သက်ဝင်သွားလေတော့သည်။" ** ဟုဖော်ပြထား၏။ ဤအချက်ကိုပင် မဟာစည်ဆရာတော်ကြီးက အောက်ပါကဲ့သို့ ရှင်းလင်းထားသည်။

"ယောဂီဟာ မှုလက ထိသိမှု၊ ကြားသိမှု၊ ကြားမှု၊ မြင်မှု စသော မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်တွေကို တစ်မှတ်ပြီးတစ်မှတ် အဆင့်ဆင့် မပြတ်ရှုသိနေရတယ်။ ရှုသိလို့လဲမကုန်နိုင်တဲ့ ရုပ်နာမ်တွေ ဖြစ်ပျက်နေတာကိုချည်း တွေ့သိနေတယ်။ အဲဒီလို မကုန်ဆုံးနိုင်တဲ့ ရုပ်နာမ်တွေကို အနိစ္စ... စသော အခြင်းအရာဖြင့် ရှုသိနေရင်းထဲက နောက်ဆုံးမှာ အဲဒီသိစရာ အာရုံတွေရော၊ ရှုသိမှုရော ပြတ်စဲချုပ်ငြိမ်းတဲ့ သဘောထဲသို့ ရုတ်တရက် ကျရောက်သွားတယ်။

* မဟာစည် ဆရာတော်၊ ရှစ်ဖြာ မဂ္ဂင် နိဗ္ဗာန်ဝင် တရားတော်။ စာ - ၉၂ - ၉၃။

** မိလိန္ဒပဉှာ (၁၁ - နိဗ္ဗာနသစ္ဆိ တရားပဉှာ)





အဲဒီလို ကျရောက်သွားတာ နိဗ္ဗာန်ကို မျက်မှောက်ပြုထားတာပါပဲတဲ့။" *

"ပဒုမ္မာကြာသည် ရေဖြင့် မလိမ်းကျံသကဲ့သို့ ဤအတူသာလျှင် နိဗ္ဗာန်သည် အလုံးစုံသော ကိလေသာတို့ဖြင့် မလိမ်းကျံ" ** ဟူသော စကားအတိုင်း နိဗ္ဗာန်သည် ကိလေသာဟူသမျှမှ လွန်မြောက်လေသည်။ နိဗ္ဗာန်အမြင်ကိုရပြီးသော ရဟန္တာပုဂ္ဂိုလ်သည် "ရေပေါက်သည် ကြာရွက်မှ လျှောကျသကဲ့သို့ လောက၌ လွန်ဆန်နိုင်ခဲသော ယုတ်မာသော (ထို) တဏှာကိလေသာကို ညှဉ်းဆဲနိုင်ခဲ့မှု ထိုပုဂ္ဂိုလ်၏ သန္တာန်မှ စိုးရိမ်ကြောင့်ကြမှုတို့သည် လျှောကျကုန်၏။" *** ဟူသောစကားအတိုင်း ကိလေသာတို့ကို ဖြိုခွင်းနိုင်မှုကြောင့် စိုးရိမ်ကြောင့်ကြမှုတို့ မရှိဘဲ ငြိမ်းအေးနေသူ ဖြစ်သည်။

"တဏှာဒိဋ္ဌိတို့ဖြင့် မမှီသော ရဟန္တာပုဂ္ဂိုလ်သည် အတွင်းအပ တရားအားလုံးတို့၌ ချစ်ခြင်းကိုလည်း မပြု၊ မုန်းခြင်းကိုလည်း မပြု၊ ကြာဖက်၌ ရေသည် ဝန်တိုမှုသည် မကပ်ငြိနိုင်။" ****

* မဟာစည် ဆရာတော်၊ ရှစ်ဖြာမဂ္ဂင် နိဗ္ဗာန်ဝင် တရားတော်။ စာ - ၉၃ - ၉၄။

** မဟာစည် ဆရာတော်၊ ညွှန်းပြီး။ စာ - ၉၄။

*** မိလိန္ဒပဉှာ (၁၁ - နိဗ္ဗာန ရူပသဏ္ဌာနပဉှာ)

**** ဇရာသုတ်၊ ၄ - အဋ္ဌကဝဂ်၊ ပိုဒ်ရေ - ၃၃၆၊ သုတ္တနိပါတ်။



www.burmeseclassic.com

www.burmeseclassic.com



"ကြာဖက် ရေပေါက်သည် မကပ်ငြိနိုင်သကဲ့သို့လည်းကောင်း၊ ပဒုမ္မာကြာပွင့်၌ ရေသည် မကပ်ငြိသကဲ့သို့လည်းကောင်း။ ဤအတူ ရဟန္တာပုဂ္ဂိုလ်သည် မြင်ရသော ရူပါရုံ၊ ကြားရသော သဒ္ဒါရုံ၊ ရောက်ရသော ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗာရုံ၌ မကပ်ငြိတော့ချေ။" *

ကြာသည် နုန်းညွန်တို့၌ ဖြစ်သော်လည်း ထိုနုန်းညွန်နှင့်မလိမ်းကျံဘဲ ရေပေါ်၌ စင်ကြယ်စွာ ပွင့်သကဲ့သို့ နိဗ္ဗာန်ကို အမြင်ကို ရပြီးသူသည် ဤကာမဘုံ၌ပင် နေသော်လည်း ကိလေသာတို့နှင့် မရောယှက်ဘဲ စင်ကြယ်တင့်တယ်စွာ နေထိုင်သူ ဖြစ်သွားလေတော့သည်။

---

* ရောသုတ်၊ ၄ - အဋ္ဌကတ်ဝ် ၊ ပိုဒ်ရေ - ၈၁၈၊ ၈၁၉၊ သုတ္တနိပါတ်။



## ယှဉ်တွဲလေ့လာနိုင်သော ကျမ်း
## ကောက်နုတ်ချက်များယှဉ်တွဲလေ့လာရန် (၁)

မျက်နှာကြက် ကြာယပ်သလွန် ညောင်ရွက်၏အကြောင်းမှာ .... ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း မင်းပြုသောအခါ ဗြဟ္မဒတ်မင်းညီ သုဒတ္တလည်း ကောသမ္ဗီမင်း၏သားမက် ဖြစ်၏။ ဂေါတမဘုရားသခင်အလောင်းတော်သည် မထင်ရှားသော အမျိုး၌ ဖြစ်၏။ အရောင်အဆင်းနှင့် ပြည့်စုံခြင်း နှစ်လိုဖွယ်ရှိခြင်းကြောင့် နန္ဒကုမာရ မှည့်ကြကုန်သည်။

အသက်တစ်ဆယ့်ခြောက်နှစ်ရွယ်ရောက်သောအခါ အိပ်မက်မြင်သည်မှာ မြစ်ကမ်းနှစ်ဘက်တွင် ခြေနှစ်ဘက်တင်လျက် ကိုယ်မှာ မြစ်လယ်တွင်နေ၍ မြောလာသမျှအမှိုက် ဝမ်းသို့ဝင် မက်သည်။ အိပ်မက်ကို ပုရောဟိတ်ပုဏ္ဏားအား ပြန်ကြားမည် သွားလေလျှင် ပန္ဒုလ ကုမာရ အမည်ရှိသော သူငယ်ချင်း အဖော်ပါ၏။ ပုဏ္ဏေးမကို ပြန်ပြောလျှင် ဖျဉ်းအနာစွဲလိမ့်မည် နိမိတ်ဖတ်လေသည်။

ပြန်ခဲ့၍ လမ်းတွင် ပုဏ္ဏေးမနှင့်တွေ့လေသော် အကြောင်းမှုကို မေးမြန်းပြီးမှ ပုဏ္ဏေးမ ဆံထုံးကို လှီး၍ ဝစ်လိုက်သည်တွင် မိုးကြိုးပစ်လေသည်။ ပုဏ္ဏားလည်း သည်အိပ်မက်သည် အတုမရှိသော အိပ်မက်ဖြစ်သည်၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



ခစားရမည်။ မိရှည်မကြာ မဟာသမုဒ္ဒရာနား၌ ပြည်ကြီး မြို့ကြီးတွင် မင်းဖြစ်လိမ့်မည် ဟောပြောလိုက်၍ နန္ဒကုမာရလည်းတာရာဏာသီမင်းဝယ် ဗန္ဓုလကုမာရနှင့်အတူ ခစားကြလေသော် တာရာဏာသီမင်းလည်း နန္ဒကုမာရ၏ အရောင်အဆင်း အင်္ဂါလက္ခဏာ အကျင့် အာစရ အပြု အမူ၊ အပြောအဆို၊ အနေအထိုင်၊ အစားအသောက်တို့ ကိုမြင်လျှင် ချီးမွမ်းနှစ်လိုဖွယ်ရှိ၍ သား၏ အမှတ် ချစ်ကြည် မြတ်နိုးလေသည်။

ပုဏ္ဏားမဆိုသည့် နုတ်နိမိတ်အတိုင်းလည်း ဝမ်း၌ ဖျဉ်းအနာစွဲ၍ ခုနစ်ရက်ခန့် မင်းမခစားနိုင်၊ နန္ဒကုမာရ မရှိ သည့်အခိုက် ဗန္ဓုလကုမာရသည် ချုပ်ချယ်လိုသည့် စိတ်ဖြင့် နန္ဒကုမာရ အိပ်မက်မြင်သည့်အကြောင်း ပုဏ္ဏားမ ဟောပြောသည့် အချက်များကို တာရာဏာသီမင်းအား လျှောက်ထားလေလျှင် တာရဏာသီမင်းလည်း နန္ဒကုမာရကို သားကဲ့သို့ချစ်ကြည်သည်၏ အဖြစ်ကြောင့် အလို အလျောက် သေလေစေရည်၍ တာရာဏာသီ ၏ မြောက် ငါးယူဇနာကွာဝေးသော တောအရပ်တွင် ကုမုဒြာကြာပန်း ကိုဆောင်ယူရမည်စေ၍ နန္ဒကုမာရ သွားရလေသော် ငါး ယူဇနာ ခရီးအလွန်၌ ဟိမဝန္တာ တောစပ်သို့ ရောက်၍ ညောင်ပင်ကြီးအရိပ်တွင် နားနေ၍ ဟိမဝန္တာတောစပ် အရပ် တစ်ပါးဝယ် သစ်သီးမျိုး၊ ပန်းမျိုးတို့ဖြင့် ခြံရံလျက် အိုင်ကြီးတစ်ခု၌ သိကြားနတ် တို့ ရံဖန်ရံခါ ပျော်မြူးလာ၏။





ကဿပဘုရားသခင်လက်ထက်တော်၌ မိဘုရားလေး ယောက်တို့သည် ကုမုဒြာကြာလက်စွဲလျက် တရားနာ သော အဆုံး၌ အမိဝမ်းမှာ ပဋိသန္ဓေ နေရခြင်းသည် ဆင်းရဲလှသည်။ ပဋိသန္ဓေနေရခြင်းကင်းစေသော ဟု ဆု ပန်ယူဖူးသောကြောင့် ထိုအိုင်တွင် လေးရိုးလေးဖြာ နွယ်မြာ၍ပွင့်သော ကုမုဒြာကြာပွင့်၌ ကြာနတ်သမီးလေး ယောက် သသေဒဇ ဖြစ်လာ၏။ သိကြားနတ်လည်း ကြာ နတ်သမီးလေးယောက်ကို ပြာသာဒ်လေးဆောင်ဖန်ဆင်း ၍ အခြွေအရံနှင့်တကွ ရုက္ခစိုးနတ်၊ ဆင်၊ ခြင်္သေ့၊ နွား လားဥသဘတို့ကို တစ်ဦးစီအပ်၍ အစောင့်အရှောက် ထား၏။

နန္ဒကုမာရလည်း ပညောင်ပင်ကြီးရိပ်၌ နားလေ သည် ကို နွားလား ဥသဘတွေ့လေ၍ ကုမုဒြာ ကြာပွင့် ယူလာကြောင်းကို ပြန်ပြောလျှင် လူသာမညကား ရောက်နိုင်မည်မဟုတ်။ သည်အရပ်သို့ ရောက်လာနိုင် သည်၊ ဘုန်းတန်ခိုးရှိသသူ ဖြစ်သည် အောက်မေ့၍ နွား လားဥသဘ စောင့်သော နတ်သမီး ပြာသာဒ် လမ်းသို့ ညွှန်ပြလိုက်၍သွားလေလျှင်ကြာနတ်သမီးမြင်လေသော် ရှေးကုသိုလ်ကံစီမံကြုံကြိုက်ကြသည့်အချိန်ရောက်သဖြင့် တစ်ကိုယ်တစ်စိတ်ထည်းဖြစ်ကြလေ၏။

ဆင်၊ ခြင်္သေ့၊ ရုက္ခစိုးတို့နှင့်လည်း တွေ့၍ ရှေးနည်း သွားလေလျှင်၊ ဆင်၊ခြင်္သေ့၊ရုက္ခစိုးတို့ စောင့်ရှောက် သော ကြာနတ်သမီးတို့နှင့် နန္ဒကုမာရ တစ်ကိုယ် တစ်

www.burmeseclassic.com



စိတ်တည်းရှိသည် ဖြစ်၍၊ ကုမုဒြာကြာပန်းယူလာကြောင်းကို ပြောဆိုလျှင် ကြာနတ်သမီးတို့ကလည်း ကုမုဒြာကြာပန်းသည် ကျွန်ုပ်တို့ အမိပင်ဖြစ်သည်ပြောဆို၍ ကုမုဒြာကြာပန်းကို ဆောင်ယူပြီးလျှင် နန္ဒကုမာရနှင့် ကြာနတ်သမီးလေးယောက် မိဋ္ဌာန်သစ္စာပြုကြလေသော် ဘုရားလောင်း၏ သစ္စာအာနုဘော်၊ ကြာနတ်သမီးတို့၏ မိဋ္ဌာန်ခြင်းကြောင့် သိကြားနတ်လည်း ပြာသာဒ်ဖန်ဆင်း၍ ကောင်းကင်ခရီးဖြင့် ကြာ နတ်သမီးလေးယောက်နှင့်တကွ နန္ဒကုမာရပြန်လာခဲ့၏။ ဘုရားလောင်းတို့ သစ္စာမိဋ္ဌာန်ပြုသမျှသည် အပြီးတိုင်မြဲ ဖြစ်ကုန်သည်ကို ရည်၍ ပညာရှိတို့ စပ်ဆိုသည်မှာ....

ဗောဓိသတ္တ၊ ဗျာဒိတ်ရတို့၊ မြွက်ဟဆောက်တည်
မိဋ္ဌာန်သည်တား၊ သွေဖီမလွဲ၊ မချွတ်ဘဲလျှင်၊ ပြီးမြဲကောန်၊ စင်စစ်မှန်၏။ ...ဟူ၍ စပ်ဆိုလေသည်။

ပြာသာဒ်စီးလျက် ကြာနတ်သမီးလေးယောက်နှင့် ကောင်းကင်ခရီးကို လာခဲ့၍ ဗာရာဏသီပြည်အနီးသို့ ရောက်လျှင် ပြာသာဒ်မှ သက်၍ ကုမုဒြာကြာပန်းကို ဆောင်ယူပြီးလျှင် နန္ဒကုမာရလည်း ဗာရာဏသီမင်းအား ဆက်၏။ ကြာနတ်သမီးလေးယောက်ပါကြောင်းလည်း လျှောက်ထား၏။ ဗာရာဏသီမင်းလည်း မှူးမတ်ပိုလ်ပါတို့နှင့် ထွက်လေသော် ဗာရာဏသီမင်း ထွက်လာသည်ကို မြင်လျှင် ကြာနတ်သမီးတို့စီးသည့် ပြာသာဒ်





လေးဆောင်သည် ကောင်းကင်သို့ မြင့်၍ ပျံလေ၏။ "နန္ဒကုမာရကို ခေါ်ပါလော့" ဟုဆိုလျှင် 'အရှင့်အား ထိုက်လျှောက်ဖြစ်၍ ဆောင်ယူခဲ့ပါသည်။ ကံကြမ္မာ ဘန်ပါလျှင် ခေါ်တော်မူသည့် ကာလ အထံတော်သို့ ရောက်ပါလိမ့်မည်' လျှောက်လေသော် ဗာရာဏသီမင်း ခေါ်သည်ကို ပြာသာဒ်လေးဆောင် မြေသို့ မနိမ့်ရှိလေလျှင် နန္ဒကုမာရကို ခေါ်ပါလော့ ဆို၍ နန္ဒကုမာရခေါ်လေသော် လေးဆောင်သော ပြာသာဒ်တို့သည် ဝါဂွမ်းလဲပွင့်ကျသကဲ့သို့ နန္ဒကုမာရ ရှေ့သို့ ရောက်လာ၍ နန္ဒကုမာရက ပြာသာဒ် လေးဆောင်ယှဉ်လျက် တင်ဆောင်ပြန်လေ၏။

ဗာရာဏသီမင်းတွင်လည်း သားမြေးမရှိ၍ သား၏ အမှတ်ဖြင့် ကြာနတ်သမီးလေးယောက်နှင့်တကွ နန္ဒကုမာရကို ငါနှင့်အတူ တိုင်းပြည်ရွာကို အုပ်ချုပ်စောင်မ၍ ငါ၏ ကိုယ်စားဖြစ်စေ နှင်းအပ်၏။ ဗာရာဏသီမင်း မရှိသည့်နောက် နန္ဒကုမာရ မင်းဖြစ်လေလျှင် ဗာရာဏသီမင်း၏ညီ ကောသမ္ဗီမင်း၏ သမက်ဖြစ်သော သုဒတ္တလည်း နန္ဒကုမာရကို အကြိမ်ကြိမ် လုပ်ကြံသည်။ အလိုမပြည့် ရှိလေ၏။ နန္ဒကုမာရမင်း၏ ဘုန်းသမ္ဘာကြောင့် ရုက္ခစိုးနတ်တို့ ကုမုဒြာ ကြာရိုး၊ ကြာနွယ်၊ ကြာရွက်၊ ကြာမုံ၊ ကြာပွင့်၊ ကြာချပ်၊ ကြာယပ်တို့ကို ဆောင်ယူ၍ တစ်နေ့မပြတ် နန်းဦး၌ စုပုံဆက်ထားလာ၏။ ဟိမဝန္တာ တောစပ်၌ နားနေခဲ့ဖူးသော ညောင်ပင်၌



www.burmeseclassic.com

www.burmeseclassic.com



ညောင်စောင့်နတ်တို့လည်း ညောင်ညွန့် ညောင်ရွက်တို့ကို တစ်ရက်မကင်း ကုမုဒြာ ကြာပန်းနှင့်အတူ ဆက်ပို့စုပုံလာ၏။

နန္ဒကုမာရမင်းလည်း ကုမုဒြာကြာပန်းကျေးဇူးကြောင့် မင်း၏ အဖြစ်ကို ရခြင်း၊ ဘေးအန္တရာယ်ကင်းခြင်း အကြောင်းအကျိုးကို အောက်မေ့ဆင်ခြင်၍ ထိုကြာရွက်တို့ကို ပတ်လည်ဆွဲထားလျက် ညောင်ညွန့်၊ ညောင်ရွက်တို့ကိုလည်း ကြာချပ်၊ ကြာယပ်၌ ချပ်ကာ ချပ်ကာ ဆွဲထားရ၏။ တစ်နေ့မပြတ် တစ်ရက်မကင်း လဲလှယ်ရသည်။ "သူကောင်းဖြစ်ရာ၊ ချက်မြှုပ်ရာ၊ မိဘတို့ အရပ်ဌာန သုံးပါးသောအရပ်ကို မမေ့အပ်" ဆိုသည်နှင့်အညီ လေးနွယ် လေးမြွာ လေးဖြာသော ကြာရိုးတို့ကို အခြေပြု၍ ခေါင်းရင်းက ကြာရွက်အဖျားလိပ်သည့် သင်္ကာန်၊ ခြေရင်းက ကြာရွက် အရင်းသင်္ကာန်နေရာ ပြု၍ အိပ်၏။ ထိုနေရာကို အခြားနေရာထက် သာလွန်မြတ်နိုးသည် ဖြစ်သောကြောင့် "သာလွန်နေရာ" သမုတ်သည်။ ရှည်လျားသဖြင့် "သလွန်" ဟု ခေါ်ဝေါ်လေသည်။ နောက်နောက်မင်းတို့လက်ထက် သစ်ပျဉ်၊ ရွှေ ငွေ အစရှိသည်တို့ကို လုပ်လေသည်။

မျက်နှာကြက် ကြာယပ်မှာလည်း နောက်နောက်မင်းတို့လက်ထက် ရွှေဖျင်၊ ငွေဖျင်၊ ပိတ်ရမထီး ခါသာ၊ ပင်





ကလာ အစရှိသည်တို့ကို ကုမုဒြာ ကြာချပ်၊ ကြာယပ် သင်္ကာန် ထုလုပ်၍ မျက်နှာကြက် ကြာယပ်သုံးဆောင်လေသည်။ ထိုညောင်ရွက်သင်္ကာန်လည်း ရွှေအစရှိသည် ညောင်ရွက်လုပ်၍ ဆွဲထားလေသည်။ ကြာရိုး၊ ကြာရွက်၊ ကြာပွင့်၊ ကြာချပ်၊ ညောင်ရွက်၊ ညောင်ခက်၊ ညောင်ညွန့် အစရှိသည်များကို သုံးဆောင်ပြုလုပ်သည် ဖြစ်၍ "သလွန် ညောင်စောင်း"ခေါ်ဝေါ်လေသည်။ အစဖြစ်ရင်း ကြာညောင်ရွက်ကို အစွဲပြု၍ ရှေးစာဟောင်းများတွင်....

"ဝန်းရှက်ကြာညောင်၊ လရောက်ပြက်ကာ၊ မွေ့ရာ
ကြက်ရုံး၊ သဇင်အုံးထက်" ဟူ၍ လည်းကောင်း၊
"သလွန်ကြာညောင်၊ ခမ်းသာချောင်ဝယ်၊ ကိုယ်
ရောင်နှင့်သာ၊ ဆိမ်းပါဟု...." ဟူ၍ လည်းကောင်း
စပ်ဆိုသည်များကို တောက်၍ သိရသည်။

သည်မှတစ်ပါးလည်း ကြာညောင်ကို အစပ်အဟပ် အများရှိသည်။ သူကောင်းဖြစ်ရာ၊ ချက်မြှုပ်ရာ၊ မိဘတို့ အရပ်သုံးပါးကို မမေ့သင့် မမေ့ရာ ဆိုခဲ့သည့်အတိုင်း ပညာရှိတို့ စပ်ဆိုသည်မှာ ....

သုံးဆင့်ရပ်ရွာ၊ မမေ့ရာဟု၊ စဉ်လာဆိုမှု၊ ထုံးတန္တ...
ဟု စပ်ဆိုလေသည်။

ညောင်ရွက်ကို လှုဇရွဲ ခေါ်သည်မှာ.... ရာမညတိုင်းသားတို့သည် အရွက်ကို 'လှု' ခေါ်သည်။ ညောင်ကို 'ဇရွဲ'ခေါ်သည်။ ညောင်ရွက်ပင် ဖြစ်သည်။ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း အချက်ချက်ကို ယောက်သဖြင့် ယူဖွယ်ယူသင့် ဆိုရန် ဆိုခွင့်ရှိလေသည်။ ရခိုင်ရာဇဝင်တွင် တောက ရစ်သတ္တဝါ ကိုရ၍ ကြာရိုး ကြာရွက်တို့ကို အမိုးအကာ ပြုသည်။ ကြာပွင့် ကြာချပ်တို့ကို ပတ်လည်ဆွဲထား၍ မုဆိုးယူခဲ့သည်တို့ကို အစွဲပြုသဖြင့် ကြာယပ် လုပ်ဆောင် ခေါ်ဝေါ်သည် ဆိုသည်။

ဗေဒသာခ်ယာ
ရွှေဘုံနိဒါန်း၊ ပိုဒ်ရေ (၄၉)

## ယှဉ်တွဲလေ့လာရန် ( ၂ )

. . . သဟမ္ပတိဗြဟ္မာမင်း တရားဟောရန် တောင်းပန်သောအခါ မြတ်စွာဘုရားသည် (၁) ဗြဟ္မာမင်း၏ တောင်းပန်ခြင်းတည်းဟူသော ဗာဟိရနိဒါန်း၊ (၂) ကိုယ်တော်မြတ်၏ သတ္တဝါတို့၌ သနားကြင်နာတော်မူခြင်း မဟာကရုဏာတည်းဟူသော အဇ္ဈတ္တိက နိဒါန်း ဤနိဒါန်းနှစ်ရပ်ပြည့်စုံပြီး ဖြစ်လတ်ရကား အာသယာနုသယဉာဏ်၊ ဣန္ဒြိယပရောပရိယတ္တဉာဏ် နှစ်ပါး တည်းဟူသော ဗုဒ္ဓစက္ခုအစုံဖြင့် သတ္တလောကကို ကြည့်ရှုတော်မူလေသည်။





ထိုသို့ ကြည့်ရှုတော်မူသော အခါ ကြာညိုတော၊ ကြာနီတော၊ ကြာဖြူတောဝယ် ရေ၌ဖြစ်ပွား၊ ရေမှာပင် ကြီးထွား၍ ရေအတွင်း၌ မြုပ်ကာ ဖွံ့ဖြိုးကြီးပွားလျက်ရှိသော ကြာ တစ်မျိုး (၁)၊ ရေ၌ဖြစ်ပွား ရေမှာပင်ကြီးထွား၍ ရေမျက်နှာပြင်နှင့်အညီ တည်ရှိသော ကြာတစ်မျိုး (၂)၊ ရေ၌ဖြစ်ပွား ရေမှာပင်ကြီးထွား၍ ရေမှ အထက်သို့ စွင့် စွင့် တက်တည်ရှိကာ ရေနှင့် မလိမ်းကျံ မကပ်ငြိသော ကြာတစ်မျိုး (၃)၊ (ထိုကြာသုံးမျိုးတို့ အနက် ၃- အမှတ်ပါ ရေမှ အထက် စွင့်စွင့်တည်နေသော ကြာတို့ကား ယနေ့ပွင့်မည့် ကြာများ ဖြစ်သည်။ ၂- အမှတ်ပါ ရေမျက် နှာပြင်နှင့် တညီတည်း တည်နေသော ကြာတို့ကား နက်ဖြန် (နောက်တစ်နေ့) ၌ ပွင့်မည့် ကြာများဖြစ်သည်။ ၁- အမှတ်ပါ ရေအတွင်း၌ မြုပ်ကာ ဖွံ့ဖြိုး ကြီးပွားလျက် ရှိသော ကြာတို့ကား တတိယနေ့(သန်ဘက်ခါ)၌ပွင့်မည့် ကြာများဖြစ်သည်။) ထိုကြာသုံးမျိုးမှ အလွတ်ဖြစ် ၍ ရေမှ အထက် လုံးဝ မပေါ်တက်တော့ဘဲ ပွင့်လည်း မပွင့်တော့ဘဲ ငါးစာလိပ်စာ ဖြစ်ရမည့် အနာရောဂါ မကင်းသော ကြာတစ်မျိုး (၄)။ ဤကြာလေးမျိုးတို့နှင့် အတူ ပညာမျက်စိ၌ ကိလေသာ မြူမှုန် ကင်းစင်နည်းပါးသော သတ္တဝါ၊ ပညာမျက်စိ၌ ကိလေသာ မြူမှုန် များပြားသော သတ္တဝါ၊ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေတည်းဟူသော ဣန္ဒြေငါးပါး ထက်မြက် ရင့်ကျက်သော သတ္တဝါ၊



www.burmeseclassic.com

www.burmeseclassic.com



ထိုကြာငြွေငါးပါးနုန့်နှေး နုနယ်သော သတ္တဝါ၊ သဒ္ဓါ အစရှိသော အခြင်းအရာ ကောင်းသော သတ္တဝါ၊ မကောင်းသော သတ္တဝါ၊ ဟောအပ်သော တရားကို သိလွယ်မည့် သတ္တဝါ၊ သိနိုင်ခဲမည့် သတ္တဝါ၊ ခန္ဓာ စသော လောကနှင့် ကိလေသာတရား၊ ဒုစရိုက်တရား၊ အဘိသင်္ခါရတရား၊ ဘဂဝါမိကံတရား ဤအပြစ်များကို သန်လျက် ချိမိုး၍ ထိုးခုတ်အံ့သော ရန်သူယောက်ျားပမာ ကြောက်လန့်မှု ဘေးအစုဟု ရှုမှတ်လျက်နေသော သတ္တဝါ၊ ထိုသို့ မနေသော သတ္တဝါတို့ကို ပိုင်းခြားသိမြင်တော် မူလေ၏။

(ဤ၌ မြတ်စွာဘုရားသည် ဗုဒ္ဓ စက္ခုဖြင့် လောကကို ကြည့်ရှုတော်မူသော အခါ (၁ ရေမှ ပေါ်တက်၍ နေထွက်လျှင် ထွက်ချင်းယနေ့ပင်ပွင့်မည့် ကြာများကဲ့သို့ အကျဉ်းမာတိကာ ဥဒ္ဒေသမျှ ဟောလိုက်လျှင်ပင် သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြမည့် ဥဂ္ဃဋိတညူပုဂ္ဂိုလ်၊ (၂) ရေ မျက်နှာပြင် နှင့်အညီ တည်နေကာ နက်ဖြန်ပွင့်မည့် ကြာများကဲ့သို့ အကျဉ်းမာတိကာ ဥဒ္ဒေသကို ကြားနာရုံဖြင့် ကျွတ်တမ်းမဝင်သေးဘဲ ထိုမာတိကာ ဥဒ္ဒေသကို အကျယ်ဝတ္ထာရနိဒ္ဒေသ ပဒဘာဇနီချဲ့ထွင်၍ ဟောမှ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြမည့် ဝိပဉ္စိတညူ ပုဂ္ဂိုလ်၊ (၃) ရေအတွင်း၌ နစ်မြုပ်ကာ ဖွံ့ဖြိုး ကြီးပွားလျက် တတိယနေ့





(သန်ဘက်ခါ) မှ ပွင့်မည့် ကြာများကဲ့သို့ တရားတော်တို့ အကျဉ်းအကျယ်နာရသော်လည်း ထိုတစ်ထိုင်တည်း၌ ကျွတ်တမ်းမဝင်သေးဘဲကလျာဏမိတ်ဆွေတို့ကိုမှီဝဲကာ ထိုတရားကို အဖန်ဖန်ပွားများ လေ့လာနှလုံးသွင်း၍ နောက်ရက် နောက်လ နောက်နှစ်တို့သို့ရောက်မှ သစ္စာလေးပါးတရားသိမြင် ကျွတ်တမ်းဝင်ကြမည့် နေယျပုဂ္ဂိုလ်၊ (၄)ရေမှအထက်သို့ တက်လည်းမတက်၊ ပွင့်လည်းမပွင့်တော့ဘဲ ရေထဲမှာပင် ငါးစာလိပ်စာဖြစ်ရမည့် အနာအဆာ မကင်းသော ကြာမျိုးကဲ့သို့ ယခုဘဝ မည်မျှပင် တရားကို နာယူလေ့လာပွားများသော်လည်း မဂ်ဖိုလ်တို့မရဘဲ နောက်နောက်ဘဝတို့အတွက် တရားအထုံ ဝါသနာပါရုံမျှ အကျိုးရှိ၍ ကိလေသာတည်းဟူသော ငါး လိပ်တို့၏ အစာဖြစ်ကာ ဘဝဆုံးရသော ပဒပရမပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ် လေးမျိုးတို့ကို အစုလိုက် အစုလိုက် မြင်တော်မူလေသည်။

ထိုသို့ မြင်တော်မူပြီးသော အခါ မြတ်စွာဘုရားသည် ထိုပုဂ္ဂိုလ် လေးမျိုးတို့အား ဆိုင်ရာအကျိုးကို သည်ပိုးရွက်ဆောင်နိုင်မည့် တရားဒေသနာကို ကောင်းစွာ ဆင်ခြင် သိမြင်တော်မူ၍ တရားဟောဖို့ရန် ထက်သန်သော ဆန္ဒတော်ဖြင့် ဖြစ်ပေါ်တော်မူပြီးနောက် တစ်ဖန်.... ဘဲ့သို့ပါ၍ ရှိသမျှ ဥသုံ အလုံးစုံသော သတ္တဝါတို့ကို ကျွတ်ထိုက်သော ဘဗ္ဗပုဂ္ဂိုလ်



www.burmeseclassic.com

www.burmeseclassic.com



မကျွတ်ထိုက်သော အဘဗ္ဗပုဂ္ဂိုလ်ဟူ၍ နှစ်စု နှစ်ပုံ ခွဲဝေဆင်ခြင်တော်မူလေ၏။ ထိုပုဂ္ဂိုလ်နှစ်မျိုးတို့တွင်လည်း အဘဗ္ဗပုဂ္ဂိုလ်တို့ကို ဖယ်ရှားမဆင်ခြင် မစဉ်းစားတော့ဘဲ ကျွတ်ထိုက်သော ဘဗ္ဗပုဂ္ဂိုလ်တို့ကိုသာ ရွေးချယ်တော်ဖြင့် သိမ်းဆည်းယူငင်တော်မူပြီးလျှင် ရာဂစရိုက် ထူပြောသော သတ္တဝါတို့ကား ဤမျှတို့တည်း။ ဒေါသစရိုက် ထူပြောသော သတ္တဝါတို့ကား ဤမျှတို့တည်း။ မောဟစရိုက်ထူပြောသော သတ္တဝါတို့ကား ဤမျှတို့တည်း။ ဝိတက်စရိုက် ထူပြောသော သတ္တဝါတို့ကား ဤမျှတို့တည်း။ သဒ္ဓါစရိုက်ထူပြောသော သတ္တဝါတို့ကား ဤမျှတို့တည်း။ ပညာစရိုက် ထူပြောသော သတ္တဝါတို့ကား ဤမျှတို့တည်းဟု ခြောက်ပုံခြောက်စု ပြုတော်မူပြီးလျှင် "ငါကား တရားကိုဟောတော့အံ့"ဟု ကြံစည်တော်မူလေ၏။

တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ
မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ စာ- ၄၀၇ - ၄၀၉



## ကိုးကားကျမ်းများ

၁။ ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ ပါဠိတော် မြန်မာပြန်၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၆၆ ခု၊

၂။ မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသ ပါဠိတော် မြန်မာပြန်၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက် ၁၉၆၀ ခု၊

၃။ သံယုတ္တနိကာယ်၊ ဝေဒနာ သံယုတ် ပါဠိတော် မြန်မာပြန်၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၆၀ ခု၊

၄။ အင်္ဂုတ္တရနိကာယ်၊ မဟာဝဂ်၊ တိကနိပါတ်ပါဠိတော် မြန်မာပြန်၊မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၆၀ ခု၊

၅။ ခုဒ္ဒကနိကာယ်၊ သုတ္တနိပါတ် ပါဠိတော် မြန်မာပြန်၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၆၆ ခု၊

၆။ ထေရဂါထာ ပါဠိတော်နှင့် ထေရီ ဂါထာ ပါဠိတော် မြန်မာပြန်၊မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၇၀ ခု၊



www.burmeseclassic.com

www.burmeseclassic.com




၇။ မိလိန္ဒပဉှာ(နိဿာန ရှုပ သဏ္ဍာနပဉှာ) ပါဠိတော် မြန်မာပြန်၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၈၄ ခု၊

၈။ ဇော်ဂျီ၊ ကြာဖူး၊ ကြာပွင့်၊ အပြောက်အမွမ်း (ဆောင်းပါး)၊ ရှုမဝ မဂ္ဂဇင်း ၁၉၅၃ ခု၊ ဖေဖော်ဝါရီ၊ အတွဲ ၄၊ အမှတ် ၄၅၊

၉။ ညောင်ကန်ဆရာတော်၊ ငါးရာငါးဆယ်ဇာတကာ၊ ရန်ကုန်မြို့၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊

၁၀။ တိုက်စိုး၊ ကြာ၊ ရှုမဝ မဂ္ဂဇင်း။

၁၁။ နဝဒေး၊ နဝဒေး ရတုပေါင်းချုပ်၊ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၆ ခု၊

၁၂။ မဟာစည် ဆရာတော်၊ ရှစ်ဖြာမဂ္ဂင် နိဗ္ဗာန်ဝင် တရားတော်၊ မန္တလေးမြို့၊ ရတနာပုံ ဝိပဿနာ အသင်း၊ ၁၉၇၇ ခု၊

၁၃။ မဟာစည် ဆရာတော်၊ ဝိသုဒ္ဓိမဂ် မြန်မာပြန် (စတုတ္ထတွဲ)၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၇၁ ခု၊

၁၄။ မဟာသီလဝံသ၊ ရှင်၊ ပါရာယနဝတ္ထု၊ ရန်ကုန်မြို့၊ ဟံသာဝတီ ပုံနှိပ်တိုက်၊

၁၅။ မင်းသုဝဏ်ရှိသေသဒ္ဓါထိုးစည်လာမြင့်(ဆောင်းပါး) ရှုမဝ မဂ္ဂဇင်း၊ ၁၉၅၈ ခု၊ ဇွန်လ၊

၁၆။ မင်းသုဝဏ်၊ ဗုဒ္ဓ ဆင်းတုတော် လေ့လာချက်၊ စာပဒေသာ စာစောင်၊ စာပေဗိမာန်၊

၁၇။ မောင်ကြီး၊ ဦး(လယ်တီပဏ္ဍိတ) သမ္မာဒိဋ္ဌိ ဒီပနီ၊ ရန်ကုန်မြို့၊ ဟံသာဝတီ ပုံနှိပ်တိုက်၊ (၁၉၆၁) ၁၃၂၃၊

၁၈။ မောင်ကြီး၊ ဦး(လယ်တီပဏ္ဍိတ) ယမိုက်အဖြေကျမ်း၊ ရန်ကုန်မြို့၊ ဇမ္ဗူမိတ်ဆွေ ပုံနှိပ်တိုက်၊ ၁၃၀၂၊

၁၉။ မြ၊ ဦး၊ သီရိပိုုံချို၊ အပယ်ရတနာလိုဏ်ဂူဘုရား (ပထမတွဲ)ရန်ကုန်မြို့၊ ပြည်ထောင်စုယဉ်ကျေးမှုဌာန၊ ရှေးဟောင်းသုတေသန ဌာနခွဲ၊

၂၀။ ဝိစိတ္တသာရာဘိဝံသဦး၊ (တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက) မဟာဗုဒ္ဓဝင် (ပထမတွဲ) မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၇၁၊

၂၁။ သန်းထွန်း၊ ဒေါက်တာ၊ ခေတ်ဟောင်း မြန်မာ ရာဇဝင်၊ရန်ကုန်မြို့၊ မဟာဒဂုံစာပေထုတ်ဝေရေး၊ ၁၉၆၉၊

၂၂။ အရိယာဝံသ၊ အသျှင်၊ အာဒိစ္စရံသီ၊ ရွှေတိဂုံ သမိုင်းတော်သစ်၊ ရန်ကုန်မြို့၊ ၁၂၅၅၊

၂၃။ Fabri, C. L., "Discovering India Sculpture: A Brief History" New Delhi, East-West Press PVT, LTD 1970.

၂၄။ Hundley, H. G., and Chit Ko Ko, U, "The List of Trees, Shrubs Herbs

www.burmeseclassic.com



and Principal Climbers, Etc, " Yangon. Union of Myanmar, 1961.

၂၇။ Katen, T. E., "Doing Philosophy" New Jersey, Perntice Hall, INC, Englewood Cliffs.

၂၈။ Majumdar, C. R., "Ancient India" Banaras, Motital Banarsidess, 1952.

၂၉။ Prasad, Ishwari "A New History of India" f Allahabad, Indian Press (Publications) PRIVATE LTD. 1957.

၂၈။ Ray, N., "An Introduction To the Study of Tharavada Buddhism In Burma" University of Calcutta. 1946.

၂၉။ Rhys Davids, T. W., "Buddhist India" Calcutta, Susil Gupta (INDIA) LTD. 1955.

၃၀။ Rowland, B., "The Ajanta Caves" New York, The New American Library of World Literature, INC. 1963.

၃၁။ "The Art and Architecture of India. (Buddhist Hindu and Jain).

၃၂။ Smith, V. A., "The Oxford History of India" Oxford University Press, 1958.



## အကြောင်းအရာစဉ် အညွှန်း

(က)

ကမလကြာ ၇
တာယနုပဿနာ ၈၅
တိလေသာစင်ကြယ်ခြင်း၏ သင်္ကေတ ၁၃
တိလေသာစင်ကြယ်သူ ၁၃
တိလေသာတို့ငြိမ်းရာနိဗ္ဗာန် ၅၇၊ ၅၈
တုမုဒ ၆
တုံဝလယကြာ ၈
တံ ၆၅၊ ၆၆၊ ၆၇၊ ၈၁၊ ၈၂
တံနှင့်ကံ၏အကျိုးတို့ရှိသည်ဟု ခံယူသောဝါဒ ၅၆
တံ၏အကျိုးပေး ၈၂
တောင်းခြင်းသဘော ၇၁
တမ္ဘာဦးကတည်းကပေါ်ခဲ့သောပန်း ၁၃
ကမ္မဿကတာသမ္မာဒိဋ္ဌိ ၅၆
ကမ္မဿကတာဝါဒ ၈၁၊ ၈၃
ကိုယ်ကျင့်တရားဆိုင်ရာပြဿနာ ၇
ကြာကိုလှူဒါန်းခြင်းနှင့် ရရှိခဲ့သောအကျိုးများ ၉၂
ကြာခေါင်းလောင်း ၇
ကြာညို ၇
ကြာနီ ၇
ကြာနု ၄၉
ကြာနှင့်ပတ်သက်သောရေးခြယ်ထုလုပ်ခြင်းဆိုင်ရာအနုပညာ ၄၆
ကြာပတ်ခေါင်း ၄၉
ကြာပန်းရသည့်နိမိတ် ၅၃
ကြာပန်းရောင် ၇



www.burmeseclassic.com

www.burmeseclassic.com




ကြာပုံ ၅၁
ကြာပြာ ၇
ကြာပွင့်ပေါ်တွင် ထိုင်နေသော ရုပ်ပုံ ပါရှိသည့် တံဆိပ် ဝိုင်းများ ၁၀
ကြာဖြူ ၇
ကြာဘီလူးဆွဲ ၄၉
ကြာမျိုးငါးပါး ၇
ကြာမှောက် ၁၅၊ ၄၈
ကြာလန် ၄၈
ကြာအဝါ ၈
ကြိုးကိုင်ပြဋ္ဌာန်းပေး သူ ၆၆
ကြမ္မာဝါဒ ၆၇၊ ၆၈၊ ၇၅

(ခ)

ခဏတိုင်း၌ ရှိနေဖြစ်နေ သော ဘဝ၏ အတွေ့အကြုံ အဖြစ်အပျက် ၈၆
ခေါင်းလောင်း ၄၉
ခန္တီပါရမီ ၃၂
ချရှားသီး ၄၉၊ ၅၁
ခြောက်ဆယ့်နှစ်ပါး သော အယူဝါဒ များ ၅၇

(ဂ)

ဂုတ္တခေတ် ၃၅၊ ၃၇

(င)

ငှက်ပျော်ဖူး ၅၁

(စ)

စကြာပုံများ ၁၇
စေတီဆိုင်ရာ မြန်မာ့ ပိသုကာ ၄၉
စိတ္တာနုပဿနာသတိ ပဋ္ဌာန် ၈၆
စိတ်နှင့် ရုပ်ဆက်သွယ် မှု ၇၀
စိတ်အခြေခံဝတ္ထု ၈၉
စွမ်းအင် ၆၈





(ဆ)

ဆင်းရဲသောတရား များ ၉၀
ဆဒ္ဒန်ဆင်မင်းဇာတ် ၃၂
ဆန်ချီထူပါ ၁၇

(ည)

ညီညွတ်မှုကြိုတင်ပြင်ဆင် မှု အခြေခံသဘော တရား ၆၈၊ ၇၀၊ ၇၅

(တ)

တကယ်စစ်မှန်သော ရုပ်တို့၏ သဘာဝ ၈၈
တရားမှန်တို့ လှည့်လည် ခြင်း ၅၅
တရားဦးဟောခြင်းကို ရည်ညွှန်းခြင်း ၁၇
တရားဦးဟောခြင်း၏ သင်္ကေတ ၂၇
တိဘင်္ဂအမူအရာ ၃၇
တူရိုက်တိုင်များ ၁၇
တောကြာ ၇

(ထ)

ထာဝရတူရား၏ ကျွမ်းကျင်မှု ၇၁
ထာဝရအခြေခံများ ၇၀
ထူပါရုံစေတီများ ၁၅
ထေရဝါဒ ၈၅

(ဒ)

ဒါနပါရမီ ၃၂
ဒီပင်္ကရာမြတ်စွာ ဘုရား ၂၇
ဒြာဗီးဒီးယန်းလူမျိုး ၁၀

(န)

နလိနကြာ ၈
နာမရူပပရိစ္ဆေဒ ဉာဏ် ၈၇၊ ၈၉
နင်ဖီအာအယ်လ်တာ ၉
နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ရုံးတံဆိပ် ၁၄
နိဗ္ဗာန် ၉၇၊ ၉၈၊ ၉၉
နိဗ္ဗိန္ဒာဉာဏ် ၉၃
နိဗ္ဗာန်၏သင်္ကေတ ၉၉






www.burmeseclassic.com

www.burmeseclassic.com



(ပ)


ပညာရှိ ၁၊ ၂၊ ၃
ပညာရှိခြင်း၏
သင်္ကေတ ၃
ပဋိသန္ဓိဉာဏ် ၉၄
ပဒုမကြာ ၇
ပဒုမပါဏိ ၃၅၊ ၇၇
ပဒုမ္မာ ၆၊ ၇
ပဒုမ္မာကြာ ၅၈
ပဒုမ္မာသန ၁၀
ပဓာနကျသော အား ၆၉
ပယောဂသမ္ပတ္တိ ၈၁
ပရမတ္ထမ ၁၀
ပရမတ္ထစိတ်သဘာဝ ၈၈
ပရမတ္ထရုပ်သဘာဝ ၈၉
ပရိနိဗ္ဗာန်စံယူခြင်းကို
ညွှန်းဆိုသော
သင်္ကေတ ၁၇
ပရိသတ် ၄-ပါး၌
ရဲရင့်တည်ကြည်စွာ
ရင်ရောက်နိုင်ခြင်း
ဟူသော ဂုဏ် ၁၇
ပစ္စယပရိဂ္ဂဟဉာဏ်စဉ် ၉၀
ပဏ္ဍုပွန်ကာ ၇၈၊ ၇၉
၈၀၊ ၈၁
ပတ်ဝန်းကျင်အခြေ
အနေများကြောင့်
လည်းဖြစ်နိုင်
ကြောင်း ၆၃
ပုဏ္ဍရိတ်ကြာ ၆၊ ၇
ပုဗ္ဗနိမိတ် ၁၄
ပုဇ္ဇေကတပေါ်ဟုဒိဋ္ဌိ ၅၈
၆၀၊ ၆၂
ပုဇ္ဇေကတဟေတု
ဝါဒ ၆၇၊ ၇၇၊ ၇၈၊ ၈၂
ပွင့်ချပ်တစ်ထောင်
ရှိသော ကြာ ၁၀
ပွင့်ဖတ် ရှစ်ခုရှိသော
ကြာ ၅၁


(ဖ)


ဖုဿမြတ်စွာဘုရား ၂၈
ဖောင်းမ ၄၉
ဖောင်းရစ် ၄၈၊ ၄၉
ဖောင်းလုံး ၄၉
ဖန်ဆင်းရှင် ၆၃၊ ၆၄၊ ၆၅







ဖုံးကွယ်သောအသိ
ရှိသောအား ၆၉


(ဗ)


ဗညားကျန်းတော ၄၉
ဗီဇကောင်းသောအကျင့်
ကောင်းခြင်း၏
သင်္ကေတ ၄
ဗောဓိသတ္တ ၃၅၊ ၅၁
ဗစ်တိုးရီးကြီးယား ၉
ဗုဒ္ဓ ပရိနိဗ္ဗာန်စံခြင်းကို
ညွှန်းဆိုသော ထူပါရုံ
စေတီပုံ ၁၉
ဗုဒ္ဓ ဖြစ်တော်စဉ်
များကို သင်္ကေတ
ဖြင့်ဖော်ပြသော
လက်ရာများ ၁၇
ဗြဟ္မာ ၁၀
ဗြဟ္မန် ၁၀


(ဘ)


ဘယဉာဏ် ၉၂၊ ၉၄
ဘုရားငါးဆူပွင့်
မည့် ပုဗ္ဗနိမိတ် ၁၄
ဘုရားအဖြစ်ရတော်မူ
ခြင်းကို ညွှန်းဆိုသော
သင်္ကေတ ၁၇
ဘုရားအဖြစ်
ရောက်တော်မူခြင်း
ကို ညွှန်းဆိုသော
ဗောဓိပင်ပုံ ၁၇
ဘုရားအလောင်း
တော်မွေးဖွားခြင်းကို
ရည်ညွှန်းသော
ကြာပုံ ၁၇
ဘေးအန္တရာယ်ကင်း
ခြင်းနှင့် ပတ်သက်
သော အထိမ်းအမှတ် ၅၃
ဘင်္ဂဉာဏ် ၉၂
ဘဒ္ဒကမ္ဘာ ၁၄၊ ၂၆


(မ)


မကောင်းမှု၊ ၇၂၊ ၇၃၊ ၇၄

မကောင်းမှုကင်း
သောမင်း ၃၄
မမြဲသော တရားများ ၉၀
မမှန်သော အကြောင်း
ကိုစွဲလမ်းခြင်း ၆၆
မဟာဗြဟ္မာ ၆၆
မဟောသဓ ၃၂၊ ၃၃
မိမိကိုယ်ကို နိုင်မြဲ
တည်တံ့အောင်
ဆောက်တည်ခြင်း ၈၀
မိုနဒ် ၆၈၊ ၆၉၊ ၇၀၊၇၁
မက္ခလိဂေါသာလ ၆၇၊၆၈
မဂ္ဂင်ရှစ်ပါး ၅၅
မဂ္ဂင်ရှစ်ပါးကို ညွှန်း
ဆိုသော သင်္ကေတ ၅၅
မင်္ဂိုလ်ဉာဏ်ပညာ၏
သင်္ကေတ ၁၃
မင်းကံစီ ၅၃
မင်္ဂလာရှိခြင်း၏
သင်္ကေတ ၁၁

မင်းတို့အတွက်
အကျင့်သီလ
စင်ကြယ်ခြင်း
၏ အထိမ်းအမှတ် ၃၄
မုဋ္ဌတုကမျှတာဉာဏ် ၉၃
မြန်မာ့အစဉ်အလာမူ ၄၈
မြန်မာ့စေတီ ၄၈

(ယ)

ယောဂကျင့်စဉ် ၁၀
ယုံမှားသံသယများ ၉၀

(ရ)

ရဟန္တာပုဂ္ဂိုလ် ၅၃
ရာဇာဓိရာဇ် အရေး
တော်ပုံကျမ်း ၅၁
ရဲစွမ်းသတ္တိ၏
အထိမ်းအမှတ် ၅
ရုပ်နှင့်နာမ်တို့၏
သဘာဝအမှန် ၈၃
ရွှေကံ ၈၀







ရှေးကံကြောင့်ချည်းသာ
ဖြစ်သည်ဟု ဆိုသော
သူတို့၏စကား ၆၃
ရွှေတိဂုံစေတီ ၄၉
ရွှေထီး ၄၉

(လ)

လူ့လောက တိုးတက်
ရေးအတွက်လိုအပ်
သော အရာများ ၇၄
လူမိုက် ၁၊ ၂
လောကကို အစိုးရ
သူ ၆၃၊ ၆၄၊ ၆၅
လောကကြီး၏ မူလအစ ၁၀
လောကအောင်မြင်
တိုးတက်မှု ၇၈
လိုက်ဗ်နစ်စ် ၆၈၊ ၆၉
လွတ်လပ်စွာရွေးချယ်
လုပ်ဆောင်မှု ၇၃
လုံလောက်သော
သမာဓိ ၈၆

(ဝ)

ဝေဒနာနုပဿနာ
သတိပဋ္ဌာန် ၈၆
ဝဏ္ဏဝုတ္တိသဘောဖြင့်
ညွှန်းဆိုသော
သင်္ကေတများ ၃၅
ဝိဇ္ဇာဉာဏ် ၁၃

(သ)

သတိပဋ္ဌာန်ကျင့်စဉ် ၈၅
သတိသမ္ပဇည ၈၅
သမာဓိ ၈၇
သီရိမေဃာသောက
မင်းကြီး ၁၄
သီရိနတ်သမီး ၁၁
သုမေဓာရှင်ရသေ့ ၂၆
သုမိတ္တာ ၂၆
သူတော် သူမြတ်တို့၏
အယူဝါဒ ၇၇
သူရဿတီ ၁၀


လှိုင်းသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com




သောဂန္ဓိကကြာ ၈
သံသရာ ၆၇
သင်္ခါရတို့၏အပြစ် ၉၃
သင်္ခါရုပေက္ခာဉာဏ် ၉၄
၉၅၊ ၉၆
သဏ္ဍာန် ပညတ် ၈၈၊ ၈၉
သဏ္ဍာန်ပညတ်
တတ်၍ ခွဲလမ်းမှု ၈၈
သမ္မသနဉာဏ် ၉၁
သုံ့ဂမိတ်မင်း ၅၃
သုံးဆစ်ချိုး (တိဘင်္ဂ)
အမှုအရာ ၃၇

(အ)

အင်္ဂီရိယ ၆၁၊ ၆၂
အကောင်းဆုံးသော
ကမ္ဘာကြီး ၇၂၊ ၇၃
အကောင်းအဆိုးကို
ခွဲခြားသိမြင်တတ်
သောအသိဉာဏ် ၇၃
အကောင်းအဆိုး
ဖြစ်စဉ် ၆၈

အကန့်အသတ်
ခံရသော
ရတနာ ၂၄
အကျင့်သီလ
စင်ကြယ်သူ ၃
အကျင့်သီလ
စင်ကြယ်ခြင်း၏
သင်္ကေတ ၃
အကြောင်းတရားကို
ပယ်သည့် ဝါဒ ၇၅
အခြေခံဝတ္ထု ၆၈
အစိုးရချင်သလို
မရနိုင်သော
တရားများ ၉၀
အဇ္ဈတ္တလိုက်ဂူ
ပန်းချီများ ၃၅
အပယ်ရတနာဘုရား ၃၅
အပြောက်အမွှမ်းများ
၄၇၊ ၄၈
အမရဝတီ ၁၅၊ ၁၆
အမရဝတီအနုပညာ
လက်ရာများ ၁၇







အမှန်တရား ၂၃၊ ၂၄
အရိမေတ္တေယျမြတ်စွာ
ဘုရားကို ညွှန်းဆို
သောသင်္ကေတ ၁၄
အရှမ ဝါဒ ၆၈
အရှင်ပဒုမ ပုဖ္ဖိယ
မထေရ် ၂၉
အဝိဇ္ဇာ ၁၃
အသောက
ကျောက်တိုင် ၁၅
အဟေတုကဒိဋ္ဌိ ၇၅
အာဒီနဝဉာဏ် ၉၃
အားမာန်၏ အထိမ်း
အမှတ် ၅
အောင်မြင်ခြင်း၏
သင်္ကေတ ၅
အိန္ဒိယအတွေးအခေါ်
ယဉ်ကျေးမှု ၄၆
အာရိယန်လူမျိုး ၁၀

(ဣ)

ဣရိယာပထပိုင်း ၈၅
ဣဿရနိမ္မာနဝါဒ ၆၆
၆၇၊ ၇၇၊ ၇၈၊ ၈၂

(ဤ)

ဤလောကမှ လွန်
မြောက်နေသူ ၂၃

(ဥ)

ဥဒယဗ္ဗယဉာဏ် ၉၁
ဦးခေါင်းတွင် ကြာပန်း
ကိုပန်ထားသော
အမျိုးသမီး
ရုပ်ထုများ ၁၀
ဥပ္ပလကြာ ၇
ဥပ္ပလဝဏ်ထေရီ ၃၁




www.burmeseclassic.com

www.burmeseclassic.com

## လှိုင်းသစ်စာပေမှ
## နန္ဒာသိန်းဇံ၏ ထွက်ရှိပြီး စာအုပ်များ

၁။ ဘဝအဓိပ္ပာယ်နှင့် ဘဝသစ္စာ (ဒသမအကြိမ်)

၂။ ကိုယ်ကျင့်တည်ကြည်ခြင်းနှင့် အဆင်မြင့်ခရီးစဉ် (သတ္တမအကြိမ်)

၃။ စိတ်အဆင့်ဆင့်မြင့်တက်ခြင်း သဘာဝ (ဒုတိယအကြိမ်)

၄။ အိုတွေးအခေါ်တို့ လွှင့်မျောခြင်းနှင့် လူ၏ ဆောက်တည်ရာ(စတုတ္ထအကြိမ်)

၅။ ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း (ဒသမအကြိမ်)

၆။ မိတ်ကောင်းဆွေကောင်းနှင့် ခရီးသွားခြင်း (တတိယအကြိမ်)

၇။ THROUGH LIFE'S PERILS

၈။ မှန်သောစကားကို ဆိုခြင်းနှင့် ပတ်သက်သော မှတ်ချက်များ (ဒုတိယအကြိမ်)

၉။ ဖြေဆည်ရာ

၁၀။ အသွင်သဏ္ဌာန်တို့၏ နောက်ကွယ်၌

၁၁။ စီးပွားရေး နှင့် စစ်ရေးပျူဟာ

၁၂။ အရိမဒ္ဒန မှ မေတ္တာမြင်ရန်တို့ ဝေပုံနေဆဲ ...


## လှိုင်းသစ်စာပေမှ နန္ဒာသိန်းဇံ၏ ထုတ်ဝေပြီးစာအုပ်များ




ဘဝအဓိပ္ပါယ်နှင့် ဘဝသစ္စာ
၃၅/၀၉(၁)




စီးပွားရေးနှင့် စစ်ရေးပျူဟာ
၂၅/၉၂(၂)



ခရောင်းလမ်းကိုဖြတ်ကျော်ခြင်း
၃၆/၀၉(၀)




မိတ်ကောင်းဆွေကောင်းနှင့် ခရီးသွားခြင်း
၅၅/၈၈(၁၁)